# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၄၅)

**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြုံ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်း အနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံး တို့သို့ ပျံ့နှံ့လိုင်ကြုံ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးစတင်

စာ » ၃




ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းမပေါ်ရှိ တာမွေအဝိုင်းထိပ်အနီး ရေကြီးရေလျှံနေသည့်မြင်ကွင်း

**ရန်ကုန် ဇွန် ၄**

ရန်ကုန်မြို့နေပြည်သူများ အသုံးပြုသွားလာရာ လမ်းများနှင့် ရပ်ကွက်အချို့တို့၌ ယနေ့ မွန်းလွဲ ၂ နာရီဝန်းကျင် ရွာသွန်းသော မိုးကြောင့် ညနေပိုင်းတို့တွင် ကားလမ်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်၍ လမ်းခရီးများ ပိတ်ဆို့မှုများဖြစ်ကာ ခရီးသွားပြည်သူများ အခက်အခဲကြုံတွေ့ခဲ့ရသည်။

"အရင်နှစ်တွေက ဒီနေရာရေလျှံမှု အနည်းကျဉ်းတော့ ဖြစ်ပါတယ်။ ဒါပေမယ့် အခုလောက်မဆိုးဘူး။ ဒီနှစ်က မိုးရွာတာလည်း သိပ်မကြာဘူး။ ပြောရရင် မိုးရေချိန်သိပ်မများဘူးလို့ ထင်တယ်။ ဒါတောင် ဒီနေရာမှာ မိုးရေလျှံမှုဖြစ်တာ ကြောက်စရာကောင်း လောက်အောင်ပဲ။ အလယ်လောက်မှာဆို လူပခုံးလောက်ထိရှိတယ်။ စီးဆင်းလာတဲ့ ရေတွေထဲမှာလည်း အမှိုက်သရိုက်တွေက အများကြီး။ လမ်းဘေးအိမ်တွေ ဒီလိုနေ့မျိုးမှာ မိုးရေနဲ့အတူ မျောလာမယ့် မြွေအန္တရာယ်တောင် ကြောက်ရတယ်။ နေ့ခင်း စရွာပြီး သိပ်မကြာဘူး ဒီမိုးရေတွေ အခုလို စုလာတာပဲ။

**သတင်းမြင်ကွင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ခင်ဆိုင်၊ ဓာတ်ပုံ - မင်းထက်(မြန်မာ့အလင်း)**

*စာမျက်နှာ ၉ ကော်လံ ၁* ❁



မြန်မာ့အလင်း

# အကြောက်တရားဖြင့် ခြောက်လှန့်မှုများ

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသ၏ လက်ရှိအခြေအနေမှာ အကြမ်းဖက်သတ်ဖြတ်မှုနှင့် ခြိမ်းခြောက်မှုများအောက်တွင် မတူညီသော လူ့အဖွဲ့အစည်းနှစ်ခုစလုံးတို့အတွင်း အကြောက်တရားများ ဖုံးလွှမ်းနေခြင်းပင်ဖြစ်သည်။ အကြမ်းဖက်သမားများ၏ အုပ်စုဖွဲ့သတ်ဖြတ်မှုများကြောင့် ပြီးခဲ့သည့် ခုနစ်လတာခန့်ကာလအတွင်း အပြစ်မဲ့သူ ၃၃ ဦး သေဆုံးခဲ့ရပြီး အခြား ၁၉ ဦးမှာလည်း ဖမ်းဆီးခေါ်ဆောင်ခြင်းခံရကာ ပျောက်ဆုံးနေဆဲဖြစ်သည်။

သတ်ဖြတ်မှုနှင့် ဖမ်းဆီးခေါ်ဆောင်မှုတို့၏ သားကောင်ဘဝ ကျရောက်ခံကြရသူတို့မှာ သတင်းမီဒီယာတို့၏ မေးမြန်းမှုများကို အမှန်အတိုင်း ဖြေကြားခဲ့သူများ၊ ရပ်ရွာအုပ်ချုပ်ရေးကို တာဝန်ယူဆောင်ရွက်ကြရသူများ၊ အကြမ်းဖက်သမားများနှင့် ပတ်သက်၍ တပ်မတော်နှင့် ရဲတပ်ဖွဲ့ထံသတင်းပေးသူများ၊ ကူညီသူများ စသည်ဖြင့် ဖြစ်ကြပြီး ပဋိပက္ခများကို ရှောင်ရှား၍ အေးချမ်းစွာနေထိုင်လိုသူ အပြစ်မဲ့သူများလည်း ဖြစ်သည်။ ၎င်းတို့သည် အကြမ်းဖက်သမားအုပ်စုများနှင့် လူမျိုးတူ၊ ဘာသာတူတို့ဖြစ်ကြသည့်တိုင်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် သတ်ဖြတ်ဖမ်းဆီးမှုများ၏ ဓားစာခံဖြစ်ခဲ့ကြရသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ အစွန်းရောက် စိတ်ဓာတ်ဖြင့် အကြမ်းဖက်လိုသူများမှာ ဒေသခံရွာသူရွာသားများအတွင်း ရောနှောနေသူများပင်ဖြစ်ကြပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပဋိပက္ခများ ချုပ်ငြိမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်သည့် အစီအမံလုပ်ငန်းစဉ်များကို အနှောင့်အယှက်ပြု ဖျက်ဆီးနေကြသူများလည်း ဖြစ်ကြသည်။ လူ့အဖွဲ့အစည်းတစ်ခုအား ၎င်းတို့လိုသလိုပုံသွင်း၍ ရည်မှန်းချက်တစ်ခုသို့ရောက်အောင် အကြောက်တရားဖြင့် ခြိမ်းခြောက်မောင်းနှင်နေကြခြင်းလည်း ဖြစ်သည်။

မကြာသေးမီကာလများအတွင်းက သတင်းမီဒီယာများတွင် အကြမ်းဖက်သမားများ၏ လက်နက်စုဆောင်းမှုများ၊ မေယုတောင်တန်းဒေသနှင့် ကျေးရွာများအတွင်းရှိ နေအိမ်ကြီးကြီးမားမားတို့တွင် အကြမ်းဖက်တိုက်ခိုက်မှု သင်တန်းပေးမှုများ၊ အကြမ်းဖက်သင်တန်းတက်ရန် စည်းရုံးမှု၊ လူစုဆောင်းမှုများ စသည်တို့ကို ဖော်ထုတ်ရရှိခဲ့သည့်သတင်းများက နောက်ထပ်အကြမ်းဖက်မှုတစ်စုံတစ်ရာ ထပ်မံပေါ်ပေါက် လာနိုင်သည့် အလားအလာများကို ညွှန်ပြနေခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများနှင့် အုပ်စုဖွဲ့တိုက်ခိုက်မှုများမှာ အရှေ့အလယ်ပိုင်းဒေသနိုင်ငံတစ်ခုတွင် အခြေစိုက်ထားသောအဖွဲ့တစ်ခုက နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အနောက်ဘက် အိမ်နီးချင်းနိုင်ငံတို့မှ အဖွဲ့များနှင့်လည်း အဆက် အစပ်များရှိနေကြောင်း ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် **International Crisis Group** ၏ သုတေသနစာတမ်းတစ်စောင်တွင် ဖော်ပြခဲ့သည်။ အဆိုပါစာတမ်း၌ပင် အာရေဗျ ဘာသာဖြင့် **Harakah al-Yaqin** ဟုခေါ်သည့် အကြမ်းဖက်အဖွဲ့၏ အဓိကရည်မှန်းချက်မှာ မောင်တောမြို့ကို ထိန်းချုပ်ကာ ဘူးသီးတောင်မြို့နှင့် အဆက်အသွယ်ဖြတ်ပြီး မေယုတောင်တန်းကို အခြေပြုသည့် စစ်ရေးတည်ဆောက်မှုကို ပြုလုပ်ရန်၊ ခံစစ်ကို အခိုင်အမာတည်ဆောက်ပြီးပါက ဘူးသီးတောင်မြို့နယ်၏ မြောက်ပိုင်းကို ဆက်လက်တိုက်ခိုက်ထိန်းချုပ်ရန်၊ အဓိကအကျဆုံး ရည်မှန်းချက်ဖြစ်သည့် ရသေ့တောင်မြို့နယ်အတွင်းရှိ ဒေသအချို့ကိုပါ ဆက်လက်ထိန်းချုပ်ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ထိန်းသိမ်းထားရန် ရည်ရွယ်ချက်ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် လူ့အဖွဲ့အစည်းနှစ်ရပ်အကြား အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် ဖြစ်သည်သာမက နိုင်ငံ၏လုံခြုံရေးနှင့် နယ်နိမိတ်တည်တံ့ခိုင်မြဲရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေခြင်းသာ ဖြစ်ပါကြောင်း။ ။



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇- ၂၀၁၈ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းအထိဆောင်ရွက်မည်

**မုံရွာ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ သစ်ထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းအထိဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းအင်အားမလုံလောက်သည့်အတွက် စိုးရိမ်စရာဖြစ်လာကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်ကိုဆောင်ရွက်ပြီး တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်က နောက်ကြောင်းပြန်အစစ်ဆေးခံနိုင်ရမည်ဖြစ်ကာ သစ်ကမည်သည့်လမ်းကြောင်းမှလာသည်ဆိုခြင်းကို စစ်သည့်အခါ ပေအရှည်သစ်ငုတ်အထိ အစစ်ဆေးခံနိုင်မည့်အခြေအနေရှိရမည်ဖြစ်သလို ပင်ထောင်သည့်လုပ်ငန်းများဆောင်ရွက်ရန် ဝန်ထမ်းအင်အား တိုးမြှင့်ဆောင်ရွက်နေကြောင်းသိရသည်။ လက်ရှိအစိုးရလက်ထက်တွင် သစ်တောဖုံးလွှမ်းသည့် ဧရိယာဖြစ်သည်ဆိုလျှင် သစ်တောသစ်ပင်ရှိလျှင် သစ်တောဝန်ကြီးဌာန၏ သဘောတူညီမှုရရှိပြီးမှသာ ဆောင်ရွက်ရသည့်အတွက် သစ်ပင်ရှိသည့်နေရာတိုင်းကို လုံးဝခုတ်ခွင့်မပြုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကစိုက်ခင်း ခွင့်ပြုထားသည်များ လုံးဝမရှိကြောင်း သိရသည်။

ယခင်ကရှိခဲ့သည့်အပိုင်းများတွင်လည်း နှစ်အလိုက်ခွင့်ပြုထားခဲ့သည်များရှိရာ ထိုအပေါ်တွင် လက်ရှိတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေရာ ပြန်လည်သိမ်းဆည်းမှုများရှိသလို တိုင်းဒေသကြီးအတွင်း နေရာအတော်များများရှိ စိုက်ရန်လိုသည့် ကွက်လပ်များတွင် ပြန်လည်စိုက်ပျိုးခြင်းထက် သဘာဝပေါက်ရောက်သည့် အပင်များကို ထိန်းသိမ်းမည်ဆိုလျှင် ရနိုင်သော်လည်း လူအရောက်အပေါက်၊ ဝန်ထမ်းအရောက်အပေါက် နည်းရာဒေသများတွင် နေရာကျူးကျော်မှုများနှင့် အခြားပြဿနာများရှိနိုင်ကြောင်း ဦးခင်မောင်ဝင်းက ရှင်းပြသည်။

သို့ဖြစ်၍ မြေနေရာရွေးချယ်ရာတွင် ယခုနှစ်မှစတင်၍ အောက်ခြေမှလည်း စနစ်တကျ ဆောင်ရွက်နေသလို အမှန်တကယ်သစ်ပင်ရှိသည့် ဧရိယာမျိုး၊ တောထူထပ်သည့်ဧရိယာမျိုးကို ရှောင်ရှား ပြီး အဖိုးတန်သစ်များမရှိတော့သည့်အတွက် ပြန်လည်အစားထိုးစိုက်ရမည့်နေရာများကို ရွေးချယ်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

ထင်သာမြင်သာပြုပြင်စရာ

## ရွှေဟောင်းသမိုင်းဝင် ကျိုက်ဝိုင်းစေတီတော်ရှေ့ အမှိုက်ပုံးကို ဖယ်ရှားပေးစေလို

ရန်ကုန်မြို့၌ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား အများအပြားရှိပြီး အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူ အများအပြား လာရောက်ဖူးမြော်ကြသည်။



ကျိုက်ဝိုင်းဘုရားရှေ့မှအမှိုက်ပုံးကို တွေ့ရစဉ်

ထိုအထဲတွင် ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရှေ့၌ရှိသော အမှိုက်ပုံးကြောင့် စေတီတော်ရှေ့မျက်နှာစာမှာ အရုပ်ဆိုးအကျည်းတန်နေသည်။

"စေတီတော်ကြီးရှေ့ တောင်ဘက်မုခ်ဦးစောင်းတန်းအနီး အမှိုက်ပုံး နှစ်ပုံးက ပုဂံခေတ်အနော်ရထာမင်းကြီး ရှင်အရဟံအား ပိဋကတ်တော်ကပ်လှူပူဇော်နေတဲ့ ပုံတော်ရုပ်တုကို ဖုံးကွယ်ထားသလို ဖြစ်နေတယ်။ အမှိုက်ပုံးရှိတော့ အမှိုက်ပစ်တဲ့သူတွေရှိလာတယ်။ စည်းကမ်းမရှိကြဘူး။ အညစ်အကြေးတွေ စွန့်ပစ်ကြတယ်။ ပုပ်ပွနံစော်နေလို့ ဘုရားဖူးပြည်သူအချို့က လာတိုင်တယ်။ အမှိုက်ပုံးကြောင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူအများ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ ဖယ်ပေးဖို့ကိုလည်း သက်ဆိုင်ရာကိုပြောထားတယ်။ အခုအချိန်အထိတော့ လာမဖယ်သေးဘူး။ အမှိုက်ပုံးဖယ်ပြီးရင် ဒီနေရာကို ဂေါပကအစီအစဉ်နဲ့ သန့်ရှင်းအောင်လုပ်ပြီး စကြံပလက်ဖောင်းပေါ် ကွန်ကရစ်ခင်းမယ်လို့ စီစဉ်ထားပါတယ်"ဟု ဂေါပက ဦးအေးမြင့်က ပြောသည်။

ရပ်နီးရပ်ဝေး ဘုရားဖူးလာပြည်သူအများ ကြည်ညိုသဒ္ဓါပွားဖူးမြော်စေရန်အတွက် ရှေးယခင် နှစ်ပေါင်းများစွာက အနော်ရထာမင်းကြီး ရှင်အရဟံအား ပုဂံသို့ ပင့်ဆောင်ပြီး ပိဋကတ်တော် လှူဒါန်းပူဇော်နေပုံကို ဘုရားရှေ့၌ ကမ္ပည်းကျောက်စာထိုး သရုပ်ဖော်ထားသည့်ရုပ်တုရှိသည်။ အမှိုက်ပုံးကြောင့် ကုသိုလ်ယူသူများ သောကဝေဒနာဖြစ်ရ၍ အမြန်ရှင်းလင်းဖယ်ရှားပေးစေလိုကြောင်း ဒေသခံပြည်သူများ၏ ဆန္ဒအရ တိုက်တွန်းလိုက်ရပါသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၄-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၈ | ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ | ·၃ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၀၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနှင့်ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးစတင်

နေပြည်တော် ဇွန် ၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင်ထရူးဒိုး၊ ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန်အာလင်းနှင့် ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ လော့ဖန်း (Mr. Loc Pham)၊ ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး မစ္စတာ ဂျိုဟန် ဟာလ်လန်ဘော့ (Mr. Johan Hallenborg)နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့၏ ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ အဆင့်ဆင့်ပြောင်းလဲကျင့်သုံးခဲ့မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ် (သတင်းစဉ်)

# ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များဖြစ်လာစေရေး ဆွေးနွေး

ရန်ကုန် ဇွန် ၄

**မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်မီသော စားသောက်ကုန်များကို ဈေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသောက်ကုန်ဆိုင်ရာ မှန်ကန်သော သတင်းအချက်အလက်များ စဉ်ဆက်မပြတ်စီးဆင်းရန်ရည်ရွယ်၍ “ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့” ဆွေးနွေးပွဲကို ကုန်သည်စက်မှုအသင်းချုပ်၌ ဇွန် ၃ ရက်က ပထမအကြိမ်အဖြစ် ကျင်းပသည်။**

ဆွေးနွေးပွဲကို မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်၊ စားသောက်ကုန်ဆိုင်ရာအသင်းအဖွဲ့များနှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် စားသောက်ကုန်ဓာတ်ခွဲခန်းများဖြစ်ပေါ်လာရေး၊ အသိပညာပေးအခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းများဖွင့်လှစ်၍ Certificate၊ ဒီပလိုမာ၊ ဘွဲ့များပေးအပ်နိုင်ရေး၊ အစားအသောက်ကြောင့်ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုပပျောက်စေရေး၊ အသေးစားနှင့်အလတ်စား စားသောက်ကုန်လုပ်ငန်းများဖွံ့ဖြိုးစေရန် အထောက်အကူဖြစ်စေရေး၊ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများမှ ကိုယ်ကျင့်သိက္ခာအလေးထား၍ ထုတ်ကုန်များ ထုတ်လုပ်စေရေးနှင့် မီဒီယာများမှလည်း သတင်းအချက်အလက်ခိုင်မာသော သတင်းဖြန့်ဝေမှုများကို ပြုလုပ်စေနိုင်ရေးတို့အား ကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရန် အသိပညာပေးအနေဖြင့် တင်ပြခြင်း၊ အမေးအဖြေကဏ္ဍများဖြင့် ဆွေးနွေးခြင်းတို့ကို အဓိကထည့်သွင်းပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အစားအသောက်များကို ထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့် မိမိတို့ပစ္စည်းများကို တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ရောင်းချရန်ပြောကြားခဲ့သည်။ ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်ကုန်ရောင်းချမှုများကို တင်ပို့ရောင်းချမှုများရှိ၍ တိုင်ကြားမှုများရှိလာပါက တိုင်းဒေသကြီးအစိုးရမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းကာ တိကျသောအရေးယူမှုများပြုလုပ်ရန်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာတစ်ပြည်လုံးကို စားသောက်ကုန်တင်ပို့ရောင်းချမှုအများဆုံးပြုလုပ်နေသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်စေရန် ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအေးဝင်းက အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို နိုင်ငံသူနိုင်ငံသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် National Food Securityကို ရေရှည်ဆောင်ရွက်ဖို့ကိုပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ တင့်ဆွေလတ်က တင်ပြဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်မညီညွတ်၍လူလေးယောက်တွင် တစ်ယောက်သည် စောစီးသေဆုံးနိုင်မှုပိုများနေကြောင်းနှင့် နိုင်ငံတွင် Food Security လုပ်ရန်နှင့် Nutrition Policy များ ချမှတ်ရန်လိုအပ်နေကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံမှ သေဆုံးသူအများစုသည် ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောကျဉ်း၊ ကင်ဆာ၊ သွေးတိုး စသောရောဂါများအဖြစ်များနေပြီး ဆီးချိုသွေးချိုဖြစ်ပွားမှုနှုန်း ၂ ဒသမ ၅သန်း၊ သွေးထဲအဆီများမှု ၈ ဒသမ ၈ သန်း၊ အဝလွန်မှု ၅ ဒသမ ၃ သန်း၊ သွေးတိုးရောဂါခံစားမှု ၆ ဒသမ ၃ သန်း ဖြစ်ပွားလျက်ရှိရာ အားလုံးသည် အစားအသောက်နှင့်ဆိုင်သဖြင့် အရေးယူဖို့လိုအပ်နေကြောင်း အသိပညာပေးပြောကြားခဲ့သည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးသည် ၁၈ ဒသမ ၂ ရာခိုင်နှုန်း ဆီးချိုသွေးချိုရောဂါဖြစ်ပွားလျက်ရှိရာ ၁၀ နှစ်အတောအတွင်း ၆ ရာခိုင်နှုန်းတက်လာကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထိပ်ဆုံးကပါဝင်လျက်ရှိကြောင်းသိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဖြစ်သော (WHO) က မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုကျန်းမာရေးသည် အရေးကြီးလျက်ရှိပြီး အစာအာဟာရ (Health Weight) ပြည့်ဝရန်၊ အဝလွန်မှု (Total Fat) လျှော့ရန်၊ အသီးအနှံနှင့်ဟင်းသီးဟင်းရွက် (Fruits and Vegetables) စားသုံးရန်၊ အချိုဓာတ် (Free Sugar) လျှော့စားရန်စသော နည်းလမ်းများ လိုအပ်နေသည်ဟု သတ်မှတ်ထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးရဲမြင့်မောင်က တောင်သူများအနေဖြင့် စိုက်ပျိုးရာတွင် အသိပညာဗဟုသုတရှိရန် လိုအပ်ပြီး သီးနှံနှင့် ကိုက်ညီသော ပတ်ဝန်းကျင်၊ ရေရရှိနိုင်သော စိုက်ပျိုးမြေရွေး၍ စိုက်ခင်းရွေးချယ်ခြင်း၊ သွင်းအားစုများ အသုံးပြုရာတွင် နိုင်ငံကခွင့်ပြုထားသော ပိုးသတ်ဆေးများဖြစ်ရန်နှင့်၊ မြေဩဇာပိုးသတ်ဆေးဓာတ်ကြွင်း မကျန်အောင် RHI အတိုင်းဆောင်ရွက်ရန်၊ ကုန်ကြမ်းစိုက်ကုန်များကို သယ်ယူပို့ဆောင်သည့် Logistic အပိုင်းတွင် နည်းစနစ်တကျသတ်မှတ်အရည်အသွေးနှင့် အပူချိန်များကို ထိန်းသိမ်းရန်အတွက် ဂရုစိုက်ရန်လိုအပ်ကြောင်း အသိပညာပေးဆွေးနွေးပေးခဲ့သည်။ ထုတ်လုပ်ခြင်းတွင်လည်း လုပ်ငန်းရှင်စက်ရုံများသည် ပြည်သူလူထုအတွက် သန့်ရှင်းသော၊ အရည်အသွေးကောင်းသော စားသောက်ကုန်များကို ပြည်သူလူထုထံရောင်းချနိုင်အောင် ထုတ်လုပ်ပေးရန်အတွက် သက်ဆိုင်ရာက သတ်မှတ်ထားသော ထုတ်လုပ်မှုအဆင့်တိုင်းတွင် နည်းစနစ်များကိုလိုက်နာရန်၊ စက်ပစ္စည်းကိရိယာ စီမံခန့်ခွဲမှုများကို ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် စနစ်တကျဆောင်ရွက်ရန်၊ စက်ရုံဝန်ထမ်းများကို ကျန်းမာရေးစစ်ဆေးပြီးမှ လက်ခံရန်နှင့် ကုန်ချောများကို စစ်ဆေးရာတွင် ပစ္စည်းအရည်အသွေး၊ ထုပ်ပိုးမှု၊ အလေးချိန်စသဖြင့် စနစ်တကျစံထား၍ အလေးထားထုတ်လုပ်ရန် အသိပေးပြောကြားခဲ့သည်။ ကုန်သည်စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကလည်း စိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံ၏စီးပွားရေးတိုးတက်ရန် အရေးပါသောကဏ္ဍများဖြစ်၍ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပသို့ပါ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချမှုများပြုလုပ်နိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်မှုကို အားလုံးမှ အလေးထားဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂမှ အတွင်းရေးမှူး ဦးမောင်မောင်က စားသုံးသူများတွင် စားသုံးသူပညာပေးရေးရှိရန် လိုအပ်နေသဖြင့် ကျောင်းပညာရေးတွင် ထည့်သွင်းရေးဆွဲရန် ဆောင်ရွက်နေကြောင်း သိရသည်။ တာရှည်ကုန်ထုတ်စွမ်းအား တိုးတက်လျှင် တိုင်းပြည်၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ကာ စားသုံးသူကာကွယ်ပေးရေးအတွက် အစိုးရအာဏာပိုင်၊ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများ၊ စားသုံးသူတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းများဟူသော အဖွဲ့လေးဖွဲ့ ညီညွတ်မှု အဓိကလိုအပ်နေကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆွေတင့်ကြူက စားသောက်ကုန်လုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်များတွင် Consumer Information and Complaint Centre (CICC) စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်မှစ၍ ခရိုင် ၅၆ ခရိုင်တွင် ဖွဲ့စည်းခဲ့ပြီးဖြလစ်ကာ စားသုံးကုန်ကာကွယ်ပေးရေး ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။ တိုင်ကြားလိုသောပြည်သူများအနေဖြင့် စားသောက်ကုန်နှင့်ပတ်သက်၍ မသမာမှုများတွေ့ရှိပါက ဖုန်းဖြင့်ဖြစ်စေ၊ Food and Drug Administration (FDA Myanmar) Website (သို့) Facebook မှဖြစ်စေ၊ စာတိုက်မှ စာဖြင့်ရေး၍ဖြစ်စေ မည်သည့်နည်းဖြင့်မဆို ယခုအခါတိုင်ကြားနိုင်ပြီး အရေးယူဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ရန် အသိပေးခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦး၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထုများ တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး ဇွန် ၄

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် (ဘက်စုံ)ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော်၊ ကလေး စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကြီး ကျင်းပဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ကျပန်းစကားပြောပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရရှိသူ ရှစ်ဦး၊ ပုံပြင်ပြောပြိုင်ပွဲ အလယ်တန်းအောက်အဆင့် ဆုရရှိသူ ရှစ်ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲအလယ်တန်းအဆင့် ဆုရရှိသူရှစ်ဦး၊ စက္ကူခေါက်ပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရရှိသူရှစ်ဦး၊ ပုံပြင်ပြောပြိုင်ပွဲ မူလတန်းအထက်အဆင့် ဆုရရှိသူရှစ်ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ မူလတန်းအောက်ဆုရရှိသူရှစ်ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲ မူလတန်းအဆင့် ဆုရရှိသူရှစ်ဦး၊ စက္ကူခေါက်ပြိုင်ပွဲ မူလတန်းအဆင့် ဆုရရှိသူရှစ်ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ မူကြိုအဆင့် ဆုရရှိသူရှစ်ဦးတို့အား တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ ကျေးဇူးတင်စကားပြောကြားစဉ်

ယင်းနောက် ပွဲတော်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အကဲဖြတ်ဒိုင်များ၊ ပန်းချီ၊ ကာတွန်းပညာရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ လာရောက်ကူညီကြသူများ၊ ပွဲတော်လာပြည်သူများအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြသည့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ရှမ်းပြည်နယ် ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်ရုံး၊ တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်၊ ရှမ်းပြည်နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြေခံပညာကျောင်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ သရုပါစာကြည့်တိုက်၊ သပြေကလေးလူငယ်ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုအဖွဲ့၊ Save The Library၊ Shanti Volunteer Association၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၊ မျက်နှာဆေးရောင်ခြယ်အဖွဲ့ အာကာသနှင့် စကြဝဠာပြခန်း၊ ကမ္ဘာ့ဇလူငယ်စာကြည့်တိုက်၊ ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၊ ဟိုပုံးမြို့နယ် နောင်တောင်းပရဟိတဘုန်းတော်ကြီးကျောင်းများ၊ တောင်ကြီးမြို့ ကိုယ်ပိုင်ကျောင်းများ၊ ကမ္ဘာ့ဇပညာ့ရိပ်သာနှင့် အောင်ပန်းကိုယ်ပိုင်ကျောင်းများ၊ DNNA ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပညာရောင်ခြည်ကိုယ်ပိုင်ကျောင်း၊ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Premier Coffee ၊ U Book Education Co., Ltd ၊ Galety Co., Ltd ၊ Mo Asia Co., Ltd ၊United Pharmaceutical Co., Ltd ၊ Cherry FM ၊ ဖြူစင် Co., Ltd၊ Brain Works ၊ Mega Myanmar Energy ၊ Hepta Mix Creative Marketing Service နှင့် အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အောင်မင်းဟန်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့အထူးစည်ကား

တောင်ကြီး ဇွန် ၄

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ တတိယနေ့ကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်(ဘက်စုံ) ခန်းမ၌ ဆက်လက်ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း တွေ့ရသည်။** (ယာပုံ)



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ ရှမ်းပြည်နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကိုယ်ပိုင်ကျောင်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးငယ်များ၊ မိဘဆွေမျိုးများနှင့် စာပေချစ်မြတ်နိုးကြသူများသည် ပွဲတော် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ပိတ်သိမ်းချိန်အထိ အဆက်မပြတ် ကျောင်းအလိုက်၊ မိသားစုအလိုက် လာရောက်ပြိုင်ပွဲဝင်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းအသီးသီးတို့ကို ကြည့်ရှုလေ့လာကာ စာအုပ်အရောင်းဆိုင်များမှ နှစ်သက်ရာစာအုပ်စာပေများကို ဝယ်ယူအားပေးခဲ့ကြသည်။

ကလေးစာပေပြပွဲ မြေညီထပ်တွင် ဆရာကြီးမင်းသုဝဏ်၏ စာပေမှတ်တမ်းဓာတ်ပုံများ၊ ဆရာကြီးရေးသားခဲ့သည့် ကဗျာ၊ ကလေးစာပေ၊ စာအုပ်စာပေများနှင့် စာကြည့်တိုက်များမှ ပြသထားသည့် စာအုပ်များကို ကလေးများက လေ့လာဖတ်ရှုကြပြီး ပြိုင်ပွဲများဖြစ်သည့် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မျက်လှည့်နှင့် ရုပ်သေးပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊Team Building Game၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်လုပ်နည်းကစားခြင်းတို့တွင် ရှမ်းပြည်နယ်ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့် ပွဲတော်လာရောက်သည့် ကလေးငယ်များ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၂၀ ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲအလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၄၀ က ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် နံနက်ပိုင်းတွင် စာပေဟောပြောပွဲအစီအစဉ်၌ စာရေးဆရာ ရဲဘော်မြသိန်း(ဟိုပုံး)က "ကလေးသူငယ်များ ကလေးစာဖတ်ရှုရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာခင်(တောင်ကြီး)က "စာပေထဲကကလေးသူငယ်များ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ မောင်ခွန်နွယ်(အင်းလေး)၊ လှိုင်းနန္ဒာ(တမာမြေ)၊ ဒေါက်တာအောင်ကျော်(သွား)၊ ယွန်းဆုဝသန်၊ မြမြင့်မိုရ်တို့က "ကလေးများဘဝမြင့်မားဖို့ စာကြည့်တိုက်သော့တွေဖွင့်ကြစို့" ခေါင်းစဉ်ကို ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာကြည့်တိုက်များမှ တာဝန်ရှိသူများနှင့် စာပေချစ်သူများကလည်း တက်ရောက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်မင်းဟန်**

## နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက် နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီ အစည်းအဝေးခန်းမ(၂)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၇-၂၀၁၈ ခုနှစ် စိုက်ပျိုးရာသီတွင် ဆောင်ရွက်မည့် မျိုးစေ့ထုတ်လုပ်ငန်းများ၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာလုပ်ငန်းများ၊ ရေပေးဝေရေးလုပ်ငန်းများနှင့် အဆင့်မြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းများကို တက်ရောက်လာသော ကော်မတီများက ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မိုးပိုနေမည်

**နေပြည်တော် ဇွန် ၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**(မိုး/ဇလ)**

# မန္တလေးမြို့မှ ဟောင်ကောင်သို့ တိုက်ရိုက်လေကြောင်းလိုင်း စတင်ပျံသန်း




**မန္တလေး ဇွန် ၄**

မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်များ အဓိကလာရောက်ရာဒေသတစ်ခုဖြစ်သော မန္တလေးမြို့နှင့် ကမ္ဘာ့စီးပွားရေးအချက်အချာကျရာ ဒေသတစ်ခုဖြစ်သည့် ဟောင်ကောင်မြို့သို့ တိုက်ရိုက်လေကြောင်းခရီး ပျံသန်းပြေးဆွဲခြင်းအစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ ဒီခရီးစဉ်ဖွင့်လှစ်ပေးလိုက်တဲ့အတွက် မန္တလေးသူ မန္တလေးသားတွေအနေနဲ့ ရန်ကုန်ကနေ သွားစီးစရာမလိုတော့ပါဘူး။ မန္တလေးကနေ ဟောင်ကောင်ကို တိုက်ရိုက်သွားနိုင်ပြီဖြစ်ပါတယ်။ ထို့အတူ ဟောင်ကောင်ခရီးသွားတွေအနေနဲ့လည်း မန္တလေးမြို့ကို တိုက်ရိုက်ဆင်းသက်နိုင်မှာဖြစ်တဲ့အတွက် အလွန်အကျိုးရှိတဲ့ခရီးစဉ်သစ်ကို စတင်လိုက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းအနေနဲ့ နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်တဲ့အတွက် ပြည်သူတွေ ခရီးသွားလာရေးအတွက် အဓိကအကျိုးဆောင်ပေးနေတာဖြစ်ပါတယ်” ဟု ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသော မန္တလေး-ဟောင်ကောင်လေကြောင်း စတင်ပျံသန်းခြင်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့အမျိုးသားလေကြောင်းလိုင်း စီးပွားရေးဆိုင်ရာ အရာရှိချုပ် ဦးနိုင်စောလွင်က ပြောသည်။

အဆိုပါ လေကြောင်းခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲမည် ဖြစ်ကြောင်း၊ မန္တလေးမြို့မှ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး ဟောင်ကောင်သို့ ဒေသစံတော်ချိန် ၁၄ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ဟောင်ကောင်မှ ၁၅ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ လေယာဉ်လက်မှတ်ခမှာ ပရိုမိုးရှင်းကာလဖြစ်သည့်အတွက် မန္တလေး-ဟောင်ကောင်-မန္တလေး(အသွား၊ အပြန်) ခရီးစဉ်ကို အမေရိကန်ဒေါ်လာ ၃၁၁ ဒေါ်လာ ကုန်ကျကြောင်း၊ ယင်းမှာ ယခုနှစ် စက်တင်ဘာလကုန်အထိသာ ဖြစ်ကြောင်း သိရသည်။

မြန်မာ့အမျိုးသားလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်- ဟောင်ကောင်ခရီးစဉ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက စတင်ပြေးဆွဲရာမှ ယခုမန္တလေးမြို့နှင့်ပါ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာ့အမျိုးသားလေကြောင်းလိုင်းက ပြည်တွင်း ၂၈ မြို့သို့ လေကြောင်းပြေးဆွဲပေးနေသည့်အပြင် စင်ကာပူ၊ ဟောင်ကောင်၊ ဗန်ကောက်၊ ချင်းမိုင်၊ ဂါယာမြို့များသို့ တိုက်ရိုက်လေကြောင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

လာမည့် ဒီဇင်ဘာလတွင် မန္တလေး-ကူမင်းလေကြောင်းခရီးစဉ်နှင့် ရန်ကုန်-ဂါယာခရီးစဉ်ကို လက်ရှိ တစ်ပတ်ငါးရက်မှ တစ်ပတ်ခုနစ်ရက်အထိ တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

---

✲ *ကျောဖုံးမှ*

အုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်နိုင်ကပြောသည်။

သေဆုံးကြွက်များကို ကျေးရွာကျန်းမာရေးဌာနက မြေကျင်းတူးမြှုပ်ရန်နှင့် ကြွက်များရွာ၏ နေရာအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိနေသောကြောင့် သောက်ရေသုံးရေများ၊ ရေတွင်းများကို စနစ်တကျဖုံးအုပ်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ဇီးချိုင်ကျေးရွာတွင် သောက်ရေကန်တစ်ကန်ရှိပြီး ကြွက်များမှာ ကောင်ရေတစ်သောင်းခန့်အထိ ရှိနိုင်သောကြောင့် ရောဂါများဖြစ်ပွားလာမည်ကို စိုးရိမ်မိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ကြွက်များမှာ မည်သည့်နေရာမှ ရောက်ရှိလာသည်ကို မသိရှိရခြင်းကြောင့်လည်းကောင်း၊ ယခင်က ယခုကဲ့သို့ တစ်ကြိမ်မျှ မကြုံတွေ့ဖူးသောကြောင့်လည်းကောင်း၊ ဒေသခံများ စိုးရိမ်ပူပန်လျက်ရှိပြီး ကြွက်များ၏ လှုပ်ရှားသွားလာမှုကို စောင့်ကြည့်၍ စုပေါင်းနှိမ်နင်းလျက်ရှိကြောင်း သိရသည်။

နေ့ဘက်များတွင် ရွာတွင်းသစ်ပင်များ၊ ရွာ၏အရှေ့ဘက်သစ်တောများအတွင်း ဝင်ရောက်သွားပြီး ညအချိန်တွင် ရွာအတွင်း ပြန်လည်ဝင်ရောက်လာကာ သီးပင်စားပင်များကို ကိုက်ဖြတ်စားသောက်နေခြင်းဖြစ်ကြောင်း ယခုအချိန်တွင် လူကိုအန္တရာယ်ပြုခြင်းမရှိသော်လည်း ကောင်ရေများသောကြောင့် နောက်ရက်များတွင်လည်း စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်နိုင်က မီဒီယာသို့ပြောကြားခဲ့သည်။

---

## လမ်းရေမြုပ်နေစဉ် ယာဉ်ဖြတ်မောင်းနှင်မှုကြောင့် YBS ယာဉ်မောင်းနှင့်ရပ်ကွက်သားများ ရုန်းရင်းဆန်ခတ်ဖြစ်



**ရန်ကုန် ဇွန် ၄**

ရန်ကုန်မြို့တွင် ဇွန် ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် Ocean Center အနီး အရှေ့ရွှေဂုံတိုင်လမ်းတွင် လူတစ်ရပ်ခန့် ရေမြုပ်နေစဉ် YBS ယာဉ်လိုင်းအမှတ် (၁၂)မှ ယာဉ်တစ်စီးသည် ရေထဲသို့ အရှိန်ဖြင့် အတင်းဖြတ်မောင်းရာ လမ်းနံဘေးအိမ်များရှိ လူများ ရေအရှိန်ဖြင့် ပြိုလဲထိခိုက်သဖြင့် ဆက်မမောင်းရန် တားဆီးသော်လည်း မရပ်ဘဲ ဆက်လက်မောင်းနှင်သောကြောင့် ရပ်ကွက်သားများက ကားပေါ်သို့ တက်ရောက်တားဆီးခဲ့ရသည်။ ထိုသို့တားဆီးစဉ် ယာဉ်မောင်းနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီးနောက် ယာဉ်ကိုပြန်ကွေ့ကာ ယခုထိခိုက်သူများကို YBS ယာဉ်မှ တာဝန်ယူပေးမည်ဟု ယာဉ်မောင်းက ပြောသည်။

အဆိုပါရပ်ကွက်နေ ကိုသန်းနိုင်က “ဒီကားက အတင်းဖြတ်တာ၊ ဖြတ်တော့ သူ့ဆီကရေအရှိန်နဲ့ ကျွန်တော့်အစ်မက အမှိုက်ဆယ်နေရင်း ပစ်လဲသွားတယ်။ ဒါနဲ့ မမောင်းနဲ့လို့ ဝိုင်းအော်ကြတာကို အဲ့ဒီယာဉ်က မရပ်ဘူး။ မရပ်တော့ လူတွေက အတင်းတားကြတာ”ဟု ရှင်းပြသည်။ **သတင်းနှင့်ဓာတ်ပုံ-မျိုးခိုင်အောင်**

---

## ကလေးမြို့နယ်၌ မြစ်သာမြစ်ကူး ဟံသာဝတီတံတား တည်ဆောက်ပြီးစီး



**ကလေး ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တောင်ပိုင်းရှိ မြစ်သာမြစ်၏တောင်ပိုင်းတွင်တည်ရှိသောကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလျက် မိုးတွင်းကာလ၌ မြစ်သာမြစ်ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နှစ်တိုင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများရှိခဲ့သော်လည်း ယခုအချိန်တွင် ဒေသခံပြည်သူများ၏ အိပ်မက်တောင်မှ မမက်ဖူးကြသည့် ဟံသာဝတီ-ကျောက်ဆည် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မြစ်သာမြစ်ကူး မြစ်သာတံတား (ဟံသာဝတီ)ကြိုးတံတားကြီး ပေါ်ထွန်းနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးသည် သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တာဝါနှင့် ကြိုးထိန်းခုံကိုယ်ထည်၊ အပေါ်ထည်သစ်သားကြမ်းခင်း ကြိုးတံတားဖြင့် အရှည် ပေ ၈၀၀၊ အကျယ်ရှစ်ပေ၊ တံတားကင်းလွတ်အမြင့်သုံးပေနှင့် တံတားကင်းလွတ်အကျယ် ၅၈၂ ပေကို တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း သုံးတန် ဖြတ်သန်းသွားလာနိုင်ရန် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ငွေကျပ် ၃၃၆ သန်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ငွေကျပ် ၆၃၇ သန်း စုစုပေါင်း ၉၇၃ သန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၂)မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်က စတင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစ၍ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားဆောက်လုပ်ပေးခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ဘက်မှ ရေရှင်၊ အင်းကျွန်း၊ ကျောက်ပြုတ်၊ မန္ဒာ၊ ကျောက်ဆည်၊ ကုက္ကိုလ်၊ လယ်ခြား၊ ရှားတော၊ နွားရွာစသည့် ကျေးရွာကိုးရွာရှိ အိမ်ခြေပေါင်း ၁၅၁၇ လုံး၊ အိမ်ထောင်စု ၃၅၅၂ စုမှ လူဦးရေ ၆၈၆၆ ဦးတို့နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ဘက်မှ ဝင်ဝ၊ လယ်ကြီး (အနောက်)၊ လယ်ကြီး (အရှေ့)၊ စမ်းမြို့စသည့်ကျေးရွာလေးရွာရှိ အိမ်ခြေပေါင်း ၄၃၉ လုံးမှ လူဦးရေ ၃၃၈၄ ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုလာတော့မည်ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမှကင်းလွတ်လျက် ရာသီမရွေးဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်သည်။

အဆိုပါတံတားလုပ်ငန်းဆောက်လုပ်ပြီးစီးမှုအခြေအနေကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် တာဝန်ယူဆောက်လုပ်သည့် တံတားဦးစီးဌာနတံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူများနှင့် ကျေးရွာရပ်မိရပ်ဖတို့နှင့်အတူ ဇွန် ၃ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ကလေးခရိုင်အတွင်း စီးဆင်းလျက်ရှိသော မြစ်သာမြစ်ပေါ်တွင် မြစ်ကူးတံတားများအဖြစ် မြစ်သာတံတား (ကလေးဝ)နှင့် ယခုတည်ဆောက်ထားသည့် မြစ်သာတံတား(ဟံသာဝတီ) အပြင် မြစ်သာတံတား (အင်းဒင်-ပေါက်တော)ကိုလည်း ထပ်မံဆောက်လုပ်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

**ဂျူနိုင်း**

---

## မန္တလေး၌ မြန်မာ့ရိုးရာခြင်းကြီးအတော့အတွဲ ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဇွန် ၄**

၂၀၁၇ ခုနှစ် ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံအား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် (၈၉) ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် ကျင်းပရေးကော်မတီတို့ ပူးပေါင်း၍ အောင်မြင်သူကုမ္ပဏီများအုပ်စု၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ့ရိုးရာခြင်းကြီး အတော့အတွဲ ပြိုင်ပွဲအား ဇွန် ၂၀ ရက်မှစတင်၍ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးအနောက် ၄၅ တာရှိ ဝါဆိုခြင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်း အတော့ပြိုင်ပွဲတွင် မဟာဒူး၊ တဲ့ဖဝါး၊ စလွယ်ကြီး၊ တစ်ဦးချင်းခြင်းကြီးအတွဲ ပြိုင်ပွဲတွင် ခြင်းကြီး ၁၀ မျိုး၌ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲနှစ်မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး၊ အတော့အတွဲ နှစ်မျိုးပေါင်းရမှတ် အနည်းအများအလိုက် ဆုချီးမြှင့်မည်ဖြစ်ရာ ပထမဆုတွင် ဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုတွင် ဆုတံဆိပ်နှင့်ဆုငွေကျပ် ငါးသိန်း၊ တတိယဆုတွင် ဆုတံဆိပ်နှင့် ဆုငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆုနှစ်ဦးအား ဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ ခြင်းလုံးဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် ဇွန် ၁၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ရန်ကုန် ဖုန်း ၀၁- ၃၉၃၄၂၀၊ ဦးဌေးအောင်ကျော် ၀၉-၉၆၂၀၃၇၈၉၉၊ ဦးကျော်ညွန့် ၀၉-၂၀၁၈၆၃၅၊ ဦးတင်ဌေး ၀၉-၃၀၆၀၆၇၇၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ ကျွန်တော်တို့အစွမ်းကုန်ကူညီပံ့ပိုးနေပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

**တွေ့ဆုံမေးမြန်း- သတင်းအဖွဲ့**

မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုလေး အေ လစ်တိုပါးဒွေါဖ်နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည် -

**မေး။ ။ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ဆက်ဆံမှုဟာ နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး ရှိနေပြီဖြစ်ပါတယ်။ အခုလိုမျိုး နှစ်ပေါင်းကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့တဲ့ နှစ်နိုင်ငံအကြား ဆက်ဆံရေးအတွက် အဓိကကျတဲ့အချက်တွေက ဘာတွေလဲ ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်တာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ နှစ်ပေါင်း ၇၀ ပြည့်တော့မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ရှေ့နှစ်မှာ နှစ်ပတ်လည်နေ့ကို ကျွန်တော်တို့ ဂုဏ်ပြုပါမယ်။ ကျွန်တော်တို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ဖို့ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ကမကထပြုခဲ့ပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ တန်ဖိုးထားပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ ကျွန်တော်တို့ နှစ်နိုင်ငံ ဆက်ဆံရေးဆိုရင် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးမျိုး ဖြစ်ပါတယ်။ နှစ်နိုင်ငံကြားမှာ မဖြေရှင်းတဲ့ ပြဿနာတွေ၊ ပဋိပက္ခတွေ၊ အခက်အခဲတွေ ဘာမှမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝမ်းသာပါတယ်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအကြောင်းပြောရင် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးကို နယ်ပယ်အသီးသီးမှာ တိုးတက်စေဖို့ များစွာကြိုးစားနေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနဲ့ ကာကွယ်ရေးနယ်ပယ်မှာ၊ တခြားနယ်ပယ်အသီးသီးမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ခိုင်မြဲဖို့ များစွာအလေးပေးပါတယ်။ ပဓာနလည်းထားပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဟာ အင်မတန်အရေးကြီးပါတယ်။ လွန်ခဲ့တဲ့နှစ် မေလမှာ နှစ်နိုင်ငံ သမ္မတကြီး နှစ်ဦးက ရုရှားနိုင်ငံမှာတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကို အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတွေ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပါတယ်။ ကောင်းတဲ့ရလဒ်တွေကို ရပါတယ်။

ပုဂ္ဂိုလ်ရေးအရဆိုရင် ခင်မင်ပါတယ်။ နောက်လွန်ခဲ့တဲ့နှစ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂျီလက်ဗရော့ဗ်တို့ လာအိုနိုင်ငံမှာတွေ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ တန်ဖိုးထားပါတယ်။ ဒ့ါကြောင့်ကျွန်တော်တို့ ခေါင်းဆောင်ကြီးအချင်းချင်း အပြန်အလှန် လေးစားမှုနဲ့ နားလည်မှု၊ ယုံကြည်မှုရှိပါတယ်။ နှစ်နိုင်ငံဆက်ဆံရေး အခြေခံတစ်မျိုးလည်းဖြစ်ပါတယ်။ အနာဂတ်မှာလည်း နိုင်ငံရေးနယ်ပယ်မှာ နှစ်နိုင်ငံဆက်ဆံရေးပိုပြီး တိုးမြှင့်စေဖို့၊ ခိုင်မြဲစေဖို့ အသင့်ရှိပါတယ်။ ဆန္ဒလည်းရှိပါတယ်။

နှစ်နိုင်ငံ ခေါင်းဆောင်တွေကြားမှာ အင်မတန်ကောင်းတဲ့၊ ရင်းနှီးတဲ့ဆက်ဆံရေးတွေ ထူထောင်နိုင်ပါတယ်။ ရုရှား- မြန်မာ ပြည်သူပြည်သားများ အချင်းချင်း အပြန်အလှန် နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် အဲ့ဒါကိုလည်း တန်ဖိုးထားပါတယ်။

**မေး။ ။အစိုးရသစ်လက်ထက်မှာ သံအမတ်ကြီးအနေနဲ့ဘယ်အချက်တွေက ပြောင်းလဲသွားတယ်၊ ဘယ်အချက်တွေ ပိုပြီးတိုးတက်လာတယ်လို့ မြင်မိပါသလဲ။**

ဖြေ။ ။မြန်မာနိုင်ငံကို သံအမတ်ကြီးအဖြစ်ကျွန်တော်ရောက်တာ ၉ လ လောက်ရှိပြီ။ ဒါပေမယ့် ဒါက ပထမဆုံးအခေါက် ရောက်တာမဟုတ်ပါဘူး။ တတိယအကြိမ် ဖြစ်ပါတယ်။ ပထမတစ်ခေါက် မြန်မာနိုင်ငံကို ၁၉၈၂ ခုနှစ်က ရောက်ခဲ့တယ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၄ ခုနှစ်တုန်းက သံတမန်အမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ခေတ်အဆက်ဆက်မှာ အတွေ့အကြုံတွေလည်း ကျွန်တော့်မှာ အများကြီးရှိပါတယ်။

**တိုးတက်ပြောင်းလဲမှု**

လွန်ခဲ့တဲ့နှစ် ဩဂုတ်လက မြန်မာနိုင်ငံ ပြန်ရောက်တဲ့ အခိုက် အံ့သြခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြောင်းအလဲတွေ တော်တော်များများရှိပါတယ်။ စီးပွားရေးနဲ့ လူမှုရေးနယ်ပယ်မှာ အောင်မြင်မှု၊ တိုးတက်မှုတော်တော်များများရှိပါတယ်။ အထူးသဖြင့် မြို့ကြီး မြို့ပြတွေရော၊ ရန်ကုန်မှာလည်း ကောင်းတဲ့အပြောင်းအလဲတွေ၊ တိုးတက်မှုတွေလည်း တော်တော် များများရှိတယ်။ အဆောက်အအုံအသစ်တွေလည်း များများဆောက်နိုင်ပါတယ်။ တခြားမြို့ကြီးတွေမှာလည်း အဲဒီလိုပါပဲ။ ဒါကြောင့်မို့လို့ အခုမြန်မာနိုင်ငံမှာလည်း ပြောင်းလဲတာ တော်တော်များများ ရှိပါတယ်။ တိုးတက်မှုလည်း အများကြီးရှိပါတယ်။

မြန်မာလူမျိုးတွေဟာ စိတ်ထားသိပ်တော့မပြောင်းဘူး။ အရင်ပုံစံလိုပဲ မြန်မာတွေ ယဉ်ကျေးတယ်၊ ချစ်ကြည်တယ်၊ ဖော်ရွေတယ်၊ သဘောထားကြီးတယ်၊ သဘောကောင်းတယ်၊ ဒါတွေကို ကျွန်တော်ကိုယ်တိုင် တွေ့ပါတယ်၊ မြင်ပါတယ်။ အရင်လိုပါပဲ။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့အစိုးရအဖွဲ့ရဲ့ ပြောင်းလဲတာတွေ တော်တော်များများရှိပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ ဂုဏ်ပြုပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေလည်း တော်တော်များများရှိပါတယ်။ ဒါကလည်း သဘာဝကျပါတယ်။ မြန်မာနိုင်ငံပြည်သူပြည်သားတွေအနေနဲ့ ဒီအခက်အခဲတွေ အားလုံးကို အောင်မြင်စွာကျော်လွှားနိုင်မယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ လေးငါးနှစ်အတွင်း ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မိမိတို့တိုင်းရင်းသားတွေအချင်းချင်း ပိုပြီးတော့ ရင်းနှီးဖို့၊ ပိုပြီးတော့ ငြိမ်းချမ်းရေး ရရှိဖို့အတွက် ဖော်ဆောင်နေတာရှိပါတယ်။ သံအမတ်ကြီးအနေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်မှာ ဘယ်လောက်ထိ တိုးတက်မှုရှိလဲလို့ ထင်မြင်မိပါသလဲ။**

ဖြေ။ ။ငြိမ်းချမ်းရေးဟာအင်မတန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတ ယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှုလည်းမရှိဘူး၊ လုံခြုံရေးလည်းမရှိဘူး၊ ဒါကြောင့် ငြိမ်းချမ်းရေးက အဓိက ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက အဲ့ဒီပြဿနာကို ဦးစားပေးတာကို တွေ့မြင်ပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျင်းပတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံ ပထမအစည်းအဝေးကို ကျွန်တော် မြန်မာနိုင်ငံ ရောက်ရောက်ချင်းသွားတက်ရောက်ခဲ့ပါတယ်။ အဲဒီတိုက်ဆိုင်မှုဟာ အင်မတန်ကောင်းပါတယ်။ နိမိတ်ကောင်းတယ်လို့လည်း ထင်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကိုလည်း တက်ဖူးပါတယ်။ မိန့်ခွန်းတွေကိုလည်း နားထောင်ပါတယ်။ အခု မေလ ၂၄ ရက်နေ့က ကျင်းပတဲ့ ဒုတိယအစည်းအဝေးကိုလည်း တက်ခဲ့ပါတယ်။ အဲ့ဒါလည်း သိပ်ကောင်းပါတယ်။

အားလုံးရဲ့ ပါဝင်မှုလည်း အရေးကြီးပါတယ်။ ဒါကြောင့် အဲ့ဒီနယ်ပယ်မှာ ငြိမ်းချမ်းရေးရရှိဖို့၊ အောင်မြင်ဖို့လည်း တော်တော်များများရှိပါတယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ တော်တော်များများ ရှိပါတယ်။ ဒါပေမယ့် အဲ့ဒီပြဿနာတွေ အားလုံးကို ကျော်လွှားနိုင်ပါမယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ ခိုင်မာတဲ့ ငြိမ်းချမ်းရေး ရရှိနိုင်ဖို့ အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုလည်း အင်မတန် အရေးကြီးပါတယ်။

အစိုးရ၊ တပ်မတော်၊ လက်နက်ကိုင်အဖွဲ့၊ တိုင်းရင်းသားတွေ၊ အဖွဲ့အစည်းတွေကြားမှာ နားလည်မှုနဲ့ ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု ရရှိဖို့ကလည်း အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်မို့ အမျိုးသားရင်ကြားစေ့ရေးလည်း အင်မတန်အရေးကြီးတယ်လို့ ယူဆမိပါတယ်။

**ခိုင်ခိုင်မာမာယုံကြည်**

ဒါကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကျွန်တော်တို့နိုင်ငံက အပြည့်အဝ ထောက်ခံပါတယ်။ ဒါကြောင့်မို့ အဲ့ဒီငြိမ်းချမ်းရေးကို လျှောက်လှမ်းတဲ့ လမ်းကြောင်းဟာ အောင်မြင်မှုမုချရမယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ အားလုံးကလည်း ငြိမ်းချမ်းရေးရဖို့၊ နောင်မှာ လက်နက်ကိုင်ပဋိပက္ခ ထပ်မဖြစ်ဖို့ ဆန္ဒလည်းရှိရပါမယ်။ အပြန်အလှန် စေ့စပ်ညှိနှိုင်းမှုကလည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပေါင်း ၇၀ လောက်နီးပါး မြန်မာနိုင်ငံဟာ ငြိမ်းချမ်းမှုမရှိခဲ့ပါဘူး။ ဒါကြောင့်မို့ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာ တိုးတက်မှုရှိသင့်သလောက် မရှိခဲ့ပါဘူး။ အဲ့ဒါက ဝမ်းနည်းစရာကောင်းပါတယ်။

ဒါကြောင့် အစိုးရက အဲ့ဒီပြဿနာကို ပဓာနထားတာကို ကျွန်တော်တို့ များစွာ ချီးကျူးပါတယ်။ ကျွန်တော်တို့ ရုရှားဖက်ဒရေးရှင်းပြည်ထောင်စုနိုင်ငံဆိုရင် တိုင်းရင်းသားမျိုးစုံနေထိုင်ကြတဲ့နိုင်ငံတစ်နိုင်ငံ၊ ဘာသာမျိုးစုံကိုးကွယ်ကြတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒ့ါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ညီညွတ်ရေးက ဘာလို့အရေးကြီးသလဲဆိုတာ ကျွန်တော်တို့ ကောင်းကောင်းနားလည်ပါတယ်။ အခု မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာတွေကို ကောင်းကောင်းနားလည်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အားလုံးက ဉမကွဲသိုက်မပျက်နဲ့ ညီညီညွတ်ညွတ် နေထိုင်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

**အဓိကတန်ဖိုးဖြစ်**

မြန်မာနိုင်ငံအတွက် အင်အားကောင်းတဲ့တပ်မတော် မရှိမဖြစ် လိုပါတယ်။ ဒါကြောင့်မို့ ရုရှားနိုင်ငံရဲ့အကောင်းဆုံး စစ်တက္ကသိုလ်တွေမှာ မြန်မာ့တပ်မတော်က ပညာတော်သင် စုစုပေါင်း ၆၀၀၀ လောက်တက္ကသိုလ်ဘွဲ့ရပြီးဖြစ်ပါတယ်။ တချို့က ဘွဲ့လွန်သင်တန်း၊ ဒေါက်တာဘွဲ့ရတာတွေလည်း ရှိပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံမှာ ပညာသင်ယူနေတဲ့ မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူ ၆၀၀ ကျော်ကျော် ရှိပါတယ်။ အကျိုးကျေးဇူးအများကြီးရှိပါတယ်။ လူသားအရင်းအမြစ်ဆိုတာကလည်း အဓိကတန်ဖိုးဖြစ်ပါတယ်။

နောက်လေယာဉ်ပျံတွေ၊ ရဟတ်ယာဉ်တွေ၊ တခြားကာကွယ်ရေးအတွက် အသုံးပြုနိုင်ဖို့ လက်နက်တွေကို ရောင်းပါတယ်။ ကာကွယ်ရေး နယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ အဲဒါလည်းအရေးကြီးပါတယ်။ နှစ်နိုင်ငံအစိုးရတွေအကြား၊ တပ်မတော်နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်ရေး တိုးတက်နေပါတယ်။ အနာဂတ်မှာလည်းတပ်မတော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖို့ ဆန္ဒရှိပါတယ်။

**မေး။ ။ရုရှားနဲ့ မြန်မာနိုင်ငံအကြားမှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိချင်ပါတယ်။**

ဖြေ။ ။စီးပွားရေးနယ်ပယ်ကလည်းအင်မတန် အရေးကြီးပါတယ်။ နှစ်နိုင်ငံသမိုင်းကိုကြည့်လျှင် ရုရှား၊ ဆိုဗီယက်အကူအညီနဲ့စီမံကိန်းတချို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာ ရန်ကုန်အင်းစိန် စက်မှုတက္ကသိုလ် တည်ဆောက်ခဲ့ပါတယ်။ အင်းယားလိတ်ဟိုတယ် တည်ဆောက်ခဲ့ပါတယ်။ အခုထိလည်း ဟိုတယ်က နာမည်ကြီးပါတယ်။ တောင်ကြီးမြို့မှာ စဝ်စံထွန်းဆေးရုံတည်ဆောက်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာဆိုရင် ကြက်မောက်တောင်ဆည်လည်း တည်ဆောက်ခဲ့ပါတယ်။

အခု စဝ်စံထွန်းဆေးရုံကို အကူအညီပေးဖို့ရှိပါတယ်။ တောင်ကြီးမြို့နားမှာရှိတဲ့ သံမဏိစက်ရုံကို တည်ဆောက်နေတာ ပြီးလုနီးဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ နှစ်နိုင်ငံ အခြားစီမံကိန်းတွေကိုလည်း အကောင်အထည်ဖော်ဖို့ အသင့်ရှိပါတယ်။ ဥပမာအားဖြင့် တချို့ရုရှားကုမ္ပဏီတွေက ရေနံရှာဖွေရေးလုပ်ငန်းမှာတက်တက်ကြွကြွပါဝင်နေပါတယ်။ မြန်မာနိုင်ငံဟာ ရေနံနဲ့ သဘာဝဓာတ်ငွေ့သယံဇာတနယ်ပယ်မှာ တော်တော်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီနယ်ပယ်မှာ ပူးပေါင်း ဆောင်ရွက်ဖို့ အသင့်ရှိနေပါတယ်။

**ပူးပေါင်းဆောင်ရွက်မှုများ**

အခြား စက်ရုံတွေကိုလည်း ကျွန်တော်တို့ ထပ်တိုးတည်ဆောက်နိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ သီးနှံ၊ ဟင်းသီးဟင်းရွက် ၊ သစ်သီးတော်တော်များများကို ထုတ်လုပ်နိုင်ပါတယ်။ ရုရှားနည်းပညာကို အသုံးပြုပြီးနှစ်ဖက်စလုံး အကျိုးရှိနိုင်လိမ့်မယ်လို့ ကျွန်တော် ယူဆမိပါတယ် ။ ဒါကြောင့်မို့ ကျွန်တော်တို့ စီးပွားရေးနယ်ပယ်မှာ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးတိုးမြှင့်စေဖို့ အလားအလာအခွင့်အလမ်းတွေ တော်တော်များများ ရှိပါတယ်။ ဒါကြောင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုတွေ ထူထောင်နိုင်ဖို့ များစွာကြိုးစားနေပါတယ်။

**မေး။ ။လွန်ခဲ့တဲ့လေး၊ ငါးနှစ်အတွင်းမှာ ရုရှားနိုင်ငံအစိုးရဟာ အာရှနိုင်ငံတွေနဲ့ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ယခုလက်ရှိမှာ ရုရှားနဲ့မြန်မာနိုင်ငံကြားမှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ဘယ်အဆင့်လောက်မှာရှိပါသလဲ။**

ဖြေ။ ။ရုရှားနိုင်ငံဟာ နိုင်ငံကြီးဖြစ်ပါတယ်။ တစ်ပိုင်းက ဥရောပတိုက်မှာရှိပြီး အများစုက အာရှတိုက်မှာ ရှိပါတယ် ။ ဒါကြောင့် အရှေ့တောင်အာရှ၊ အရှေ့အာရှဒေသမှာရှိတဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေဖို့ ကြိုးစားပါတယ်။ လွန်ခဲ့တဲ့နှစ်က ရုရှား - အာဆီယံ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ အာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဖို့ ကျွန်တော်တို့ ခေါင်းဆောင်တွေက ဆုံးဖြတ်ချက်ချပါတယ်။ နိုင်ငံရေးတွေလည်းပါတယ်။ စီးပွားရေးလည်းပါတယ်။ ကာကွယ်ရေးလည်းပါတယ်။ နယ်ပယ်အသီးသီးပါပါတယ်။

ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်မှု ရရှိဖို့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့က ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး တည်ငြိမ်မှုတွေရအောင် တိုးပြီး ကြိုးစားနေပါတယ်။ နိုင်ငံတကာ မျက်နှာစာ၊ နိုင်ငံတကာ ပြဿနာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ရပ်တည်ချက်တွေ ကိုက်ညီပါတယ်။ တူညီပါတယ်။



မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာနီကိုလေးအေလစ်တိုပါးဒွေါဖ်

အထူးသဖြင့် အင်မတန်အရေးကြီးတဲ့ ပြဿနာဖြစ်တဲ့ နိုင်ငံတကာ အကြမ်းဖက်မှုကို ကျွန်တော်တို့ လုံးဝလက်မခံဘူး။ ဒါကြောင့် အဲဒီအကြမ်းဖက်မှုကို ကျွန်တော်တို့ ရှုတ်ချပါတယ်။ လုံးဝလက်မခံပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ပါတယ်။ နောက်ကျွန်တော်တို့က ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို လေးစားပါတယ်။ အခြားနိုင်ငံရဲ့ပြည်တွင်းရေးကိစ္စ ဝင်ရောက်စွက်ဖက်မှုကို လုံးဝမလိုလားပါဘူး။

ဥပမာအားဖြင့်ဆိုရင် လာမယ့်နိုဝင်ဘာလမှာ နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပပါမယ်။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီး တက်ရောက်ပါမယ်။ အစည်းအဝေးမှာ သက်ဆိုင်တဲ့ကိစ္စတွေကို ဆွေးနွေးတိုင်ပင်ပါမယ်။ နောက်အရှေ့တောင်အာရှနိုင်ငံတွေမှာ စီးပွားရေးနဲ့ ကုန်သွယ်ရေးနယ်ပယ်တွေမှာ တိုးပြီးပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး အကြံပေးစကားများ ပြောချင်ပါသလဲ။**

ဖြေ။ ။ရုရှားနိုင်ငံဟာဆိုရင် ပြည်ထောင်စုနိုင်ငံ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုံရှိပါတယ်။ အများအားဖြင့် ကျွန်တော်တို့ ငြိမ်းချမ်းစွာအတူ နေထိုင်နိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ရုရှားနိုင်ငံရရှိထားတဲ့ အတွေ့အကြုံတွေကို ရနိုင်ပါမယ်။ ငြိမ်းချမ်းရေးရရှိဖို့၊ တကယ့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ကိစ္စဆိုရင် ပြည်တွင်းရေးက အရေးကြီးပါတယ်။ ဒါကြောင့် မြန်မာပြည်သူပြည်သားတွေအပေါ် မူတည်ပါတယ်။ မြန်မာပြည်သူပြည်သားတွေက မြန်မာနိုင်ငံအတွက် ဘာကောင်းလဲ။ ဘာမကောင်းဘူးလဲ သိပါတယ်။

အစိုးရကလည်း ပိုသိပါတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေအရ ဘယ်စနစ်အကောင်းဆုံးလဲဆိုတာ သိပါတယ်။ ကျွန်တော်ပြောတဲ့အတိုင်း ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှုမပြုလိုပါဘူး။ တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှမှုရှိကို ရှိရမယ်။ နောက် မျှတမှုလည်းရှိရပါမယ်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအားလုံး တန်းတူညီမျှမှုရှိရမယ်။ တန်းတူညီမျှမှုနဲ့ ညီမျှမှုကို အခြေခံပြီးခိုင်မာတဲ့ဖက်ဒရယ် နိုင်ငံကိုထူထောင်နိုင်ပါမယ်လို့ ယူဆမိတယ်။

မြန်မာပြည်မှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း အမျိုးမျိုးရှိပါတယ်။ ဒါကြောင့် အဖွဲ့အစည်းအချင်းချင်း နားမလည်မှုလည်းရှိပါတယ်။ အကျိုးစီးပွားလည်း တစ်ခါတလေမတူပါဘူး။ အကျိုးစီးပွားတွေကို အဖွဲ့အစည်းတိုင်းရင်းသားတွေအားလုံး သဟဇာတဖြစ်စေအောင် ကြိုးစားဖို့လည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတအင်မတန်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ သဘာဝအရဆိုရင် အင်မတန်လှပတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေ အကုန်လုံး ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ပါမယ်။ အခုလည်းကောင်းတဲ့ နမူနာတွေလည်း တော်တော်များများရှိပါတယ်။ အများအားဖြင့် နယ်စပ်ဒေသတချို့မှအပ မြန်မာနိုင်ငံမှာဆိုရင် ငြိမ်းချမ်းမှုရှိပါတယ်။ လုံခြုံမှုလည်းရှိပါတယ်။ တည်ငြိမ်မှုလည်းရှိပါတယ်။ ဒါပေမယ့် တစ်ပြည်လုံး၊ တစ်ပြည်ထောင်စုလုံးမှာ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးရရှိဖို့လည်း အရေးကြီးပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဟာ တကယ့်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အောင်မြင်စွာထူထောင်တည်ဆောက်နိုင်မယ်လို့ ကျွန်တော်က ယူဆမိပါတယ်။

**ကျေးဇူးတင်ပါတယ် သံအမတ်ကြီး။**

# မြိတ်ဒေသမှ ရေထွက်ပို့ကုန်များ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့

**နေပြည်တော် ဇွန် ၄**

မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတန်ကျွန်းရှိ ပြည့်ဖြိုးထွန်း ကုမ္ပဏီလီမိတက်၏ ခေတ်မီ ရေငန်ပုစွန်မွေးမြူရေး ဧက ၁၂၀၀ စီမံကိန်းရုံးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဇွန် ၃ ရက် နံနက်ပိုင်းက ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ဒါရိုက်တာ ဦးကျော်လင်းက ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပုစွန်ပျော့မွေးမြူရေး စီမံကိန်းနယ်မြေအတွင်း ပုစွန်သားဖောက်ပြုစုကန်၊ ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် အသားတိုးငါး စမ်းသပ်မွေးမြူရေးကန်များသို့ လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ စီမံကိန်းနယ်မြေအတွင်း ပုစွန်မွေးမြူရေးကန်များမှ ပြည်ပသို့တင်ပို့ရန် ရေငန်ပုစွန်ဖမ်းဆီးနေမှုတို့အား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပထော်ပတက်ကျွန်းရှိ တန် ၁၀၀၀ အအေးခန်းစက်ရုံသို့ ရောက်ရှိပြီး စက်ရုံတွင် ပြည်ပသို့တင်ပို့မည့် ငါး၊ ပုစွန်နှင့် ကဏန်းပျော့များ အအေးခဲနေမှု၊ ထုပ်ပိုးနေမှုများအား အသေးစိတ်လေ့လာပြီး ကျွန်းပေါ်ရှိ ကုန်တင်လှေများ၊ ငါးဖမ်းလှေများ ထုတ်လုပ်ပြင်ဆင်သည့် ရေယာဉ်လွှန်းကျင်းတို့အား ဝင်ရောက်ကြည့်ရှုသည်။ ၎င်းနောက် ပြည့်ဖြိုးထွန်းကုမ္ပဏီသည် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်ရရှိသော ဒေသသစ်များအား တန်ဖိုးမြင့်ထုတ်ကုန်ပြုလုပ်၍ သစ်အချောထည်များပြုလုပ်ပြီး ပြည်ပသို့ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့လျက်ရှိသည့် သစ်အချောကိုင်စက်ရုံသို့ ဝင်ရောက်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပတက်ကျွန်းရှိ အထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းသည်။ ယင်းနောက် ကဏန်းပျော့မွေးမြူရေးကန်များသို့ ရောက်ရှိပြီး ကဏန်းပျော့မွေးမြူထုတ်လုပ်နေမှုအား အသေးစိတ်ကြည့်ရှုကာ ပုစွန်သားဖောက်လုပ်ငန်းခွင်သို့ ကြည့်ရှုခဲ့သည်။

ထို့နောက် မြိတ်မြို့ရှိ မြိတ်ကုန်သွယ်ရေးစခန်းနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ရုံးတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသသည် နိုင်ငံတော်၏ ရေထွက်ပို့ကုန် အဓိကတင်ပို့သည့် ဒေသဖြစ်၍ ယခင်နှစ်ထက် ပြည်ပပို့ကုန်တင်ပို့မှု ပိုမိုတိုးတက်ရရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာရေးအရည်အသွေးတိုးတက်ရေး ဆက်လက်ကြိုးပမ်းပြီး တန်ဖိုးရှိသည့် ပညာရေးစနစ်ဖြစ်ပေါ်ရန် ပူးပေါင်းဆောင်ရွက်



**ရန်ကုန် ဇွန် ၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရာထမ်းများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအနေဖြင့် ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေး ဆက်လက်ကြိုးပမ်းရန်၊ တန်ဖိုးရှိသည့် ပညာရေးစနစ် ဖြစ်ပေါ်လာစေရန်အတွက် အားလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။ ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်တတ်စေရေး လေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား အချိန်ဇယားများအတိုင်း သင်ကြားသင်ယူမှု ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်ပါကြောင်း၊

တိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ် များအနေဖြင့် ကျောင်းအဆင့်များ တိုးမြှင့်ပေးသော်လည်း ယခုပညာသင်နှစ်တွင် လိုအပ်သော ဆရာ၊ စာသင်ခန်း၊ စာသင်ခုံ၊ သင်ထောက်ကူပစ္စည်းများ စသည်တို့ လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်သေးသော်လည်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဖြည့်ဆည်းပေးသွားမည်ကို မိဘအုပ်ထိန်းသူ ပြည်သူများ နားလည်အောင်ရှင်းပြပေးရန် လိုအပ်ပါကြောင်းနှင့် မြေပြင်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးဖြေရှင်းနိုင်ရန် လိုအပ်ပါကြောင်း။

မိဘအုပ်ထိန်းသူ ပြည်သူများနှင့် ဆက်ဆံရာတွင် အသိပေးသင့်သည်များကို အသိပေးပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပညာရေးအရည်အသွေး ကောင်းမွန်စေရန် ကျောင်းထွက်နှုန်း လျော့ကျရန်၊ သင်ယူတတ်မြောက်မှုနှုန်းမြင့်မားရန်၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မိဘဆရာအသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ နဝမတန်းတွင် ဘာသာရပ်ရှစ်မျိုးအနက်မှ ကျောင်းသား၏သင်ယူလိုသည့်ဆန္ဒအရ ဝိဇ္ဇာဘာသာတွဲသင်ယူနိုင်သည်ကိုလည်း အသိပေးဆောင်ရွက်ရန်၊ အထက်တန်းပြ ဆရာ ဆရာမများအား ဘာသာရပ် အရည်အသွေး မြင့်မားရေး မွမ်းမံသင်တန်းများ ပေးရာတွင် တက္ကသိုလ်မှဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များကို တိုင်းဒေသကြီးအလိုက်၊ မြို့နယ်များအလိုက် စီမံကိန်းများအား ဦးစားပေးအစီအစဉ်ဖြင့် စာရင်းပြုစုတင်ပြရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်း၊ ကျောင်းအုပ်၊ ဆရာ ဆရာမများ၏ လိုအပ်ချက်များကို အဓိကပံ့ပိုး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေတို့က ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီးများက သက်ဆိုင်ရာ မြို့နယ်များအလိုက် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Global GAP လက်မှတ်ရ PRIME Agri Ltd သတင်းစာရှင်းလင်း

**တောင်ကြီး ဇွန် ၄**

ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့ အနီးတွင် ခေတ်မီ Green House နည်းစနစ်ဖြင့် စိုက်ပျိုးပြီး Global GAP လက်မှတ်ရရှိထားပြီးဖြစ်သည့် PRIME စိုက်ပျိုးရေးခြံ၏ စိုက်ပျိုးရေး ထုတ်ကုန်များနှင့် ပတ်သက်ပြီး လွှတ်တော်ရေးရာကော်မတီနှင့်တာဝန်ရှိသူများ၊ သတင်းမီဒီယာများအား ရှင်းလင်းဆွေးနွေးပွဲကို နံနက် ၈ နာရီခွဲက အဆိုပါစိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ကြီး ဦးမင်းသစ်နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ PRIME Agri Ltd မှ CEO မစ္စတာ ကင်နက်ကျော်ရှိန်နှင့် ဒါရိုက်တာ မစ္စတာ ဒင်နီရယ်တို့က PRIME FARM မှ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် သီးနှံအမယ်များနှင့် စိုက်ပျိုးထုတ်လုပ်ပုံနည်းစနစ်များ အကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က သိရှိလိုသည်များ မေးမြန်းပြီး **(ဝဲပုံ)** စိုက်ပျိုးရေးထုတ်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စီးပွားလည်းရှာ နည်းပညာလည်း ဖြန့်ဝေပေးရေး၊ ဒေသခံများမှ ယုံကြည်မှုရှိလာစေရေး စသည်ဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။



အဆိုပါ PRIME Agri Ltd မှ တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာအုပ်စု သိမ်ကုန်း ဘုန်းကြီးကျောင်းတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး GAP(Good Agricultural Practice) အသိအမှတ်ပြုလက်မှတ်ရ တောင်သူ ၉၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**နိုင်ထွန်း**(TGI)

# ပျော်ဘွယ်မြို့နယ်တွင် အခြေခံပညာကျောင်းသစ်တစ်ကျောင်းနှင့် အခြေခံပညာကျောင်း ၄၄ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိ

**ပျော်ဘွယ် ဇွန် ၄**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အခြေခံပညာကျောင်းသစ်တစ်ကျောင်း ဖွင့်လှစ်ခွင့်ရရှိခြင်း၊ အခြေခံပညာကျောင်း ၄၄ ကျောင်းမှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသစ်ဖွင့်လှစ်ခွင့်ရရှိသော လျှော်ဖြူပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးအဆင့်မှ အခြေခံပညာ မူလတန်းကျောင်းခွဲအဖြစ် အသစ်ဖွင့်လှစ်ခြင်းဖြစ်ပြီး အထက(ခွဲ)မှ အထက အဆင့်သို့ ခြောက်ကျောင်း၊ အလကမှ အထက(ခွဲ) အဆင့်သို့ တစ်ကျောင်း၊ အလက(ခွဲ)မှ အလကအဆင့်သို့ ၂၁ ကျောင်း၊ အမက (လွန်)မှ အလက(ခွဲ)အဆင့်သို့ လေးကျောင်း၊ အမကမှ အမက(လွန်) အဆင့်သို့ ခြောက်ကျောင်း၊ အမက(ခွဲ)မှ အမကအဆင့်သို့ ခြောက်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၄ ကျောင်းမှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၆၂×၆၆ လမ်းကြား ၁၁×၁၂ လမ်းကြားရှိ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၌ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ဇော် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၃)လုံခြုံရေးရဲဒုတိယကွပ်ကဲမှူး အဖွဲ့မှူး ရဲမှူးကြီး စောမြင့် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၄)ယာဉ်ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲမှူး (မန္တလေး)မှ ရဲမှူး ခင်ဇော်မြင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက်က ဘုရားအတွင်း၊ အပြင်ရှိ အမှိုက်များ၊ ချုံနွယ်များအား စုပေါင်းရှင်းလင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၄**

တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **(မိုး/ဇလ)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၄**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အထက်တန်း ကျောင်းတွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် များ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးတို့က ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်သူတို့အား ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။



**ဝင်ရောက်ယှဉ်ပြိုင်**

ဤပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက် ရှိပြီး အခြေခံပညာမူလတန်း၊ အလယ် တန်း၊ အထက်တန်းနှင့် အလွတ်တန်း တို့ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ် သည်။ ယမန်နှစ်က ၁၈၃ ဦး ကာတွန်း ယှဉ်ပြိုင်၍ ယခုနှစ်တွင် ၂၁၈ ဦးမှ ၂၀၅ ဦး ယှဉ်ပြိုင်ကာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ယမန်နှစ်က ၆၂၉ ဦး ရှိခဲ့ပြီး ယခုနှစ်တွင် ၆၄၄ ဦး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။

"ရန်ကုန်တိုင်းဒေသကြီး အနေနဲ့ မနှစ်က ဆုပေါင်း ၉၃ ဆုချီးမြှင့် ခဲ့ပြီး ဗဟိုအဆင့်မှာ ၄၂ ဦး ဆုရရှိခဲ့ပါ တယ်။ ဇွန် ၂၆ ရက်မှာ မူးယစ်ဆေးဝါး မီးရှို့ပွဲကို လှိုင်သာယာ ကုန်တင်ယာဉ် ရပ်နားစခန်းဝင်းအတွင်းမှာ နံနက်ပိုင်း ကျင်းပပြီးတော့ နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် မူးယစ်ပြတိုက်မှာ ဒီပြိုင်ပွဲက ဆုရသူတွေကို ဆုချီးမြှင့် သွားမှာပါ" ဟု တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဦးစီးပထမတန်း ဒုတိယရဲမှူးကြီး မြင့်ဌေးက ပြောသည်။

**ကြည့်ရှုအားပေး**

ကာတွန်းပြိုင်ပွဲဝင်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုး မင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

" မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးဆိုရင် ကလေးတွေက သိနေကြပြီ။ ဒါကို သုံးစွဲရင် အသက်သေဆုံးနိုင်တယ်ဆို တာကအစ ကလေးတွေ သိနေပြီ။ ဒါကြောင့် ပန်းချီ၊ ကာတွန်းရေးဆွဲ ရာမှာလည်း မူးယစ်ဆေးရဲ့ ဆိုးကျိုး တွေကို ပုံဖော်တတ်နေပြီ"ဟု စမ်းချောင်း မြို့နယ် အမှတ်(၂) အထက်တန်း ကျောင်းမှ ဆရာမ ဒေါ်ဥမ္မာသိန်းက ပြောသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်ပြင်ပမှ အလွတ်တန်း ဝါသနာရှင်များလည်း လာရောက် ယှဉ်ပြိုင်ကြသည်။

"ဆေးလိပ်၊ အရက်၊ ဘီယာနဲ့ ဘိန်းဖြူနဲ့ သေမင်းတို့ကို လက်တွဲထားတဲ့ ပုံကိုဆွဲတာပါ။ ဆေးခြောက်နဲ့ မူးယစ် ဆေးသုံးရင် အရိုးခေါင်းဖြစ်သွားတဲ့ပုံ ကိုလည်း ဆွဲထားတယ်။ ကိုယ်တိုင် စဉ်းစားပြီး ဆွဲတာလေ။ ဆေးလိပ် သောက်ရင် ဦးနှောက်မကောင်းဘူး။ ပညာရေးလည်း ထိခိုက်မယ်လေ"ဟု အမှတ်(၂) အထက်တန်းကျောင်း ကမာရွတ်မှ တတိယတန်းကျောင်းသား မောင်ဝင်းထွဋ်အောင်က သူ၏အတွေး နှင့် ပြိုင်ပွဲဝင်ပုံကို ပြောသည်။

မေ ၄ ရက်တွင် ပိုစတာပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

**သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ - သန်းစိုး**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ မောင်တောမြို့ အထက(၁)၌ ကျင်းပ

မောင်တော ဇွန် ၄

**ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။**



ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် သည့် မောင်တောမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မောင်သန်းဌေးလှိုင်က "မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက် ပြီး အသိပညာပေးတာတွေ ဒီဒေသ မှာ များများလုပ်ပေးစေချင်ပါတယ်။ ဒီ ဒေသမှာ မူးယစ်ဆေးဝါးက ခြိမ်းခြောက် လာနေတယ်။ လူငယ်တွေကြားမှာ လည်း မူးယစ်ဆေးဝါးသုံးစွဲမှုက များလာ တယ် "ဟု ပြောသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို လူသားတို့ ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ် ဆန့်ကျင်စို့၊ မူးယစ် ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး၊ အားကစားဖြင့် မျိုးဂုဏ်မြင့် ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့၊ သက်ရှည် ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါး တိုက်ဖျက်ပါ၊ မူးယစ်စွဲသူ ဖေးမကူ ရောင်းချသူကို အရေးယူ ပြိုင်တူ ဆောင်ရွက် တိုင်းပြည်အတွက် စသည့် ဆောင်ပုဒ်များဖြင့် ပြိုင်ပွဲပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်**

မောင်တောမြို့မူးယစ်တပ်ဖွဲ့စု (၄၆) မှ ရဲမှူးမောင်မောင်ယဉ်က "မောင်တော ခရိုင်မှာ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်ပြီး အသိပညာပေးတာတွေ နှစ်စဉ် ကျင်းပပါတယ်။ ဇွန်၂၆ ရက်မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရား မဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် ကြိုတင်ပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာနဲ့ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ကျင်းပပြုလုပ်တာပါ။ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက် ပြီးတော့လည်း ကျောင်းတွေ၊ ရပ်ကွက် တွေထဲမှာလည်း အသိပညာပေး ဟောပြောပွဲတွေ လုပ်သွားမှာပါ" ဟု ပြောသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲသို့ မောင်တောနှင့် ဘူးသီး တောင်မြို့နယ်တို့မှ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်း ကျောင်းနှင့် မူလွန်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးက သိရ သည်။ **သတင်း-မင်းသစ်(MNA)၊**

**အောင်ကျော်စိန်(ခရိုင် ပြန်/ဆက်)**

**ဓာတ်ပုံ-ရဲထွဋ်**

# စစ်တွေမြို့တွင် ထမင်းကြော်၊ မုန့်တီ၊ ခေါက်ဆွဲကြော်စားသုံးသူ ကလေး ၁၂ ဦးနှင့် လူကြီးတစ်ဦးတို့ အော့အန်ပြီး စစ်တွေဆေးရုံ၌ ကုသမှုခံယူ

**စစ်တွေ ဇွန် ၄**

စစ်တွေမြို့တွင် ထမင်းကြော်၊ မုန့်တီ၊ ခေါက်ဆွဲကြော်များစားသုံး မိသူ ၁၆ ဦး မူးမော်၊ အော့အန်၊ ဝမ်းလျှောမှုများဖြစ်ပွားကာ ကလေး ၁၂ ဦးနှင့် လူကြီးတစ်ဦးတို့ စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရ ကြောင်း သိရသည်။

စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် နေပူခံအကွက်တွင် ထမင်းကြော်၊ မုန့်တီနှင့် ခေါက်ဆွဲကြော်များ ရောင်းချနေသော ဒေါ်နုနုခင်၏ဆိုင်မှ ထမင်းကြော်၊ မုန့်တီနှင့် ခေါက်ဆွဲကြော်တို့ စားသုံးပြီး တစ်ရပ်ကွက်တည်းနေ စားသုံးသူ ၁၆ ဦး မူးမော်၊ အော့အန်၊ ဝမ်းလျှောမှုများဖြစ်ပွားကာ ကလေး ၁၂ ဦးနှင့် လူကြီးတစ်ဦးတို့ စစ်တွေဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက် ရှိပြီး လူကြီးသုံးဦးမှာ မိမိနေအိမ်တွင် ပြင်ပလူနာအဖြစ် ကုသမှု ခံယူနေရသည်။

"ကလေးတွေ မူးမော်၊ အော့အန်၊ ဝမ်းလျှောတာကတော့ မှန်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်မှာ ရောင်းနေတဲ့ ဒေါ်နုနုခင် ဆိုင်က ထမင်းကြော်၊ မုန့်တီ၊ ခေါက်ဆွဲတို့ကိုစားပြီးဖြစ်တာပါ။ ကလေးတွေကို ဆေးရုံပို့လိုက်ရပါတယ်" ဟု ရွာကြီးမြောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းထွန်းက ပြောသည်။

ကလေးများကို စစ်တွေဆေးရုံကြီးမှ ဆေးသွင်းပေးကြောင်း၊ ရေသန့်နှင့် ဓာတ်ဆားများကို အပြင်မှ ဝယ်ယူ၍ တိုက်နေရ ကြောင်း၊ ကလေးများမှာ နေကောင်းသွားကြပြီဖြစ်ကြောင်း လူနာများ၏ မိဘများပြောပြချက်အရ သိရသည်။

"ကလေးတွေဖြစ်တာက ဒီနေ့ နံနက် ၈ နာရီခွဲလောက်က ဖြစ်တာပါ။ အရင်လည်း ဒီဆိုင်မှာစားနေကြတာပါပဲ။ ဒီနေ့တော့ နံနက်ပိုင်းက ထမင်းကြော်စားလာပြီးတော့ ဖြစ်တာပါ။ အစ ပိုင်း အော့အန်ပါတယ်။ နောက်ပြီး ဝမ်းလျှောလာပါတယ်။ ကလေးတွေ အတော်များများဖြစ်ကြတော့ ဆေးရုံတက်ပြီး ကုသတာပါ။ ခုတော့ သက်သာနေပါပြီ။ ဆေးတော့သွင်း ပေးပါတယ်။ ကျွန်မရဲ့သမီးနှစ်ဦး ဖြစ်တာပါ။ ပြည်နယ် လူမှုရေး ဝန်ကြီးလည်းရောက်လာပါတယ်။ ကလေးတစ်ဦးစီကို ငွေကျပ် တစ်သောင်းစီပေးခဲ့ပါတယ်" ဟု ကလေးလူနာမိခင် ဒေါ်အနူက ပြောသည်။

စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဖြစ်ပွားရာရပ်ကွက်သို့ သွားရောက်ကာ လိုအပ်သော စစ်ဆေး မှုများကို ပြုလုပ်ခဲ့ကြောင်း၊ အစားအသောက်များကို စနစ်တကျ ရောင်းချရန်၊ ပတ်ဝန်းကျင်သန့်ရှင်းမှုများကို တစ်ရပ်ကွက်လုံး ပြုလုပ်ကြရန်၊ ရေကောင်းရေသန့်များကို အသုံးပြုကြရန်၊ ထူးခြားမှုတစ်ခုခု ဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ သတင်း ပို့ကြရန်နှင့် ကျန်းမာရေးဌာန၏ ပညာပေးမှုများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးမှူး(၁)ဦးစောဝင်း မောင်က ပြောသည်။

ဆေးကုသနေသော ကလေးငယ်များ၏ အခြေအနေအား သွားရောက်သတင်းယူရန် စစ်တွေဆေးရုံကြီးသို့ ယနေ့ ညနေ ၅ နာရီခန့်က ရောက်ရှိခဲ့သော်လည်း တာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းခွင့် မရခဲ့ပေ။

ဆေးရုံတက်နေသော ကလေးများအား စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ရေသန့်ဘူးများ လှူဒါန်းပေးနေ ကြောင်း သိရသည်။

စစ်တွေဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးဝါး ကုသမှုခံယူနေကြသော ကလေးများမှာ အသက် သုံးနှစ်မှ ၁၂ နှစ်အထိ ကလေးငယ် ၁၂ ဦးနှင့် အသက် ၁၉ နှစ်ရှိ အမျိုးသမီး တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**သတင်း-လေးဝတီထွန်းစောခိုင်**

**ဓာတ်ပုံ-ဖရုံကာသား**



**စစ်တွေဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ကလေးငယ်များအား တွေ့ရစဉ်**

❀ ရှေ့ဖုံးမှ

ဆိုးတာက ဒီနေရာမှာ ဒယ်အိုးလိုဖြစ်နေတော့ မိုးရေက ဘယ်မှမထွက်တော့ဘဲ ခရီးသည်တင်ကားတွေလည်း သွားမရ၊ ပြည်သူတွေလည်း အခက်အခဲကြုံတွေ့ခဲ့ရတယ်'' ဟု အရှေ့ရွှေဂုံတိုင်လမ်း တာမွေမီးပွိုင့်အနီး Ocean Super Center ရှေ့၌ ရေကြီးနစ်မြုပ်နေမှုနှင့် ပတ်သက်၍ ဝန်းကျင်နေ ပြည်သူတစ်ဦးဖြစ်သူ ဦးမြညွန့်က ပြောသည်။

ရန်ကုန်မြို့ တာမွေအဝိုင်း Ocean Super Center ရှေ့ အရှေ့ရွှေဂုံတိုင်လမ်း၌ ယခင်နှစ်များက မိုးရွာသွန်းသည့်အချိန်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်သော်လည်း ယခုနှစ်ကဲ့သို့ ပြည်သူများ လမ်းခရီးသွားလာမှုကို အနှောင့်အယှက်မဖြစ်စေဘဲ အချိန်အနည်းငယ်အတွင်း မိုးရေလျှံမှုမှာ ပြန်လည်ကျဆင်းသွားပြီး ယခုကဲ့သို့ သိုလှောင်ထားသည့် အခြေအနေမျိုး ဖြစ်မနေကြောင်း ဝန်းကျင်နေ ပြည်သူများထံမှ သိရသည်။

ယခင်နှစ်များတွင် ရေလျှံမှုဖြစ်ပေါ်လျှင် Ocean Super Center ဘက်သို့ စီးဆင်းသွားကြောင်း၊ ယခုအခါ Ocean Super Center ဘက်သို့ မစီးဆင်းတော့ဘဲ ရေများတန့်နေကြောင်း၊ မြို့တော်စည်ပင်မှလည်း လမ်းဘေးရေစီးမြောင်းများ ပြုပြင်ဆယ်ယူမှုများကို မကြာမီကာလအတွင်းက ပြုလုပ်ထားသော်လည်း စည်းကမ်းမရှိပြည်သူများ လွယ်လင့်တကူ အမှိုက်စွန့်ပစ်မှုများကြောင့် ယခုကဲ့သို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း တာမွေမီးပွိုင့်အနီး၌ နေထိုင်သော ဒေါ်ကလျာက ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်မြို့၌ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်က ရွာသွန်းသော မိုးရေချိန်ကြောင့် မြို့တွင်းကားလမ်းအချို့နှင့် ရပ်ကွက်အချို့တို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် အရှေ့ရွှေဂုံတိုင်လမ်း တာမွေအဝိုင်းအနီး Ocean Super Center ရှေ့ပြည်လမ်း ရန်ကုန်တက္ကသိုလ်ဝန်းကျင်၊ စမ်းချောင်းမြို့နယ် မြေနီကုန်းဒဂုံစင်တာ အနီး ဝန်းကျင်နှင့် မြို့နေရာအနှံ့အပြားတို့တွင် သိသာထူးခြားသော ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး မိုးရွာသွန်းချိန်ကာလ၌ ရေလျှံမှုမှာ ငါးပေ၊ ခြောက်ပေဝန်းကျင်အထိ မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

''ကျွန်တော်တို့လည်း ပြည်သူတွေ သိတဲ့အတိုင်း မိုးမကျမီ ရေကြီးရေလျှံမှု အခုလိုမဖြစ်အောင် အတတ်နိုင်ဆုံးတော့ သက်ဆိုင်ရာကချပေးတဲ့ ဘတ်ဂျက်နဲ့ ရေမြောင်းတွေဆယ်၊ မြောင်းအသစ်ဆောက်လုပ်မှုတွေလုပ်၊ ရေထုတ်မြောင်းတွေ ပြုပြင်မွမ်းမံခဲ့တာပါပဲ။ ဒါပေမယ့် ဘယ် အရာပဲဖြစ်ဖြစ် ပြည်သူတွေ ကိုယ်တိုင်က လိုက်ပါနိုင်မှုအားနည်းရင် အခုလို ရေကြီးရေလျှံမှုက ဖြစ်နေဦးမှာပဲ။ ဒီနေ့ဖြစ်ပေါ်တဲ့ ရေလျှံနေရာတွေဆို မြောင်းအနက်တွေ တူး၊ အသစ်တည်ဆောက်မှုတွေ၊ မွမ်းမံမှု တွေလုပ်ထားတာ မကြာသေးဘူး။ ဒါပေမယ့် ပြည်သူတွေက လွယ်လင့်တကူ အမှိုက်တွေပစ်၊ ပလတ်စတစ်အိတ်တွေ စည်းကမ်းတကျမသုံးကြဘူး၊ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက လိုက်ပါဆောင်ရွက်မှုမရှိရင် ဘယ်အရာ ဘယ်လောက်ပဲ အောင်မြင်အောင်လုပ်ပါစေ အထမြောက်မှာ မဟုတ်ပါဘူး။ အခုလို မြို့တော်စည်ပင်နဲ့ဆိုင်တဲ့ ရေကြီးရေလျှံမှုမှ မဟုတ်ဘူး။ အရာအားလုံးကို ပြောတာ ဖြစ်ပါတယ်'' ဟု ယနေ့ မြို့တွင်းနေရာအချို့၌ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယနေ့နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှု အခြေအနေနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာမိုးရေချိန် အများဆုံးမှာ ပေါင်မြို့ဖြစ်ပြီး မိုးရေချိန် ၂ ဒသမ ၇၂ လက်မအထိ မြင့်တက်ခဲ့ကာ ထားဝယ်မြို့တွင် ၂ဒသမ ၄၇ လက်မ၊ လောင်းလုံးမြို့တွင် ၂ဒသမ ၂၈ လက်မ၊ ရှမ်းရွာသစ်တွင် ၂ ဒသမ ၂၃ လက်မ၊ နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်)နှင့် မုဒုံမြို့နယ်တို့တွင် ၂ ဒသမ ၀၀ လက်မနှင့် အခြားကျိုက္ခမီ၊ ချောင်းဆုံ၊ မြိတ်နှင့် နေပြည်တော် ဇေယျာသီရိမြို့နယ်တို့တွင် မိုးရေချိန် အနည်းငယ်စီသာ မြင့်တက်ခဲ့ကြောင်း သိရသည်။

အလားတူ လမ်းမတော်မြို့နယ်အတွင်း မိုးသည်းထန်ပြီး ကျုံးကြီးမြောင်း ရေပြည့်လျှံမှုကြောင့် ကားလမ်းများ ရေလွှမ်းခဲ့သည်။ ယင်းရေမြောင်းသို့ အနော်ရထာလမ်းအနီးရှိ လမ်းသွယ်အတိုများမှ ရေများစီးဆင်းနိုင်ခြင်းမရှိတော့ဘဲ အနော်ရထာကားလမ်းမပေါ်သို့ ရေလျှံတက်လာခြင်း ဖြစ်သည်။ မိုးရေများပြားသဖြင့် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းများအကြား လမ်းသွယ်များ၌ တိုက်ရှေ့ကြမ်းပြင် ရေထိသည်အထိ ရေများ မြင့်တက်လာသည်။

၂၀၀၈ ခုနှစ် နာဂစ်ဖြစ်ပွားသော မေ ၃ ရက် နေ့လယ်ပိုင်းရွာသွန်းသော မိုးကြောင့် လမ်းသွယ်များအတွင်း မြင့်တက်လာသည့် ရေပြင်ထက် ယနေ့တွင် ပိုမိုများပြားကြောင်း လမ်းမတော်(၅)ရပ်ကွက် လမ်းသွယ်များနှင့် လှည်းတန်းလမ်းအတွင်း နေထိုင်သူများက ပြောသည်။

ကားလမ်းမများနံဘေး၌ ရပ်ထားသော ယာဉ်ငယ်များနှင့် ကားလမ်းများပေါ်တွင် မောင်းနှင်နေရသော ယာဉ်ငယ်များသည် အများစုမှာ ယာဉ်အောက်ပိုင်းရေထိမှုများနှင့် ကြုံတွေ့နေရသည်။

ရန်ကုန်မြစ်အတွင်း မြစ်ရေသည် မြို့တွင်းမှ ရေများမထွက်နိုင်သည်အထိ မြင့်တက်နေခြင်း မရှိသေးကြောင်း၊ သို့သော် ရေထိန်းတံခါးများဖြစ်သော ဘုန်းကြီးလမ်း မော်တင်တို့ရှိ ရေထိန်းတံခါးအနီးတွင် အမှိုက်များဖြင့် ပိတ်ဆို့နေခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရွာစဉ် ကမ်းနားလမ်း ညစျေးနေရာတွင် အမြင့်တစ်ပေခန့်ရှိသော ရေဖုံးလွှမ်းနေကြောင်း မော်တင်ရေထိန်းတံခါးအနီးရှိ ညစျေးတန်းရောင်းနေသူတစ်ဦးက ပြောသည်။

တိုက်ခန်းများရှေ့ ကြမ်းပြင်တိုက်လုနီးပါးရှိသောရေသည် မိနစ် ၄၀ အတွင်း ပြန်လည်ကျဆင်းသွားပြီး ကားလမ်းမများပေါ်၌ တစ်နာရီဝန်းကျင်ခန့်ကြာမှ ရေများ ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မိုးရာသီအတွင်း ရန်ကုန်မြို့နယ်အတွင်း ကားလမ်းမများရှိ ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းကို ငွေကျပ် တစ်ဘီလီယံ အကုန်အကျခံကာ ကန်ထရိုက်စနစ်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ဆောင်ပေးခဲ့သည်။ ယခုနှစ် မေလအတွင်း၌လည်း ရေထိန်းတံခါးရှိသော ကျုံးကြီးမြောင်းဆယ်ယူရှင်းလင်းခြင်းကို မြို့တော်စည်ပင်မှ လုပ်ဆောင်ပေးခဲ့သည်ဟု သိရသည်။ အမည်တပ်တောင်၊ မြောက်လမ်းများတွင် သုံးပေအကျယ်ရေမြောင်းများ အသစ်ဖောက်လုပ်ခြင်းများ ရှိခဲ့သော်လည်း အနော်ရထာ၊ မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းတို့ရှိ အရှေ့ အနောက်ရေမြောင်းများမှာ သုံးပေအကျယ်မရှိဘဲ အချို့နေရာများတွင် တစ်ပေဝန်းကျင်သာ အကျယ်ရှိကြောင်း မဟာဗန္ဓုလလမ်းနေ ဦးအောင်အောင်က ပြောသည်။

ထို့အတူ မြစ်ထွက်ပေါက်များ၌ ရေထွက်နိုင်အား အပြည့်ရှိရေးကို လုပ်ဆောင်ပေးသင့်သည်ဟု လမ်းမတော်မြို့နယ်နေ ကိုတိုးက ပြောသည်။



တာမွေမီးပွိုင့်အနီး Ocean Super Center ရှေ့၌ ရေကြီးနစ်မြုပ်နေမှုမြင်ကွင်းကို တွေ့ရစဉ်

# သည်းထန်မိုးကြောင့် သစ်ပင်လဲ၊ အုတ်တံတိုင်းပြို၊ ကားပါကင်အတွင်း ရေများဝင်

**ရန်ကုန် ဇွန် ၄**

ယမန်နေ့ မွန်းလွဲ ၂ နာရီကျော်ခန့်က ရွာသွန်းခဲ့သောမိုးကြောင့် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် အနောက်ပိုင်းခရိုင်အတွင်းရှိ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗားကရာလမ်းမ အထက(၁)ကျောင်းဝင်းထောင့်ရှိ အမြင့် ၃၅ ပေခန့်၊ လုံးပတ် ခုနစ်ပေခန့်ရှိသော နှစ်ချို့ကုလားမန်ကျည်းပင်ကြီးမှာ အမြစ်မှ စတင်ပြိုလဲမှုဖြစ်ပွားခဲ့သည်။ ယင်းအပင်ကြီး ပြိုလဲမှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိမှုမဖြစ်ခဲ့သော်လည်း ဗားကရာလမ်းတစ်ခြမ်းလုံး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့သည်။

သစ်ပင်ပြိုလဲရာသို့ ကြည့်မြင်တိုင်မြို့နယ် ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်းများ၊ ကြည့်မြင်တိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် ပန်းဥယျာဉ်ဌာနမှဝန်ထမ်းများက စက်ယန္တရားကြီးများဖြင့် လာရောက်ရှင်းလင်းပေးခဲ့ကြသည်။



ထို့အတူ ညနေ ၄ နာရီခန့်က စမ်းချောင်းမြို့နယ် ဗားကရာလမ်းမရှိ ကျွန်းတော ဘုန်းကြီးကျောင်းတိုက်၏ အမြင့် ၁၀ ပေခန့်၊ အကျယ်ပေ ၃၀ ခန့်၊ အုတ်တံတိုင်းမှာ မြေများအိကျလာပြီး ပြိုကျမှုဖြစ်ခဲ့သည်။

ဆက်လက်၍ စမ်းချောင်းမြို့နယ် မြေနီကုန်း ဒဂုံစင်တာ(၁) မြေအောက် ကားရပ်နားရာနေရာအတွင်းသို့ အမြင့်နှစ်ပေခန့် မိုးရေများ စီးဝင်လာခဲ့ခြင်းကြောင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်အကူအညီပေးခဲ့ရသည်။

ကားပိုင်ရှင်တစ်ဦး၏ အဆိုအရ အတွင်း၌ မော်တော်ယာဉ် ၁၅ စီးခန့်ရှိသည်ဟု ဆိုသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# လှိုင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲပြီး နေအိမ်အချို့ပျက်စီး

**ရန်ကုန် ဇွန် ၄**

ယနေ့ မွန်းလွဲပိုင်းက မိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်မြို့နယ် အမှတ် (၃)ရပ်ကွက် ကမာရွတ် ဘူတာရုံလမ်းနှင့် (၁၁)လမ်းထောင့်ရှိ ရတနာမွန်စျေးဆိုင်ခန်း ၁၆၀ အနက် ဆိုင်ခန်းပေါင်း ၇၀ ခန့်သည် မိုးထားသော သွပ်ပြားများ လန်ကာပျက်စီးခဲ့ပြီး (၁၁)လမ်းတစ်လျှောက်ရှိ သစ်ပင်တချို့လဲကျခဲ့သည်။ ထို့အပြင် အဆိုပါမြို့နယ် အမှတ်(၁)ရပ်ကွက် ဘူတာရုံလမ်းရှိ လျှပ်စစ်ဓာတ်တိုင်နှစ်တိုင် ကျိုးပဲ့ပျက်စီးခဲ့သည့်အပြင် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ အမှတ်(၅)ရပ်ကွက် ကမာရွတ် ဘူတာရုံ ရုံးဟောင်းအနီးရှိ လုံးပတ် သုံးပေ၊ အမြင့် ၂၅ ပေခန့်ရှိ ကုက္ကိုပင်သည် ရထားသံလမ်းပေါ်သို့ လဲကျခဲ့သဖြင့် မီးရထားသွားလာမှု ခေတ္တပိတ်ထားခဲ့ရသည်။

လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးဒုက္ခရောက်သူများအား မြို့နယ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းကောက်ယူလျက်ရှိပြီး နေထိုင်ရန်အခက်အခဲဖြစ်ပေါ်သူများအား အမိုးအကာအောက် ရွှေ့ပြောင်းပေးကာ ယာယီနေရာချပေးထားကြောင်း သိရသည်။

**မြတ်စိုး(လှိုင်)**

# လူအုပ်အတွင်း ကြောက်မက်ဖွယ်ဝင်ရောက်တိုက်ခိုက်မှု လန်ဒန်၌ဖြစ်ပွား

**လန်ဒန် ဇွန် ၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် လန်ဒန်တံတားပေါ်တွင် စနေနေ့ညပိုင်းက ဗင်ကားတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်လာပြီး လူအုပ်အတွင်းသို့ အတင်းဝင်တိုက်ခဲ့ပြီးနောက် အနီးအနားလမ်းများပေါ်ရှိ လူများအား ဓားဖြင့်ထိုးနှက်တိုက်ခိုက်ခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးသွားပြီး လူများစွာ ဒဏ်ရာရရှိခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်ကို အကြမ်းဖက်တိုက်ခိုက်မှု တစ်ခုအဖြစ် သံသယဖြစ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ဒေသစံတော်ချိန် ည ၁၀ နာရီတွင် အရေးပေါ် ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိပြီး ရှစ်မိနစ်အတွင်း လက်နက်ကိုင်ဆောင်ထားကြသည့် ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ အပြေးအလွှား ရောက်ရှိလာကြပြီး တံတားအနီး ဘိုရတ်ဂ်ဈေးအတွင်းရှိ တိုက်ခိုက်သူအမျိုးသားသုံးဦးကို အသေပစ်သတ်ဖမ်းဆီးခဲ့ကြသည်။



တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားသည့်နေရာမှလူများ လက်ကိုမြှောက်လျက် ထွက်ခွာလာသည်ကို တွေ့ရစဉ်

ယင်းတိုက်ခိုက်မှုအတွင်း လူ ၄၈ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြသည်။ ဗြိတိန်နိုင်ငံ၌ သုံးလမပြည့်သေးမီကာလအတွင်း သုံးကြိမ်မြောက်ဝင်ရောက်လာသည့် တိုက်ခိုက်မှုဖြစ်ပြီး လာမည့်ကြာသပတေးနေ့တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ မတိုင်မီဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အာဏာရ ကွန်ဆာဗေးတစ်ပါတီ၊ အတိုက်အခံအလုပ်သမားပါတီနှင့် စကော့တလန် အမျိုးသားပါတီများသည် တနင်္ဂနွေနေ့တွင် ပြုလုပ်မည့် နိုင်ငံတစ်ဝန်း မဲဆွယ်စည်းရုံးမှုများကို ရပ်နားလိုက်ကြောင်း သိရသည်။

လန်ဒန်၌ ဖြစ်ပွားခဲ့သည့် တုန်လှုပ်ဖွယ် ယင်းတိုက်ခိုက်မှုကို အကြမ်းဖက်မှုတစ်ရပ်အနေဖြင့် ကိုင်တွယ်လျက်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ပြောကြားခဲ့သည်။ လန်ဒန်တံတားသည် အဓိက သယ်ယူပို့ဆောင်ရေး အချက်အချာနေရာဖြစ်ပြီး တံတားအနီးရှိ ဘိုရတ်ဂ်ဈေးသည် ဘားဆိုင်များနှင့် စားသောက်ဆိုင်များရှိရာ လမ်းကြိုလမ်းကြားများဖြင့် ဝင်္ကပါသဖွယ်တည်ရှိနေသည့် နေရာဖြစ်ကာ စနေနေ့ညတိုင်း လူများဖြင့် ပျားပန်းခတ်မျှ စည်ကားသက်ဝင်နေလေ့ရှိသည်။

ဗြိတိန်နှင့်ဥရောပကို တုန်လှုပ်စေခဲ့သည့် ယင်းတိုက်ခိုက်မှုကို မည်သူလုပ်ဆောင်ခဲ့သည်ဟု အခိုင်အမာဖော်ထုတ်ပြောဆိုနိုင်ခြင်း မရှိသေးပေ။

**(ရိုက်တာ)**

# အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားအင်အားစုများ ရက်ကွာအနောက်ပိုင်းရှိဆည်ကို အိုင်အက်စ်တို့ လက်အတွင်းမှ ရယူ



**ရက်ကွာ ဇွန် ၄**

အမေရိကန်က အထောက်အပံ့ပေးအပ်ထားသည့် ဆီးရီးယားတပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့တွင် ယူဖရေးတီးစ်မြစ်ပေါ်ရှိ အချက်အချာကျသည့် ဆည်တစ်ခုအား အိုင်အက်စ်စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့များသည် ရက်ကွာမြို့ကို ဝင်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဖြစ်ရာ ၎င်းတို့၏ နောက်ဆုံးရ အောင်မြင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

ကာ့ဒ်တိုက်ခိုက်ရေး အင်အားစုများနှင့် အာရပ်တိုက်ခိုက်ရေးအဖွဲ့များ၏ မဟာမိတ်ဖြစ်သည့် ဆီးရီးယားဒီမိုကရက်တစ် အင်အားစုများက ပြောကြားသည်မှာ ၎င်းတို့သည် ဘာ့သ်ဆည်ကို နံနက်ခင်းအချိန်တွင် ရရှိအောင်မြင်ခဲ့ပြီး လွတ်လပ်ခြင်းဆည်ဟု အမည်ပြန်လည်ပေးခဲ့သည်ဟု ဆိုသည်။

ရေအားလျှပ်စစ် ထုတ်လုပ်ပေးလျက်ရှိသည့် ယင်းဆည်သည် ရက်ကွာမြို့မှ ၂၂ ကီလိုမီတာအကွာတွင် တည်ရှိပြီး ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ စစ်ဆင်ရေးဆောင်ရွက်လျက်ရှိရာ အခြေစိုက်စခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်ရေးအဖွဲ့များသည် အနီးအနားရှိ ကျေးရွာများတွင် မိုင်းဗုံးများ ထောင်ထားခြင်းရှိမရှိ ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိပြီး ကာကွယ်ရေးဖြန့်ကြက်လျက်ရှိကြောင်း ဆီးရီးယားဒီမိုကရက်တစ်အင်အားစု၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သည့် ဝိုင်ပီဂျီတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ နော်ရီမာမွတ်ကပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ရုရှားနှင့်ဂျပန်ကိုယ်စားလှယ်များ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**တိုကျို ဇွန် ၄**

ဂျပန်နှင့်ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ဂျပန်နိုင်ငံက ကမ်းလှမ်းထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြကြောင်း သိရသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်၏အစိတ်အပိုင်းတစ်ခုအနေဖြင့် သောကြာနေ့တွင် ရုရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စိန့်ပီတာစဘတ်၌ ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျပန်နှင့်ရုရှားကုမ္ပဏီများမှ ကိုယ်စားလှယ်များသည် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များနှင့် မြို့ပြအခြေခံအဆောက်အအုံပါဝင်သည့် စီးပွားရေးစီမံကိန်းတစ်ရပ်ကိုမည်ကဲ့သို့ ရှေ့ဆက်ဆောင်ရွက်သွားမည်ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကိုကာကွယ်ရန်အတွက် ရုရှားရှိစီးပွားရေးလုပ်ငန်းအခြေအနေများကို တိုးတက်အောင်အားထုတ်ရန် တိုက်တွန်းတောင်းဆိုခဲ့ကြကြောင်း သိရသည်။

ငွေကြေးဖလှယ်မှုဆိုင်ရာ မတည်မငြိမ်ဖြစ်မှုများကို စိုးရိမ်စရာမလိုသည့် အကျိုးအမြတ်ရရှိမှုကို အာမခံနိုင်မည့် ယန္တရားတစ်ခုကို လိုအပ်ကြောင်း ဂျပန်စီးပွားရေးကိုယ်စားလှယ်များက ရုရှားသို့ ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ရေယာဉ်နစ်မြုပ်မှုမှ အလုပ်သမား ၂၇ ဦးကို အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့ ကယ်ဆယ်ခဲ့ရ

**နယူးဒေလီ ဇွန် ၄**

အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့က အိန္ဒိယတောင်ပိုင်းပြည်နယ်ကာနာတာကာကမ်းခြေတွင် နစ်မြုပ်ခဲ့သည့် ရေယာဉ်တစ်စင်းပေါ်မှ အလုပ်သမား ၂၇ ဦးကို ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် အာရေဗျပင်လယ်အတွင်း ဒတ်ရှီနာကာနာဒါအတွင်းရှိ Ullal ကမ်းခြေတွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရေယာဉ်သည် ကျောက်ဆောင်နှင့် တိုက်မိခဲ့ပြီးနောက်တွင် ရေဝင်ကာ နစ်မြုပ်ခဲ့ကြောင်း ရေယာဉ်ပေါ်တွင် လူ ၂၇ ဦးပါရှိကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

ရေယာဉ်သည် စနေနေ့ညနေခင်းကတည်းက နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက လူလေးဦးကို စတင်ကယ်ဆယ်နိုင်ခဲ့ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# လေယာဉ်ငယ်တစ်စင်းပျက်ကျမှု လေးဦးသေဆုံးကြောင်း အတည်ပြု

**တိုကျို ဇွန် ၄**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုအတွင်းမှ သေဆုံးသူလေးဦးကို တွေ့ရှိခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ပျက်ကျလေယာဉ်ကို တနင်္ဂနွေနေ့တွင် တိုယိုမာစီရင်စုရှိ ရှီရှီဒါခီတောင်ပေါ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပျက်ကျလေယာဉ်အတွင်း တွေ့ရှိခဲ့ သည့် အမျိုးသားလေးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်။

စနေနေ့ညနေ သုံးနာရီဝန်းကျင်ခန့်တွင် လေယာဉ်ပေါ်လိုက်ပါလာသူလေးဦးအနက် တစ်ဦးသည်လေယာဉ်ပျက်ကျနေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့သို့ ဖုန်းဖြင့် ဆက်သွယ်ကာ အကူအညီ တောင်းခံခဲ့သည်ဟု ဆိုသည်။ သေဆုံးသူ လေးဦးစလုံးမှာ နာဂါနိုစီရင်စုအနီးမှ ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူ သတ်ဖြတ်ခံရမှုစာရင်း (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် မေလကုန်အထိ)

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ကျေးရွာ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | မောင်မောင်စိုး(ခ) ရှုနာများ | ဦးရှည်ကျကျေးရွာ | ၁ | တစ်ရွာတည်းနေ ကဖားတူ လလာ၏နေအိမ်တွင် ပြတ်ရှဒဏ်ရာ ၁၂ ချက်ဖြင့်သေဆုံး။ |
| ၂။ | ၅-၁၀-၂၀၁၆ | မာမတ်ဘာလီ | ဦးရှည်ကျကျေးရွာ | ၁ | ပြတ်ရှဒဏ်ရာ ၁၉ ချက်ဖြင့် သေဆုံး။ |
| ၃။ | ၁၄-၁၀-၂၀၁၆ | စိစစ်ဆဲ | မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ | ၁ | မြို့သူကြီးကျေးရွာ မိုင်တိုင်အမှတ် (၁၄) လမ်းဘေးရေမြောင်းအတွင်း လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးပုပ်ပွနေသည့် အလောင်း(၁)လောင်းအားတွေ့ရှိ။ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ဂျာမ(ခ) ဇော်မာဟူဆွန် | ဂေါ်ဒူသာရ(အနောက်) | ၁ | အမက ကျောင်းအနီးတွင် လည်ပင်းပြတ်ရှဒဏ်ရာများဖြင့်သေဆုံး။ |
| ၅။ | ၂၀-၁၂-၂၀၁၆ | ဒုစ်မာမတ်(ခ) ရှုနာမျာ | ငါးခူရ(အလယ်) ရွာ | ၁ | သတင်းထောက်များ၏မေးမြန်းချက်အား အမှန်တိုင်းဖြေကြားခဲ့သူဖြစ်ပြီး ဦးခေါင်းမပါ၊ ဝဲနှင့်ယာ၊ ပေါင်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့်သေဆုံး။ |
| ၆။ | ၂၅-၁၂-၂၀၁၆ | ရော်ဇီ | ရေတွင်းကျွန်းကျေးရွာ | ၁ | ဝမ်းဗိုက်ထိုးသွင်း၊ လည်ပင်းထိုးသွင်း၊ လှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံး။ |
| ၇။ | ၂၈-၁၂-၂၀၁၆ | ဆွေဒူအာမီ | လင်ဘာကုန်နားကျေးရွာ | ၁ | ချောင်းဆပ်တွင် လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် သေဆုံး။ |
| ၈။ | ၂၀-၁-၂၀၁၇ | စွန်တာအာမတ်၊<br>မာမာတ်ရှော်ဖီးနှင့်မာမတ်စူပိုင် | ဒုံးကုလားကျေးရွာ | ၃ | ပဒကားရွာသစ်အုပ်ချုပ်ရေးတာဝန်ခံ မာမက်နူရ်မှ ပျောက်ဆုံးကြောင်း သတင်းပို့ခဲ့၊ စွန်တာအာမတ်(ဦးခေါင်းယာနား၊ နှာခေါင်း)၊မာမတ်ရှော်ဖီး (ဦးခေါင်းနှင့် မျက်လုံး)၊ မာမတ်စူပိုင် (ဦးခေါင်းနှင့် မျက်နှာ) တို့၌ ဒဏ်ရာများ အသီးသီးဖြင့် သေဆုံး။ |
| ၉။ | ၂၀-၁-၂၀၁၇ | ဇော်ကီးအာမောက် | ပြောင်ပိုက်ကျေးရွာ | ၁ | ထောက်ပံ့ရေးပစ္စည်း ထုတ်ယူပြီးအပြန်တွင် ပုစွန်ကန်အစပ် ရွှံ့နွံတွင်း၌ လည်ပင်း၊ မျက်နှာ၊ နံဘေး၊ ရင်အုံ၊ ယာဒူး ဒဏ်ရာများဖြင့် သေဆုံး။ |
| ၁၀။ | ၄-၂-၂၀၁၇ | အီဒရစ် | ဂွဆုံရွာအနီး ပုစွန်ကန် | ၁ | ရေခတ်ချောင်းရွာရှိ မာမတ်ဆလင်၏နေအိမ်သို့ အစည်းအဝေးတက်ရန်အတွက် အဘူဆာဒတ်နှင့် ဆိုင်ကယ်ဖြင့်သွားရောက်စဉ် လူ (၁၁) ဦးခန့်မှ ဓားဖြင့် ထိုးသတ်ခံရ၍ သေဆုံး။ |
| ၁၁။ | ၅-၂-၂၀၁၇ | မာမောက်ရှာမတ် | မောင်တောမြို့နယ် ရွာသစ်တောကျေးရွာ | ၁ | ရန်ဖြစ်ရာမှ မာမောက်ရှာမာတ်က ဆိတ်ချိတူဖြင့် အိုစမာန်ဆာဒတ်အား ထုနှက်ခဲ့ပြီး အဒူဆလာမ်မှ မာမောက်ရှာမတ်အား အရိုးအသွား ၁၂ လက်မရှိ ဓားဦးချွန်ဖြင့်ထိုးသတ်ခဲ့။ |
| ၁၂။ | ၂၁-၂-၂၀၁၇ | အဒူစလင် | မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာ | ၁ | အကြမ်းဖက်မှု ဖြစ်စဉ်ကာလအတွင်း သတ်ဖြတ်ခံရပြီး အလောင်းအား ခြံဝင်းအတွင်းမြှုပ်နှံထားသည်။ |
| ၁၃။ | ၂၄-၂-၂၀၁၇ | မာမတ်ကာစိမ်း | ရွှေဇားဂုံနားကျေးရွာ | ၁ | မေ ၂၃ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူနှင့်အတူ ဘောလုံးပွဲကြည့်ပြီးအပြန်တွင် စေတီပြင်ရွာနှင့် ရွှေဇားဂုံနားရွာကြားတွင် နူရာလောင်ပါ (၄)ဦးမှ မာမတ်ကာစိမ်းအား လည်ကုပ်ကိုဆွဲကိုင်ပြီးခေါ်ဆောင်သွားရာမှ ပြန်ချောင်းစပ်တွင် လည်ပင်း၌ ပုဆိုးကွင်းစွပ်လျက် လည်ပင်းဝဲယာပွန်းပဲ့ ညိုမည်း၊ နှာခေါင်းနှင့် ပါးစပ်မှ အမြှုပ်ထွက်သေဆုံးနေသည်ကို တွေ့ရှိခဲ့။ |
| ၁၄။ | ၂၆-၂-၂၀၁၇ | ထွန်းသာမောင် | ကျောက်စာတိုင်(ရခိုင်) ရွာ | ၁ | မေ ၂၄ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူ အောင်ကျော်စိန်နှင့်အတူသားရေကုန်းဘောင်ရွာအနီးတောစပ်တွင် အမည်မသိ(၃) ဦးမှ ပုဆိန်/ဓားများဖြင့် ခုတ်သဖြင့် အောင်ကျော်စိန်တွင် ယာကျော ပြတ်ရှဒဏ်ရာ၊ ထွန်းသာမောင်တွင် လည်ပင်းနှင့်ယာကျောကုန်း ပြတ်ရှဒဏ်ရာဖြင့် သေဆုံးခဲ့။ |
| ၁၅။ | ၂-၃-၂၀၁၇ | နူရိကာရင် | ကျီးကန်းပြင်ကျေးရွာ | ၁ | ၁-၃-၂၀၁၇ ရက်နေ့ ၂၄:၀၀ အချိန် ကျီးကန်းပြင်ရွာနေ ဆယ်အိမ်မှူး (ဟောင်း)နူရိကာရင်အား မျက်နှာဖုံးစွပ် ကျား(၄)ဦး(စိစစ်ဆဲ) မှ လာရောက်ခေါ်ဆောင်သွားပြီး ၂-၃-၂၀၁၇ ရက်နေ့တွင် ၁၆:၀၀ အချိန် ရွာတောင်ဘက်လယ်ကွင်းတွင် ထိုးသွင်း/ပြတ်ရှဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့မှု။ |
| ၁၆။ | ၅-၃-၂၀၁၇ | ဇာမာဟူဆိန်း | ဆင်အိုးပြင်ကျေးရွာ | ၁ | မတ် ၅ ရက်နေ့တွင် မောင်ကြီးတောင်ကျေးရွာ ရပ်ကွက် (၁) အနီး ချောင်းစပ်၌ ရင်ဘတ်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဦးခေါင်းနောက်စေ့၊ နောက်ကျော၊ ဝဲနားရွက်/အောက်၊ ပေါင်၊ ယာလက်သူကြွယ် ပြတ်ရှဒဏ်ရာ(၈)ချက်ဖြင့် သေဆုံး။ |
| ၁၇။ | ၉-၃-၂၀၁၇ | မာမောက်ဆော်လီ | ဘူးသီးတောင်မြို့နယ် အထက်ကျွဲကြိုမော် ကျေးရွာအုပ်စု | ၁ | မာမောက်ဆော်လီသည် ဆယ်အိမ်မှူး အဘူလာရှိန်း (ဖ) လာလူးနှင့်အတူ ကာဒီ(၂) ကျေးရွာသို့ထွက်ခွာသွားခဲ့ကာ မာမောက်ဆော်လီအား မာမောက်အီနူစ်နှင့် ဆယ်အိမ်မှူး အဘူလာရှိန်းတို့ပါ ကျား(၆)ဦးမှ ဓား၊ တုတ်များဖြင့် ရိုက်၊ခုတ်သတ်ခဲ့။ |
| ၁၈။ | ၁၆-၃-၂၀၁၇ | ဆိုလီမုလ္လာတန်ဒါးများ | ပွန်ကီ(မြောက်) ရွာ မောင်တော | ၂ | မတ် ၁၅ ရက်နေ့တွင် တန်ဒါးများသည် နွားကျောင်းထွက်ရာမှ ပျောက်ဆုံးခဲ့ပြီး မတ် ၁၆ ရက်နေ့တွင် ကားလမ်းဘေးရေမြောင်းအတွင်း လည်ကုပ်၊ နဖူး၊ ငယ်ထိပ်နှင့် ဝဲယာစေ့ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့။ |
| ၁၉။ | ၃၁-၃-၂၀၁ | ရှီဗလီ | မြို့မရပ်ကွက် ဘူးသီးတောင်မြို့နယ် | ၁ | မတ် ၂၀ ဝ၉း၃၀ အချိန် ဘူးသီးတောင်မြို့နယ် မြို့မရပ်ကွက်နေ ရှီဗလီသည် မိကျောင်းခေါင်းဆွဲကျေးရွာရှိ ယောက္ခမဖြစ်သူ နေအိမ်သို့ သွားမည်ပြောပြီး ထွက်သွား၍ ပျောက်ဆုံးခဲ့ရာမှ မတ် ၃၀ ရက် မြစ်နားကျေးရွာအနီး ကုလားပန်ဇင်ချောင်းရေလယ်တွင် ရှီဗလီ၏ အလောင်းအား ဒဏ်ရာများဖြင့် တွေ့ရှိခဲ့။ (ပျောက်ဆုံးပြီး အသေတွေ့ရှိ) |
| ၂၀။ | ၁-၄-၂၀၁၇ | ဟာမစ်ဒူလာ | ရပ်ကွက်(၂) တင်းမေရွာ နယ်မြေ(၁၀) ဘူးသီးတောင်မြို့နယ် | ၁ | တင်းမေရွာနေ ဟာမစ်ဒူလာသည် နေအိမ်၌ အိပ်ပျော်နေစဉ် ရော်ဖီးပါ (၇)ဦးမှ မျက်နှာဖုံးအနက်များစွပ်၍ အိမ်တံခါးအား ရိုက်ချိုးဝင်ရောက်ကာ တုတ်ဖြင့်ရိုက်၊ ဓားရှည်များဖြင့် ခုတ်သဖြင့် ဒဏ်ရာများဖြင့် ဟာမစ်ဒူလာသေဆုံးခဲ့။ |
| ၂၁။ | ၂-၄-၂၀၁၇ | အာနီပါရ်အာရုတ် | မောင်တောမြို့နယ် မြင်းလွတ်မြို့ | ၁ | နေအိမ်သို့ အမျိုးသားနှစ်ဦးက လာရောက်ခေါ်ဆောင်သွားခဲ့ရာမှ ပြန်လည်ရောက်ရှိခြင်းမရှိ၍ အရှေ့ပိုင်းရပ်ကွက်လိုက်လံရှာဖွေရာ (၅) ရပ်ကွက်အရှေ့ဘက် မြေပဲများစိုက်ထားသည့် လယ်ကွင်းအတွင်း အာနီပါရ်အာရုတ်အား ဝဲချိုင်း အောက်၊ နောက်ကျော၊ လက်မောင်းဒဏ်ရာ (၁၂) ချက်၊ ထိုးသွင်း (၅)ချက်၊ ပြတ်ရှ (၇)ချက်နှင့် ယာမျက်လုံးပေါက်ထွက် ဒဏ်ရာတို့ဖြင့် သေဆုံးခဲ့။ |
| ၂၂။ | ၅-၄-၂၀၁၇ | ရှော်ဖီအူလာ | ဘူးသီးတောင်မြို့နယ် ခဲဝါကျေးရွာ | ၁ | ကလေးချင်း ရန်ဖြစ်သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံတိုင်ကြားပြီး နေအိမ်သို့ပြန်လာရာ ဦးလုဇေကြီးရွာနှင့် ခဲဝါရွာကြား လယ်ကွင်းပြင်တွင် ဇော်နာလိုပိုဒိန်(ခ) ဟာဘီပါ (၅)ဦးမှ ဝိုင်းဝန်းရိုက်နှက်သဖြင့် သေဆုံးခဲ့။ |
| ၂၃။ | ၈-၄-၂၀၁၇ | ရော်ဖီး | ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာ | ၁ | တစ်ရွာတည်းနေ ဂူရာဆူတင် (၄၅ )နှစ်ပါ (၃)ဦးမှ ရဲဒင်းဖြင့်ခုတ်၊ ဓားနှင့်လှီးဖြတ်သတ်။ |
| ၂၄။ | ၁၀-၄-၂၀၁၇ | အာမီအာလီ | မောင်တောမြို့နယ် ဖွေယာရွာ | ၁ | နေအိမ်၌ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသူ ၁၀ ဦးခန့်မှ အိမ်အောက်သို့ဆွဲချခဲ့ပြီး ဓားများဖြင့် ထိုးခုတ်၍သေဆုံး။ |
| ၂၅။ | ၂-၅-၂၀၁၇ | မာမတ်ဖွေယော့ | ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ | ၁ | နေအိမ်၌ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသော အမည်မသိလူ (၅)ဦးမှ နေအိမ်အတွင်းဝင်ရောက်လာပြီး ဆွဲခေါ်သွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဒါးပိုင်ဆရာကျေးရွာ၌ ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာတို့ဖြင့် သေဆုံး။ |
| ၂၆။ | ၅-၅-၂၀၁၇ | မာမတ်အာလာမ် | မောင်တောမြို့နယ် သင်ချောင်းကျေးရွာ | ၁ | သင်ချောင်းကျေးရွာအရှေ့ဘက် ကိုက် (၃၀၀) ခန့်အကွာတွင် အလောင်း(၁)လောင်းတွေ့ရှိခဲ့ပြီး အလောင်းအနီးမှ KF-J စာသားပါ ကျည်ခွံ(၁)ခုတို့အား တွေ့ရှိ။ |
| ၂၇။ | ၅-၅-၂၀၁၇ | အာရာအူလာ | မောင်တောမြို့နယ် သင်ချောင်းကျေးရွာ | ၁ | အာရာအူလာသည် ဆူရာလီကျေးရွာမှအပြန်တွင် ခေါင်းဆောင်(စိစစ်ဆဲ) အဖွဲ့မှ မေယုတောင်ခြေသို့ ဖမ်းဆီးခေါ်ဆောင်သတ်ပစ်ခဲ့။ |
| ၂၈။ | ၁၉-၅-၂၀၁၇ | နိုရှဆလာမ် | မောင်တောမြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စု | ၁ | အနက်ရောင် ဝတ်စုံဝတ် မျက်နှာဖုံးစွပ်ထားသူ (၅၀) ဦးခန့် ဝင်ရောက်လာပြီး နိုရှဆလာမ်အား အိမ်ပေါ်မှခေါ် ထုတ်၍ နေအိမ်ရှေ့ ကိုက် (၃၀) ခန့်အကွာ လယ်ကွင်း၌ ဓားဖြင့်ခုတ်သတ်။ |
| ၂၉။ | ၂၀-၅-၂၀၁၇ | ကာဟဲရ် | ဘူးသီးတောင်မြို့နယ် မိကျောင်းခေါင်းဆွဲကျေးရွာ | ၁ | အင်းချောင်းကျေးရွာတံတားအနီး၌ အမည်မသိလူတစ်စုမှ ဝိုင်းဝန်းသတ်ဖြတ်ခဲ့သဖြင့် သေဆုံး၊ |
| ၃၀။ | ၂၉-၅-၂၀၁၇ | ရှောင်ရှူးအာလောင်(ခ)ကျော်ဆွေ | မောင်တောမြို့နယ် ရေတွင်းပင်ကျေးရွာ | ၁ | အကြမ်းဖက်အဖွဲ့ဟု ယူဆရသူ (၅၀) ဦးခန့်က ဖမ်းဆီးသွားခဲ့ပြီး ဘာကူးမားတောင်ခြေတွင် ကြိုးဖြင့်ချည်နှောင်ထားပြီး လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံး။ |
| | | | စုစုပေါင်း | ၃၃ဦး | |

# မောင်တောနှင့်မင်းပြားမြို့နယ်တို့၌ မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် မင်းပြားမြို့နယ်တို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ ညနေပိုင်းက မသင်္ကာသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်စပ်မှတ်တိုင် ၃၄ အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က နယ်စပ်မှတ်တိုင် ၃၃ နှင့် ၃၄ အကြား မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူ တောင်ပြိုယာကျေးရွာနေ မိုဟာမတ်အာလောင်အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ မင်းပြားမြို့နယ် ရန်ကုန်-စစ်တွေ ကားလမ်း၌ ယမန်နေ့ ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်များအား ရှာဖွေစဉ် ဆိုင်ကယ်သုံးစီးမှာ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လက်တော်ရီကျေးရွာနေ မှာတာမီအား ဖမ်းဆီးရမိခဲ့သည်။

မှာတာမီအား စစ်ဆေးချက်အရ ဆိုင်ကယ်မောင်းသူအမည် (စိစစ်ဆဲ)နှင့် တစ်ရွာတည်းနေ အဒူမာမူ အပါအဝင် ၎င်းတို့သုံးဦးသည် ရန်ကုန်မြို့မှတစ်ဆင့် နိုင်ငံရပ်ခြားသို့သွားရောက်ရန် လက်တော်ရီရွာမှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲ၊ တစ်လုံးထပ်မံတွေ့ရှိ

**သိန်းနီ ဇွန် ၄**

သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းဝင်းအတွင်းတွင် ဇွန် ၃ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က လားရှိုးဘက်မှ အဝင်ဂိတ်အနီး လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ လက်ယာဘက်ပေ ၂၀ ခန့် အကွာ၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် လူ၊ ယာဉ်၊ အဆောက်အအုံ ထိခိုက်မှုမရှိကြောင်းနှင့် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ချိန်ကိုက်မိုင်းတစ်လုံးကို သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးဂိတ် ၁ လမ်းဘေး ပေ ၂၀ ခန့်အကွာ အရှည်ခုနစ်လက်မခန့်ရှိ ပလတ်စတစ်ပိုက် ၃ လက်မ (အတွင်း) ၄လက်မ(အပြင်) ပိုက်နှစ်ထပ်အကြားတွင် သံဘောစေ့များထည့်ပြီး ဖယောင်းဖြင့်ပိတ်ကာ ပိုက်အလယ်တွင် TNT ယမ်းများထည့်ထားသော ချိန်ကိုက်ကိရိယာနှင့်ဆက်သွယ်ထားသည့် ချိန်ကိုက်မိုင်းတစ်လုံးအား ဇွန် ၃ ရက် ည ၁၀နာရီခွဲခန့်က ထပ်မံတွေ့ရှိခဲ့သည်။ **(အပေါ်ယာပုံ)** အဆိုပါ ချိန်ကိုက်မိုင်းအား ဇွန် ၄ ရက် နံနက် ၉ နာရီခွဲတွင် နယ်မြေခံတပ်မှ လာရောက်ရှင်းလင်းခဲ့ကြောင်း သိရသည်။



**ချစ်လှ(ပြန်/ဆက်)**

# အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူ တစ်ဦးအား ဘူးသီးတောင်မြို့နယ်၌ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် ရက်ချောင်းကျေးရွာ၌ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူတစ်ဦးအား ဇွန် ၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့သည်။

နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူ ဘူးသီးတောင်မြို့နယ် ရက်ချောင်းကျေးရွာနေ မာမတ်အီစွလာမ်အား ၎င်း၏နေအိမ်တွင် ဇွန် ၂ ရက် နံနက် ၆ နာရီခွဲခန့်က ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မာမတ်အီစွလာမ်

# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သုံးလုံးပျက်စီး

**မြေပုံ ဇွန် ၄**

မြေပုံမြို့ မြောက်ပိုင်းရပ်ကွက်၌ ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သုံးလုံးပျက်စီးမှုဖြစ်ပွားခဲ့သည်။

ရုတ်တရက်မိုးနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းတို့ကြောင့် ဦးခင်မောင်စော၏ နေအိမ်အမိုးလန်ခြင်း၊ ဦးသာစိန်အောင်၏ နေအိမ်ပြိုလဲခြင်းနှင့် ဦးမောင်ကျော်သန်း၏နေအိမ် အမိုးအကာပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူဖမ်းဆီးခံရမှုနှင့် ပျောက်ဆုံးစာရင်း(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၁၇ ခုနှစ် မေလကုန်အထိ)

| စဉ် | ရက်စွဲ | အမည် | မြို့နယ်၊ ကျေးရွာ | ဖမ်းဆီး၊ ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၂-၁၁-၂၀၁၆ | ဝင်းမောင်သိန်း၊ ထွန်းလင်းအေး(ခ) ညီချေ၊ သိန်းကျော် | ရွက်ညိုတောင်ကျေးရွာ၊ မောင်တောမြို့နယ် | ၃ | ဖားဝပ်ချောင်း ကျေးရွာမှ ရွက်ညိုတောင်ကျေးရွာသို့ ပြန်လာစဉ် ကျေးရွာသို့မရောက်ရှိဘဲ လမ်း၌ ပျောက်ဆုံးနေခြင်းဖြစ်။ |
| ၂။ | ၁၃-၁၂-၂၀၁၆ | ကာဘီရော်မာန် | သဝန်ချောင်း မြောက်ရွာ | ၁ | ကာဘီရော်မာန်အား ဖမ်းဆီးသွားပြီး ဖမ်းဆီးခံရမှုကို တပ်နှင့်ရဲထံ သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့် မိသားစုအား ဖမ်းဆီးသတ်ဖြတ်ပစ်မည်ဟု ဖုန်းဖြင့်ခြိမ်းခြောက်ပြောဆို။ |
| ၃။ | ၂-၁-၂၀၁၇ | လာလူး | မင်းကြီးကျေးရွာ | ၁ | နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံး။ |
| ၄။ | ၂၂-၁-၂၀၁၇ | အီဗြာဟိန်း | ဆင်သေပြင် (အရှေ့) | ၁ | နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံး။ |
| ၅။ | ၂၇-၁-၂၀၁၇ | ရော်ဖီရာမောက် | ရွက်ညိုတောင်ကျေးရွာ | ၁ | နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံး။ |
| ၆။ | ၂၇-၁-၂၀၁၇ | ဆွေဒုပ်အာမိန် | မျောချောင်းကျေးရွာ | ၁ | မိသားစုနှင့်အတူ အိပ်နေစဉ် အမျိုးသား (၄)ဦးမှ ထရံအားဖြဲ၍ တုတ်ဖြင့်ရိုက်ပြီး ဖမ်းဆီးခေါ်ဆောင်။ |
| ၇။ | ၁၂-၃-၂၀၁၇ | မာမတ်ရော်ဖီး | စဉ်တောင်ကျေးရွာ မောင်တောမြို့နယ် | ၁ | မတ် ၁၂ ရက်နေ့တွင် မာမတ်ရော်ဖီးသည် ဖုန်းလာ၍စကားပြောပြီး ရွာထဲသို့ ထွက်သွားရာမှ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပြီး ၎င်းသည် ကျေးရွာသို့ တပ်မတော်စစ်ကြောင်းများလာရောက်သည့်အခါ ကူညီပေးသူဖြစ်၍ မသင့်မြတ်သူများမှ ဖမ်းဆီးထားနိုင်။ |
| ၈။ | ၃၀-၃-၂၀၁၇ | ယာယာ | မောင်တောမြို့နယ် ရွက်ညိုတောင်ကျေးရွာ | ၁ | ရေတွင်းကျွန်းကျေးရွာသို့ အလည်သွားရာ ပြန်လည်ရောက်ရှိလာခြင်း မရှိ။ |
| ၉။ | ၃၁-၃-၂၀၁၇ | နူမာမောက် | မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာ | ၁ | မိသားစုနှင့်အတူ အိမ်၌အိပ်နေစဉ်မျက်နှာဖုံးဝတ်ဆင်ထားသော သူ(၁၅)ဦးခန့်ကအိမ်နောက်ဘက်ဝါးထရံအားဖျက်၍ ဝင်ရောက်လာပြီး နူမာမတ်အား ဖမ်းဆီးခေါ်ဆောင်သွား။ |
| ၁၀။ | ၁-၄-၂၀၁၇ | အဒူလာဟာဒူလာမီး ရှောင်ရှုအာလောင်နှင့် အယ်ဇာဟူဆောင်း | မောင်တောမြို့နယ် သက်ကိုင်ညာကျေးရွာ | ၃ | တုတ်ဓားများ ကိုင်ဆောင်ပြီး ခေါင်းစွပ်အမည်းဝတ်ဆင်ထားသူ(၃၀)ဦးခန့်မှ နေအိမ်ထရံအားဖျက်၍ အိမ်အတွင်းဝင်ရောက်ကာ ဖမ်းဆီးခေါ်ဆောင်သွား (အီဘရာဟိန်းအား ကြိုးတုပ်လျက်ပြန်လည်တွေ့ရှိ) |
| ၁၁။ | ၁၀-၄-၂၀၁၇ | မော်ဖီးအာလောင် | မောင်တောမြို့နယ် ကွမ်းသီးပင်ကျေးရွာ | ၁ | နေအိမ်နှင့် ကိုက်(၅၀၀)ခန့်အကွာရှိ ပုစွန်ကန်သို့ ငါးပုစွန်ဖမ်းရန် ထွက်သွားရာပြန်ရောက်မလာ |
| ၁၂။ | ၁၇-၄-၂၀၁၇ | မာမတ်တာလောင် (ခ)ဇော်လိုင် | ကြိမ်ချောင်းတောင် ကျေးရွာ မောင်တောမြို့နယ် | ၁ | ဆိုင်ကယ်ဖြင့် ဂျက်ချောင်းကျေးရွာသို့ ဈေးဝယ်ရန် သွားရောက်စဉ် မြဇင်ကျေးရွာဗလီလမ်းဆုံတွင် လူ (၂)ဦး(စိစစ်ဆဲ)မှ ဖမ်းဆီးခေါ်ဆောင်သွား |
| ၁၃။ | ၂၉-၄-၂၀၁၇ | ဦးအောင်မြကျော်၊ ဦးမောင်အေးသာ | ရသေ့တောင်မြို့နယ် ကျောက်စာတိုင်ကျေးရွာ | ၂ | မေယုတောင်ရိုးများသို့ ခရုရှာဖွေရန် ရိက္ခာ(၃)ရက်စာဖြင့် ထွက်ခွာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိ |
| ၁၄။ | ၁၉-၅-၂၀၁၇ | မိုဇီရာမန် | မောင်တောမြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စု | ၁ | အနက်ရောင်ဝတ်စုံဝတ်မျက်နှာဖုံးစွပ်ထားသူ (၅၀) ဦးခန့်က ဝဠ္ဌဂူးကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ |
| | | | စုစုပေါင်း | ၁၉ ဦး | |

## ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးစစ်ဆေး

**နေပြည်တော် ဇွန် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၈ စီး၊ သွင်း ကုန် ၅၉၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန်အစီးရေ ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၈ ဒသမ ၆၄၃၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၃ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Ipsum, Toyota Caldina နှင့် Toyota Estima ယာဉ်တို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက် စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်းတော်မြို့နယ်အတွင်းမှ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**အင်းတော် ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအနီးမှ မူးယစ်ဆေးဝါး ငွေကျပ် ၁ ဒသမ ၂၁၅၉ ဘီလီယံဖိုး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက်က အင်းတော်မြို့နယ် နဘားရဲကင်းစခန်းမှူး ရဲအုပ်ခင်ဇော်ထိုက်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ရဲတပ်ကြပ်ကြီး အောင်ဇော်လတ်အဖွဲ့နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်းအရ ရွှေဘို -မြစ်ကြီးနားကားလမ်း နဘားလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် မန္တလေးဘက်မှ မောင်းနှင်လာသော SURF အမျိုးအစား MDY 9H /------ ယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်သည်ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်သွားပြီး ပင်ဝယ်ကျေးရွာအနီးတွင် အရှိန်မထိမ်းနိုင်ဘဲလမ်း၏ ဘယ်ဘက်သို့ တိမ်းမှောက်သွားစဉ် ယာဉ်မောင်း စိုးမြင့်ထွန်းအောင်အား ဖမ်းမိပြီး ယာဉ်ပေါ်ပါ အမည်မသိသူနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အဆိုပါယာဉ်အား ဆက်လက်ရှာဖွေရာ တရားမဝင်စိတ်ကြွရူးသွပ်ဆေးပြား အထုပ် ၁၉၅၀၀၀ နှင့် ဘိန်းဖြူဆပ်ပြာခွက် ၂၁၉ ခွက်၊ ၂၄၀၉ ဂရမ်၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၁ ဒသမ ၂၁၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိသဖြင့် ယာဉ်မောင်းစိုးမြင့်ထွန်းအောင်အား အင်းတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# သတ်မှတ်ဝန်အားထက် ကျော်လွန်တင်ဆောင်လာသည့် လူစီးအမြန်ရေယာဉ်အား အရေးယူ

**မော်လိုက် ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ကြောင်းအတွင်း ယမန်နှစ်က အောင်စိုးမိုးကျော် အမြန်ရေယာဉ် တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် လူစီးအမြန်ရေယာဉ်များ သတ်မှတ်ဝန်အားထက် ကျော်လွန်တင်ဆောင်ခြင်းမပြုရန် ထုတ်ပြန်ထားရာ ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက ဟုမ္မလင်းမှ မုံရွာမြို့သို့ ထွက်ခွာလာသည့် ရွှေနဒီအမြန်ရေယာဉ်အသင်းမှ ရေယာဉ်အမှတ်- ၄၉၇ ရတနာဖြိုး လူစီးအမြန်ရေယာဉ်သည် သတ်မှတ်ဝန်အားထက်ကျော်လွန်၍ ခရီးသည်တင်ဆောင်လာကြောင်း သတင်းရရှိသဖြင့် ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ရေယာဉ်စစ်ဆေးရေးတာဝန်ကျအဖွဲ့များက ရတနာဖြိုး အမြန်ရေယာဉ်မှ တာဝန်ရှိသူများထံ ဆက်သွယ်၍ သတ်မှတ်ဝန်အားထက် ကျော်လွန်တင်ဆောင်လာမှုတို့ကြောင့် ညအချိန်တွင် ဆက်လက်မောင်းနှင်ခြင်းမပြုဘဲ ဆိပ်ကမ်းကောင်းမွန်သည့်နေရာတွင် ဆိုက်ကပ်ရပ်နားထားရန် ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။

ယင်းနောက် ဇွန် ၄ ရက် နံနက်ပိုင်းတွင် မော်လိုက်မြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသဖြင့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကရေယာဉ်ကြီးကြပ်မှု ကော်မတီတို့ဖြင့် စစ်ဆေးခဲ့ရာ ရေယာဉ်ယာယီခွင့်ပြုဦးရေမှာ ၆၅ ဦးဖြစ်ပြီး ရေယာဉ်ပါ ထိုင်ခုံအရေအတွက်မှာ ၁၃၃ ခုံဖြင့် ရေယာဉ်ပေါ်တွင် ခရီးသည် ၁၆၅ ဦး တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ရေယာဉ်က သတ်မှတ်ဝန်အားထက် ကျော်လွန်တင်ဆောင်လာသည့်အတွက် မင်းကင်းမြို့နေသူ ရေယာဉ်ပိုင်ရှင် ဦးအောင်မျိုးမင်းအား မော်လိုက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး အမြန်ရေယာဉ်ပေါ်တွင် လိုက်ပါခဲ့သည့် ခရီးသည်များအား သွားလာမှုအဆင်ပြေစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် တခြားအမြန်ရေယာဉ်များ၊ မော်လိုက်မြို့ရှိ ယာဉ်အသင်းများမှ ယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ တရားခံပြေးအမျိုးသမီးနှစ်ဦးနှင့် အမှုဖြင့်ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံသူတစ်ဦးတို့အား ထိုင်းနိုင်ငံသို့လွှဲပြောင်း

**တာချီလိတ် ဇွန် ၄**

ထိုင်းနိုင်ငံမှ တရားခံပြေး အမျိုးသမီးနှစ်ဦးနှင့် အမှုဖြင့်ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံသူတစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံ တာဝန်ရှိသူများထံ ဇွန် ၃ ရက် ည ၈ နာရီခွဲက ဖမ်းဆီးလွှဲပြောင်းပေးအပ်ခဲ့သည်။

တရားခံပြေး ထိုင်းနိုင်ငံသူနှစ်ဦးတို့အား သတင်းအရ ဇွန် ၃ ရက် ည ၉ နာရီ က တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အမှတ်(၂)မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအနီးတွင် ထိုင်းနိုင်ငံသူ တရားခံပြေး Preeyanuch ဝမ်းချိုင်း(ခ)အချင် (၂၄ နှစ်) ခွမ်းကဲန်ခရိုင် ထိုင်းနိုင်ငံနေသူနှင့် Ratchadamri (ခ)Ernst (၂၄ နှစ်) အမှတ်(၂၈၁/၆) ဖိန်းမြို့နယ် ခွမ်းကဲန်ခရိုင် ထိုင်းနိုင်ငံနေသူနှင့် Apichart(ခ) Jazz(၂၈နှစ်) တို့ သုံးဦးအား ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါတရားခံပြေး ထိုင်းနိုင်ငံသူနှစ်ဦးနှင့် အမှုဖြင့်ဆက်စပ်သော ထိုင်းနိုင်ငံသူတစ်ဦးသည် ခွမ်းကဲန်ပြည်နယ် ကာရာအိုကေဆိုင်၌ မေ ၂၃ ရက်က နောင့်အန် အသက်(၂၂နှစ်) အလုပ်သမား အမျိုးသမီးတစ်ဦးကို သတ်ဖြတ်ကာ မြန်မာဘက်ခြမ်း တာချီလိတ်သို့ ထွက်ပြေးတိမ်းရှောင်လာရာမှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ်အဆင့် နယ်ခြားကော်မတီက မြန်မာနိုင်ငံနယ်ခြားကော်မတီအဆင့် (တာချီလိတ်)ထံသို့ ကူညီစုံစမ်းဖမ်းဆီးပေးရန် အကြောင်းကြားလာ၍ စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား တာချီလိတ်ခရိုင် လဝက ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်း ဦးစီး၍ မြန်မာနိုင်ငံ မြို့နယ်အဆင့် နယ်ခြားကော်မတီ(တာချီလိတ်)အဖွဲ့က ထိုင်းနိုင်ငံတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လုယက်သူနှစ်ဦးအား မဟာအောင်မြေတရားရုံးမှ အလုပ်နှင့်ထောင်ဒဏ်ခုနစ်နှစ်စီ အမိန့်ချ

**မန္တလေး ဇွန် ၄**

မန္တလေး မဟာအောင်မြေမြို့နယ် မာလကာခြံရပ်ကွက်နေ ပြစ်မှုကျူးလွန်သူ ဟန်ထွန်းအောင် (ခ) ကတုံးနှင့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ပြစ်မှုကျူးလွန်သူ လှိုင်မင်းဦး(ခ) အီတိုး တို့က ၂၀၁၆ ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀ နာရီခန့်က မဟာအောင်မြေမြို့နယ် ၃၆× ၃၇ လမ်းကြား၊၇၃လမ်းပေါ်တွင် အမျိုးသမီးနှစ်ဦးစီးနင်းလာသည့် ဆိုင်ကယ်အံ့ခွက်ထဲမှ Samsung Note 5 ဖုန်းတစ်လုံးနှင့် ငွေကျပ် ၂၅၀၀၀ ထည့်ထားသော ပိုက်ဆံအိတ်အားလုယူခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် မဟာအောင်မြေမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး (၁) က မေ ၂၆ ရက်တွင် ပြစ်မှုကျူးလွန်သူများအား ရာဇသတ်ကြီးပုဒ်မ ၃၈၂ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်- မဘိမ်းသွားကားလမ်း (၅)မိုင်အနီးတွင် စိုးနိုင်မောင်းနှင်ပြီး မခင်မိုးသက် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ဇွန် ၃ ရက်က မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မဘိမ်းသွားကားလမ်း (၅)မိုင်အနီးတွင် သန်းလွင်မောင်းနှင်ပြီး မနီနီအေး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၂၂၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် သန်းလွင်(၄၃နှစ်)နှင့် မနီနီအေး (၄၂နှစ်)တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မူဆယ်ခရိုင် နမ့်ပေါ်တံတားချောင်းအနီး အမိုးနီးယမ်နိုက်ထရိတ် ၁၅၆ အိတ် သိမ်းဆည်းရမိ

**မူဆယ် ဇွန် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်း၌ ဇွန် ၄ ရက်က မူဆယ်နှင့် ၁၂ မိုင်ခန့်အကွာ နမ့်ပေါ်တံတားအနီး အမိုးနီးယမ်နိုက်ထရိတ်များ ဖမ်းဆီးရခဲ့မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၄ ရက်က မူဆယ်နှင့် ၁၂ မိုင်ခန့်ကွာဝေးသော နမ့်ပေါ်တံတား လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်မောင်းဖြစ်သူ မြတ်ကို မောင်းနှင်သည့် ၂၂ ဘီးတွဲယာဉ် ယာဉ်အမှတ် YGN/7D----- ယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်နောက်တွဲကားအံဝှက်အတွင်း တရားမဝင်တင်ဆောင်လာသည့် အမိုးနီးယမ်နိုက်ထရိတ် ၁၅၆ အိတ်အားတွေ့ရှိသဖြင့် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန့်ဇင်-မူဆယ်**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၉၆၀၃ V Anbo 125 M/C ယာဉ်အမည်ပေါက်ရှိသူ ဒေါ်ဝတ်ရည်ဖြိုး ၉/ခအဇ(နိုင်)၀၁၇၄၆၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၇×၆၈ လမ်းကြား၊ ကနောင်မင်းသားကြီးလမ်းနှင့် မင်္ဂလာလမ်းကြားရှိ ဦးဝင်းအောင်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးဇော်သင်း ၁၂/ဥကမ(နိုင်)၀၂၆၃၀၅ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | Canon Digital Multifunction Copier | Nos | 5 |
| ၂ | UPS(650 VA) | Nos | 20 |
| ၃ | Brother Fax Machine | Nos | 5 |
| ၄ | Multifunction Scanner | Nos | 2 |
| ၅ | Laptop Dell Inspiron 5447 | Sets | 5 |
| ၆ | Colour Printer (A4) | Nos | 7 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၁၇ရက်မှ ၁-၇-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၇-၂၀၁၇ရက် နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၉၀ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးအမှတ် (၇)၊ နေပြည်တော်**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေး ကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

**ဖခင်အမည်မှန်**

တန့်ယန်းမြို့၊ အထက(၂)အဌမတန်းနေ မအေးခမ်းနော်၏ ဖခင်အမည်မှန်မှာ စိုင်းမောင်လူ ၁၃/တယန(နိုင်)၀၂၃၆၈၃ ဖြစ်သည်။

**ဦးစိုင်းမောင်လူ**

**ဆရာဒွေး နှင့် သမီး- ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇွန်လ(၃/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0925454144l

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၅၊ ဦးပိုင်အမှတ် ၃၂-က၊ ၅၅×၅၆၊ ဘုရင့်နောင်×အောင်ဇေယျကြားရှိ ဦးမောင်ပုအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးထွန်းမြင့် ၉/မရမ(နိုင်)၀၅၉၆၉၁ မှ မြေစလစ်၊ မြေကွက်ဖိုး ပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၁၀၊ ဦးပိုင်အမှတ် ၂၁၊ ၅၆×၅၇လမ်းကြား၊ ကနောင်×မင်္ဂလာလမ်းကြားရှိ ဒုအရာခံဗိုလ်ကျော်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမျိုးမင်းဆန်း ၅/ရဘန(နိုင်)၁၆၂၆၁၉မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လုပ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

မြန်မာတို့ တတ်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း
**နိုင်ငံတကာသတင်းဂျာနယ်**
2017 JUNE 5 TO 11 . MONDAY
အတွေးအမြင် ဆောင်းပါးအမြင်
**နည်းပညာအလှည့်အပြောင်း ဈေးကွက်ပလက်ဖောင်း**
**လစ်ပျားမှာ အိုင်အက်စ်တို့ ဘယ်လောက်များတွယ်ကပ်နေပြီလဲ**
ဟစ်ဇ်ဘိုလာနဲ့ အစ္စရေး
တတိယလက်ဘန္နန်စစ်ကိုဦးတည်နေ
**မာရဝီမြို့ တိုက်ပွဲအလွန် ဖိလစ်ပိုင်၏ အနာဂတ်**
**တရုတ်အစိုးရနဲ့ အိုင်အက်စ်ဆက်နွယ်တဲ့ အစ္စလာမ္မစ်လှုပ်ရှားမှု**
**အာရှမှာ တတိယကမ္ဘာစစ်ဖြစ်ခဲ့လျှင်**
**တနင်္လာနေ့တိုင်း ထွက်ပြီ**
နယ်စာဖတ်ပရိသတ်များကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာယူ-၂၂ အသင်း ယနေ့စတင်လေ့ကျင့်မည်

**ရန်ကုန် ဇွန် ၄**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၂၂ အသင်းသည် ဇွန် ၅ ရက် (ယနေ့) လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် အသင်းစတင်ဖွဲ့စည်းပြီး ပထမခြေစမ်းပွဲအဖြစ် MNL All Star အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်ကစားသမားများပါဝင်သော ပဏာမကစားသမားစာရင်းကို ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ထုတ်ပြန်ခဲ့ရာ အပြောင်းအလဲအချို့ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၀ အသင်းမှ ကစားသမား အများစုပါဝင်လာသည့် မြန်မာယူ-၂၂ အသင်းတွင် **ဂိုးသမား** ဘုန်းသစ္စာမင်း (ရှမ်း)၊ ဆန်းထက်နိုင်မင်းသူ (ရန်ကုန်)၊ ဝေလင်းအောင် (နေပြည်တော်)၊ **နောက်တန်း** နန္ဒကျော် (မကွေး)၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော် (ရှမ်း)၊ သီဟထက်အောင်၊ သောင်လျပ် ထန် (ချင်း)၊ ရဲရင့်အောင် (ရတနာပုံ)၊ အောင်ဟိန်းစိုးဦး (Southern) ၊ နန်းဝေမင်း (ရန်ကုန်)၊ **အလယ်တန်း** လှိုင်းဘိုဘို၊ ရဲရင့်ထွန်း၊ မျိုးကိုထွန်း (ရတနာပုံ)၊ ဇေယျာနိုင် (မကွေး)၊ ဇင်ဖြိုးအောင် (ဇွဲကပင်)၊ ငြိမ်းချမ်းအောင်၊ မင်းကျော်ခန့်(ရန်ကုန်)၊ ရန်နိုင်ဦး၊ နန်းမင်းအောင် (ရှမ်း)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ချစ်လှအောင်(ဟံသာဝတီ)၊ ရန်ပိုင်စိုး(ရော်ဝတီ)၊ **ရှေ့တန်း** အောင်သူ (ရတနာပုံ)၊ သန်းပိုင် (ချင်း)၊ စအောင်ပြည့်ကို (ရှမ်း)နှင့် အောင် ကောင်းမာန် (ရော်ဝတီ)တို့ ပါဝင်ကြသည်။ မြန်မာယူ-၂၂ အသင်းကို ကိုင်တွယ်မည့် **နည်းပြချုပ်** ဂတ်ဖရိုင်းဒရစ်နှင့် နည်းပြအဖွဲ့ဝင်များသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာရှဖလားခြေစစ်ပွဲ သွားရောက်ယှဉ် ပြိုင်နေသောကြောင့် ဇွန် ၁၆ ရက်မှသာ ကိုင်တွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဇွန် ၅ ရက်မှ ၁၄ ရက် အထိ ပြည်တွင်း နည်းပြဆရာလေးဦးက ယာယီ လေ့ကျင့်ပေးမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ၊ အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် အခြားနိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



မြန်မာယူ-၂၂ အသင်းတွင်ပါဝင်လာသည့် တောင်ပံကစားသမား ရန်နိုင်ဦး
ဓာတ်ပုံ-ဖိုးသော်ဇင်

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဆီဗီလာအသင်းသည် မန်ချက်စတာစီးတီးအသင်းမှ နိုလီတိုကို အငှားဖြင့် စာချုပ်ခေါ်ယူရန်ဆန္ဒရှိနေကြောင်း ဒေးလ်လီးမေးသတင်းတစ်ပုဒ်အရ သိရသည်။
- ဆက်ဇီနီသည် ဂျူဗင်တပ်စ်အသင်းနှင့် သဘောတူညီမှုမရရှိသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါ ဂိုးသမားကို စီးရီးအေ ချန်ပီယံ ဂျူဗင်တပ်စ်အသင်းက ဘတ်ဖွန်၏ နေရာကို ရေရှည်အစားထိုးရန် ယူရို ၁၆ သန်းဖြင့် လေးနှစ် စာချုပ်ရန် သဘောတူညီမှုရရှိထားကြောင်း အသင်းပြောကြားချက်အရ သိရသည်။
- လီဗာပူးအသင်းသည် အီဂျစ်တိုက်စစ်မှူး မိုဟာမက် ဆာလက်ကို ခေါ်ယူရန် ရိုးမားအသင်းနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ ရိုးမားအသင်းသည် လီဗာပူးအသင်း၏ ကနဦးကမ်းလှမ်းချက် ယူရို ၂၈ သန်းကို ပယ်ချခဲ့ကြောင်း၊ အဆိုပါကလပ်က ၎င်းကို ယူရို ၃၅ သန်းနှင့် ၄၀ ကြား အလိုရှိနေကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြ ထားသည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လက်စတာစီးတီး တောင်ပံကစားသမား မာရက်ဇ်ကို စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ပြင်သစ်ကလပ် လီဟတ်ဗ်ရီအသင်းမှ လက်စတာအသင်းသို့ ပေါင် လေးသိန်းဖြင့်ရောက်ရှိလာသူဖြစ်သည်။

**ဇော်ဇော်**

# ရီးရဲတို့ ဂျူဗင်တပ်စ်ကို အနိုင်ယူပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားဆွတ်ခူး

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၂၀၁၆-၂၀၁၇ ဗိုလ်လုပွဲကြီးကို ဇွန် ၄ ရက် နံနက်ပိုင်းတွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့ မီလန်နီယမ်ကွင်းကြီး၌ ဂျူဗင်တပ်စ်နှင့် ရီးရဲမက်ဒရစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲအသင်း လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလားကို (၁၂)ကြိမ်မြောက် ဆွတ်ခူးခဲ့ကာ နှစ်နှစ်ဆက်တိုက် ချန်ပီယံအဖြစ် မှတ်တမ်းသစ်တင်နိုင်ခဲ့သည်။

ဥရောပကလပ်များလိုချင်တပ်မက်ခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲကြီးတွင် ရီးရဲအတွက် ဦးဆောင်ဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် စီရော်နယ်ဒိုကသွင်းယူခဲ့ပြီး ပွဲချိန် ၂၇ မိနစ်တွင် မန်ဇူကစ်က ဂျူဗင်တပ်စ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရီးရဲအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၁ မိနစ်တွင် ကက်စ်မဲရိုး၊ ၆၄ မိနစ်တွင် စီရော်နယ်ဒို၊ မိနစ် ၉၀ တွင် အဆန်စီရိုတို့ကသွင်းယူခဲ့သည်။ ဂျူဗင်တပ်စ်သည် ပထမပိုင်းတွင် ကစားကွက်အသာစီးဖြင့် ဖိအားပေးနိုင်ခဲ့ပြီး ဒုတိယပိုင်း၌ ရီးရဲ၏တန်ပြန်တိုက်စစ်အားကို ဂျူဗင်တပ်စ်နောက်တန်း မထိန်းချုပ်နိုင်ဘဲ ဂိုးများပေးခဲ့ရသည်။



ယင်းပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် ဂျာမနီနိုင်ငံသား ဖီးလစ်ဘရစ်ချ်က တာဝန်ယူ ကိုင်တွယ်ခဲ့သည်။ စီရော်နယ်ဒိုသည် ယနေ့ပွဲတွင် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့၍ ချန်ပီယံလိဂ်သွင်းဂိုး ၁၂ ဂိုးရရှိခဲ့ပြီး ပြိုင်ဘက်ကစားသမား မက်ဆီထက် တစ်ဂိုးအသာဖြင့် ယခုနှစ်ရာသီတွင် သွင်းဂိုးအများဆုံးဖြင့် ရပ်တည်ခဲ့သည်။ စီရော်နယ်ဒိုသည် ၂၀၀၂ မှ ၂၀၁၇ ထိ ချန်ပီယံလိဂ်သွင်းဂိုး ၁၀၆ ဂိုးနှင့် ပွဲပေါင်းစုံသွင်းဂိုး ၅၂၈ ဂိုး သွင်းယူထားပြီး ပြိုင်ဘက်ကစားသမား မက်ဆီသည် ချန်ပီယံလိဂ်သွင်းဂိုး ၉၄ ဂိုးနှင့် ပွဲပေါင်းစုံသွင်းဂိုး ၅၁၈ ဂိုးသာ ရရှိထားသည်။ ယင်းနှစ်ဦး၏ သွင်းဂိုးများသည် ကလပ်အသင်းသွင်းဂိုးများသာဖြစ်ပြီး နိုင်ငံပွဲဂိုးများ မပါဝင်ပေ။

ချန်ပီယံလိဂ်သည် ယခင်က ဥရောပဖလားအမည်ဖြင့် ၁၉၅၅ တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၉၂ မှစပြီး ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်ခဲ့သည်။ ချန်ပီယံလိဂ်အမည်သို့ ပြောင်းလဲပြီးချိန်တွင် ချန်ပီယံဆုရသည့် အသင်းများအနေဖြင့် နှစ်နှစ်ဆက်တိုက် ဖလားရယူထိန်းသိမ်းနိုင်သည့်အသင်း မပေါ်ပေါက်ခဲ့ဘဲ ရီးရဲသည် ၂၀၁၅-၂၀၁၆ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံအဖြစ် မှတ်တမ်းသစ်တင်နိုင်ခဲ့သည်။ ရီးရဲအသင်းနှင့်အတူ နည်းပြ ဇီဒန်းလည်း နှစ်နှစ်ဆက် ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရီးရဲသည် ၅၉ နှစ်အတွင်း လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ်ဖြင့် တစ်ပြိုင်တည်း ရယူနိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ရီးရဲအတွက် သမိုင်းသစ်များ ရေးထိုးနိုင်ခဲ့သလို စီရော်နယ်ဒိုသည်လည်း မှတ်တမ်းကောင်းများရရှိကာ ယခုပွဲမှ သွင်းဂိုး နှစ်ဂိုးကြောင့် သူ၏ ဘောလုံးသမားတစ်လျှောက် သွင်းဂိုး ၆၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ **သီဟ**


## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုအထက(ခွဲ)-၂ နဝမတန်းမှ မင်းပပလှိုင်နှင့် (၅)ရပ်ကွက် မူလွန်၊ သတ္တမတန်းမှ မောင်သူရိန်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်းဦး ၇/ကတခ(နိုင်)၁၀၉၄၀၁ ဖြစ်ပါကြောင်း။

**ဦးအောင်လင်းဦး**

## အမည်ပြောင်း

သာစည်မြို့နယ်၊ ရေတွင်းကြီးရွာ၊ အလက(ခွဲ)၊ အဋ္ဌမတန်းမှ (ဘ) ဦးစိန်မင်း၏သမီး မတောက်တောက် ၉/သစန(နိုင်)၂၀၃၁၇၆ အား မဇူလိုင်မိုးဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်းနှင့်မွေးသက္ကရာဇ်မှန်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်နေ ဦးသန့်ဇင်မိုး ၉/မထလ(နိုင်)၁၁၀၆၅၉၏သား မောင်အံ့မင်းသန့်အား မောင်အာကာမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်မှာ ၂၁-၄-၂၀၁၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/5715 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/2765 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ‘ပ’သုံးလုံးဝါတွင်းရဟန်းတော်များ ဝိပဿနာသင်တန်း

‘ပ’သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ (၄၉)ကြိမ်မြောက်ဝါတွင်းရဟန်းတော်များ ဝိပဿနာပညာသင်တန်းကို ၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် (၈)ရက်မှစ၍ သီတင်းကျွတ်လဆန်း ၈ရက်အထိ အပတ်စဉ် ဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃း၃၀နာရီအထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းလျှောက်လွှာများကို ၇-၆-၂၀၁၇ရက်မှ ၉-၇-၂၀၁၇ရက်ထိ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါကြောင်း၊ အချက်အလက်များကို ဝိပဿနာပညာတက္ကသိုလ်၊ ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၌ စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၃၇၇၇၃၁**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်လမ်းဦးစီးဌာနများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၇၁-၂၃၇၆၄၊ ၂၂၅၄၁ တို့သို့(ရုံးချိန်အတွင်း) ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်းဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၅-၆-၂၀၁၇ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** - ၅-၇-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၆-၇-၂၀၁၇ရက် ညနေ၁၆း၃၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မုံရွာမြို့၊

**တင်ဒါကော်မတီ**
**ဖုန်း-၀၇၁၂၃၇၆၄၊ ၂၂၅၄၁**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၅-၆-၂၀၁၇ ရက်မှ ၅-၇-၂၀၁၇ ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ** - လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးရုံးခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မုံရွာမြို့
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ

၃။ စီမံကိန်းဒီဇိုင်းနှင့် ကုန်ကျစရိတ်တွက်ချက်မှုကို ကုမ္ပဏီမှ အဆိုပြုတင်ပြရမည်။

၄။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံးခန်း၊ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၃၂၃၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) မုံရွာမြို့နယ် မြေတိုင်းတာရေးနှင့် ကြေးတိုင်စိုက်လုပ်ငန်း ဆောင်ရွက်ခြင်း Lot-1
(ခ) ဖောင်းပြင်(၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း ပေ(၁၀၂×၂၅) Lot-2
(ဂ) ခန္တီးခရိုင်(၆)ခန်းတွဲ (၁)ထပ်(၂)လုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ပေ(၁၂၆×၃၅) Lot-3

**လျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့
**လျှောက်လွှာရောင်းချမည့်ရက်** - ၇-၆-၂၀၁၇ ရက်မှ ၆-၇-၂၀၁၇ ရက်ထိ
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၇-၇-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ
**လျှောက်လွှာတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၂)

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၀၃၂၅၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကျုံးကျုံးကျအုပ်စု၊ မန်ကျီးကုန်းရွာနေ မသန္တာဦးနှင့် မသန္တာအေးတို့၏ဖခင် ဦးမောင်ညွှန့်(ခ)ဦးညွှန့်ဝေ ၇/ပတတ(နိုင်)၀၃၈၅၆၃မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမောင်ညွှန့်(ခ)ဦးညွှန့်ဝေ**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နေ ဦးဆန်းမြင့်ဦး၏ သမီး မရွှေကိုကို ၁၄/ဇလန(နိုင်)၁၁၅၇၁၁ အား မရွှေရည်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေရည်ကိုကို**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနအတွက် ကတ္တရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကတ္တရာ(၈၀/၁၀၀) အမျိုးအစားနှင့် (၆၀/၇၀)အမျိုးအစား ကတ္တရာအား မြန်မာကျပ်ငွေတန်ဖိုးဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာများ၊ ထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty)ပေးဆောင်ထားပြီးကြောင်း ထောက်ခံချက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ ကတ္တရာအရည်အသွေး စစ်ဆေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

SPECIFICATION OF STRAIGHT ASPHALT/60/70GRADE/80/100GRADE

| Sr.No | Specification | 60/70 | 80/100 |
|---|---|---|---|
| 1 | Penetration at 25C | 70 ±10 | 100 ±20 |
| 2 | Softening Point(Ring & Ball) | 44-54 | 41-51 |
| 3 | Solutility in Trichloroethylene(%) | min-99 | min-99.5 |
| 4 | Specific Gravity at 25C | 1.00-1.06 | 1.00-1.06 |
| 5 | Ductility at 25C(cm) | min-100 | min-100 |
| 6 | Loss on Heating(%) | max-0.5 | max-0.5 |
| 7 | Flash-Point(C) | min-232 | min-225 |
| 8 | Penctration after loss on heating at 25C (0.1 mm) (% of original) | min-80 | min-80 |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၅-၆-၂၀၁၇ရက် မှ၃၀-၆-၂၀၁၇ရက် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်မှာ ၁-၇-၂၀၁၇ရက် ညနေ ၄း၃၀နာရီဖြစ်ပြီး ဖွင့်လှစ်မည့်အချိန်နှင့်နေရာအား ထပ်မံအသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ၅-၆-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၃၇၆၄၊ ၂၂၅၄၁**

# ကျွန်တော်နဲ့မော်လမြိုင်



ပါမောက္ခဒေါက်တာအောင်ထွန်းသက်

အရင်တစ်ပတ်က ကျွန်တော်မွန်ပြည်နယ် မော်လမြိုင်မြို့ကို ခရီးထွက်ခဲ့တယ်။ သွားရတဲ့အကြောင်းက ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ Business for Peace (B4P) လှုပ်ရှားမှုအတွက် ဖြစ်တယ်။ မနက်ရန်ကုန်ကထွက်ပြီး ထောက်ကြံ့မြို့အနီးရှိတဲ့ အိုင်တီလက်ဖက်ရည်ဆိုင်မှာ ခဏနားခဲ့တယ်။ ဆိုင်အခင်းအကျင်းရော၊ အစားအသောက်ရော ကောင်းတယ်။ အမြန်လမ်းကတစ်ဆင့် ဘုရားကြီးဝေါမြို့ စစ်တောင်း တံတားဖြတ်ပြီး စိမ်းလဲ့တင်မှာ နေ့လယ်စာစားကြတယ်။ ကားနှစ်စီးလူကိုးဦး။ မော်လမြိုင်ရောက်တော့ ညနေ ၃ နာရီ မိနစ် ၃၀ ။ တည်းမယ့်ဟိုတယ်မှာ ကိုမင်းဇညာစန်းက စောင့်နေတယ်။ သူက မော်လမြိုင်နဲ့ ဘားအံခရီးစဉ်ကို အစအဆုံး စီစဉ်ပေးတဲ့သူ။ သူနဲ့ကျွန်တော်က အစကတည်းက ရင်းနှီးတယ်။ သူရဲ့ဖခင်က အခုချိန်မှာ ပြည်ထောင်စုဝန်ကြီး။ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနကို တာဝန်ယူထားသူ။ ဟိုတယ်မှာ ကိုဇညာမိခင်နဲ့ စကားပြောဖြစ်တယ်။ ဝန်ကြီးကတော်က စီးပွားရေးလုပ်ငန်းတွေကို စွန့်စွန့်စားစား လုပ်ခဲ့သူ။ အမေရိကန်ပြည်ထောင်စုကို လက်ဖက်စိမ်းတွေ တင်ပို့နိုင်ခဲ့တယ်။ အစားအသောက်ကို တင်ပို့နိုင်တဲ့ကိစ္စဟာ အမှန်တော့ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒီလိုစွန့်ထွင် ဦးစီးမှုတွေဟာ လေးစားရမယ့် အရည်အချင်းတွေ ဖြစ်တယ်။

ညစာမစားမီ ချောင်းဆုံကိုသွားခဲ့တယ်။ ချောင်းဆုံတံတားနဲ့ပတ်သက်ပြီး တလောက ပြောကြဆိုကြတာတွေကြားရတယ်။ ဖတ်ရှုရတယ်။ မော်လမြိုင်ကနေ ကားနဲ့ခရီးထွက်ခဲ့ပြီး တံတားအသစ်ကြီးကိုဖြတ်ပြီး ချောင်းဆုံကျွန်းပေါ်ရောက်ခဲ့တယ်။ ငယ်ငယ်တုန်းက ကြားဖူးတဲ့ ရွာလွတ်ရွာထိပ်မှာ ရှိတဲ့လမ်းဆုံက ဆေးတံရုပ်တုအောက်မှာ ဓာတ်ပုံရိုက်ကြတယ်။ ဆေးတံမှာ Make in Ywalut ဆိုတဲ့ စာတန်းထိုးထားတယ်။ ရွာထဲက ဆေးတံထုတ်လုပ်တဲ့အိမ်ကိုသွားကြပြီး ဒေသထွက်ပစ္စည်းတွေကို ဝယ်ယူကြတယ်။ ပစ္စည်းတွေက မိရိုးဖလာပစ္စည်းတွေ၊ ကုန်ကြမ်းတွေက ချောင်းဆုံကျွန်းက သစ်တွေ။ ဒါပေမယ့် ထုတ်လုပ်မှု စွမ်းအားကနည်းတော့ စီးပွားရေးတွက်ခြေ မကိုက်လှဘူး။ ထုတ်တဲ့နည်းပညာကလည်း ရိုးရိုးစင်းစင်း။ လျှပ်စစ်ဓာတ်အားကလည်း မပြည့်စုံ။

နောက်တစ်နေရာက သင်ပုန်းထုတ်တဲ့ဆိုင်။ ထုတ်လုပ်တဲ့နေရာက ကျောက်ရော၊ ရောင်းတဲ့နေရာရော တစ်နေရာတည်း။ ဆိုင်ရှင်လုပ်သူက ဗီဒီယိုဖွင့်ပြီး ကျောက်သင်ပုန်းကုန်ကြမ်း ထုတ်လုပ်ပုံကို ပြသပေးခဲ့တယ်။ တူးရတာကလက်နဲ့။ အန္တရာယ်ကလည်းများလိုက်တာ။ တွင်းကလည်း ဝါးသုံးရပ်စာမို့ အနက်ကြီး။ လုံခြုံရေးပစ္စည်းတွေလည်း သုံးတာမတွေ့ရဘူး။ အခုခေတ်မှာ ကျောက်သင်ပုန်း ဈေးကွက်က သိပ်ရှိလှမှာ မဟုတ်ဘူး။ ဥရောပနိုင်ငံတွေမှာ အိမ်မိုးတွေက ဒီကျောက်သင်ပုန်းကျောက်တွေ။ ဒီဈေးကွက်တွေ ထိုးဖောက်နိုင်ရင် သိပ်ကောင်းမှာ။ ညစာကို ဟိုတယ်ရဲ့အပေါ် ထပ်မှာစားကြတယ်။ ရှုခင်းကလည်း လှပတယ်။ တစ်ဖက်တောင်ခြေမှာရှိတဲ့ ဘုရားကြီးကို ဖူးနိုင်တာ။ ရန်ကုန်က ရောက်လာတဲ့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းချုပ်က ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ဦးအေးဝင်းနဲ့ မော်လမြိုင် အခြေစိုက်လုပ်ငန်းရှင်များ၊ ကျွန်တော်တို့ရဲ့အဖွဲ့ဝင်များ ဝန်ကြီးကတော် စီစဉ်ခဲ့တဲ့ မွန်ဟင်းတွေနဲ့ စားကြတယ်။ ထမင်းစားပြီး နာမည်ကြီးဒူးရင်းသီးတွေကို တဝစားခဲ့ကြတယ်။ ဒူးရင်းသီးစားပြီး တစ်ခါမှ မကြုံဖူးတဲ့ အဆိပ်ဖြေနည်းနဲ့ အနံ့ဖြေနည်းကို လုပ်ခဲ့တယ်။ စားပြီးသား ဒူးရင်းသီးအခွံထဲမှာ သောက်ရေထည့်ပြီး သောက်ရင် ဒူးရင်းသီးအဆိပ်ပျောက်ပြီး ဆူးတွေရှိတဲ့ ဒူးရင်းသီးအခွံအပေါ်ရေဖျန်းပြီး ကျလာတဲ့ရေတွေနဲ့ လက်ကိုဆေးရင် ဒူးရင်းသီးအနံ့ပျောက်တယ်တဲ့။ ကျွန်တော်တို့လည်း ယုံယုံကြည်ကြည်လုပ်ကြတယ်။ ထူးခြားတာက ထိရောက်မှုရှိတာ တွေ့ရတယ်။

> **စီးပွားရေးလုပ်ငန်းတွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်တယ်။ ပါဝင်တဲ့နေရာမှာ နိုင်ငံရေး ဆွေးနွေးပွဲတွေမှာ ပါဝင်တာကို ပြောတာမဟုတ်ဘဲ မိမိလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို စနစ်တကျ ဦးစီးဆောင်ရွက်ရင်း တာဝန်ကျေပွန်နိုင်မှာဖြစ်တယ်။**

နောက်တစ်နေ့ပွဲလုပ်မယ့်ခန်းမထဲကို မနက်စာစားပြီး ဝင်ခဲ့ကြတယ်။ ခန်းမက ခမ်းနားလှတယ်။ နံနက် ၈ နာရီခွဲမှာ ဧည့်သည်တွေက တဖွဲဖွဲရောက်လာကြတယ်။ ဧည့်ရှင်လုပ်တဲ့သူတွေက အားနာလို့ မော်လမြိုင်ထုံးစံအရ ပရိသတ်တွေ နည်းနည်းနောက်ကျမယ်လို့ ကျွန်တော့်ကို ဖျောင်းဖျတယ်။ ကျွန်တော်ကတော့ ကိစ္စမရှိပါဘူး။ လူစုံမှစကြတာပေါ့လို့ နှစ်သိမ့်ခဲ့တယ်။ မွန်ပြည်နယ်ဝန်ကြီးချုပ်က အချိန်မီရောက်လာတော့ သူရောက်ရောက်ချင်း အခမ်းအနားစခဲ့တယ်။ သူက အဖွင့်အမှာစကားပြောပြီး ပြည်နယ်ရဲ့ငြိမ်းချမ်းရေး မျှော်မှန်းချက်တွေကို တင်ပြခဲ့တယ်။ အမှန်တော့ မွန်ပြည်နယ်ဟာ အေးချမ်းနေတဲ့ အရပ်ဒေသဖြစ်တယ်။ ပဋိပက္ခတွေကင်းတဲ့အရပ်။ တည်နေရာအရ စီးပွားရေးအလားအလာအပြည့်အဝ။ ဒုတိယဥက္ကဋ္ဌ မိန့်ခွန်းပြောပြီး အသင်းချုပ်ဒုတိယဥက္ကဋ္ဌက ပုဂ္ဂလိကကဏ္ဍအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်တပ်တစ်အား ပါဝင်လိုတဲ့ဆန္ဒကို ဖော်ထုတ်ခဲ့တယ်။ ကိုဇညာက ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်ရဲ့ သဝဏ်လွှာကို ဖတ်ကြားပေးခဲ့ပါတယ်။

ကျွန်တော်အလှည့်ရောက်တော့ မွန်ပြည်နယ်မှာ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ ပြုစုမှုကို တင်ပြခဲ့တယ်။ ကျွန်တော်တို့အဖွဲ့က မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်မှာ ပွဲနှစ်ပွဲလုပ်မှာမို့ တင်ပြချက်တွေ မတူအောင်အစကတည်းက ပြင်ဆင်ခဲ့တယ်။ တစ်နေရာမှာ ပြောတာကို နောက်တစ်နေရာမှာ ပြောဖို့ ကျွန်တော့်စိတ်ထဲ ဘဝင်မကျလှဘူး။ ကိုယ့်အတွက် ပင်ပန်းတာပါပဲ။ ကျွန်တော်က တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းအကြောင်း တင်ပြခဲ့ပြီး စီအက်(စ်) အာလို့ ခေါ်တဲ့ စီးပွားရေးလုပ်ငန်းများရဲ့လူမှုရေးတာဝန်ကို ဆွေးနွေးခဲ့ပါတယ်။ ခက်တာက စီအက်(စ်)အာလို့ပြောရင် အလှူအတန်းနဲ့ တူညီတယ်လို့ ယူဆနေကြတာ။ ဆက်လက်ပြီး Business for Peace အကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်တယ်။ ပါဝင်တဲ့နေရာမှာ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်တာကိုပြောတာမဟုတ်ဘဲ မိမိလုပ်နေတဲ့ စီးပွားရေး လုပ်ငန်းတွေကို စနစ်တကျ ဦးစီးဆောင်ရွက်ရင်း တာဝန်ကျေပွန်နိုင်မှာဖြစ်တယ်။

လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ ဝန်ထမ်းများကို သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းအတိုင်းဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်းနဲ့ အဂတိလိုက်စားမှုကို ရှောင်ရှားခြင်းတို့ဖြစ်တယ်။ ကျွန်တော်အခုလို တင်ပြပြီးနောက် အမေးအဖြေကဏ္ဍကိုလုပ်ခဲ့ပါတယ်။ ပရိသတ်တွေထဲက မေးခွန်းတွေကို စိတ်ဝင်တစား မေးကြတယ်။ ကျွန်တော်က ဖြေနိုင်သမျှတွေကို ကြိုးစားပြီးဖြေခဲ့တယ်။ တချို့မေးခွန်းတွေကိုတော့ ရှောင်ပြီးဖြေခဲ့ရတယ်။ အဖြေကိုတည့်တည့်ဖြေလိုက်ရင် အခက်အခဲတွေရှိနိုင်တယ်။ လက်ဖက်ရည်သောက်ဖို့ အခမ်းအနားကို ခဏနားပြီး စကားဝိုင်းကို စတင်ခဲ့တယ်။ မစမီ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပါဝင်ဆွေးနွေးခဲ့တယ်။ စကားဝိုင်းမှာ မော်လမြိုင်မြို့က လုပ်ငန်းရှင် သုံးဦးပါဝင်ခဲ့တယ်။ တစ်ဦးက ဦးစိန်ဝမ်း။ သူနဲ့ပွဲမစမီညက ညစာစားပြီး သူတာဝန်ယူထားတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ သွားခဲ့တာ။ ညဥ့်နက်နေပေမယ့် အချိန်ပေးပြီး သွားခဲ့တာ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီစက်ရုံကိုရောက်ခဲ့တယ်။ ဒီတုန်းက အဆောက်အအုံတွေ၊ စက်တွေက ဆောက်လုပ်ဆဲ။ အခုတော့ အားလုံးပြီးစီးပြီ။ ဓာတ်အားစက်က လည်နေပြီး နိုင်ငံတော်က ဓာတ်ငွေ့ကိုယူပြီး လျှပ်စစ်ဓာတ်အားကို ရန်ကုန်မြို့ကို ပေးဝေနေတာဖြစ်တယ်။ စရိတ်ကတော့ တစ်ယူနစ်မှာ ငွေကျပ် ၂၀၀ ကျော်ပေမယ့် ရန်ကုန်မြို့မှာတော့ ငွေကျပ် ၅၀နဲ့ ရောင်းချနေတာကြောင့် အစိုးရကပံ့ပိုးပေးနေတာ ဖြစ်တယ်။ သူ့ရုံးခန်းထဲရောက်တော့ ကုလားကုတ်ကျွန်းအနီးမှာ စီစဉ်နေတဲ့စီမံချက်ကို အသေးစိတ်ရှင်းပြခဲ့တယ်။ ကြီးကျယ်လှတဲ့ စီမံချက်ဖြစ်ပြီး အကောင်အထည်ဖော်ဖြစ်ရင် ဒေသဖွံ့ဖြိုးမှုအတွက်ရော၊ နိုင်ငံအတွက်ရော အလွန်အကျိုးရှိတဲ့ကိစ္စ။ ဒါပေမယ့် ဒီစီမံချက်နဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေအနေနဲ့ စိစစ်နေဆဲဖြစ်တယ်။ စီမံကိန်းကကြီးမားလွန်းတာကြောင့် သေချာဖို့အရေးကြီးတယ်။ ရေနက်ဆိပ်ကမ်းအပြင် စက်မှုဇုန်တွေ၊ အခြေခံအဆောက်အအုံတွေ ပါဝင်ခဲ့တယ်။

စကားဝိုင်းမှာ ဦးစိန်ဝမ်းနဲ့ကျန်လုပ်ငန်းရှင် တစ်ဦးပါဝင်ခဲ့တယ်။ ပုဂ္ဂိုလ်တစ်ဦးရဲ့ဆွေးနွေးချက်ကို ကျွန်တော်သတိပြုမိတယ်။ မွန်ပြည်နယ်မှာ မငြိမ်မသက်ဖြစ်နေတဲ့ ကာလအတွင်း စီးပွားရေးက ကောင်းတယ်လို့ မှတ်ချက်ပေးခဲ့တယ်။ အမှန်တော့သူက အမှန်တရားကို ထုတ်ဖော်ခဲ့ခြင်းဖြစ်တယ်။ အခြေအနေက ဒီလိုဖြစ်ခဲ့တယ်။ မငြိမ်းချမ်းရင် ပဋိပက္ခတွေ ဆက်ဖြစ်နေရင် စီးပွားရေး အကျိုးအမြတ် ရနေသရွေ့ငြိမ်းချမ်းရေးကိုရဖို့ ခဲယဉ်းမှာဖြစ်တယ်။ ငြိမ်းချမ်းရေးကိုရရင် စီးပွားရေးလုပ်ရတာ ပိုပြီး ကောင်းတယ်။ အကျိုးအမြတ်တွေ ပိုပြီးရနိုင်မယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ သက်သေပြနိုင်ရမယ်။ ဒါမှလည်း အဓွန့်ရှည်တဲ့၊ တည်မြဲတဲ့ ငြိမ်းချမ်းရေးရနိုင်မှာဖြစ်တယ်။ အပေါ်ယံအေးချမ်းမှုကိုသာ ရှေးရှုပြီးငြိမ်းချမ်းရေးကိုယူလို့ ရနိုင်မှာမဟုတ်ဘူး။ စစ်မှန်တဲ့၊ အားလုံးပါဝင်တဲ့၊ တရားမျှတတဲ့ အေးချမ်းရေးရအောင် ကြိုးစားကြရမှာ။ ဒီနေရာမှာ ပုဂ္ဂလိက စီးပွားရေးကဏ္ဍဟာ အလွန်အရေးပါတဲ့ နေရာက ပါဝင်လှုပ်ရှားရမှာသာ ဖြစ်ပါတယ်။

စကားဝိုင်းပြီးချိန်မှာ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး ကတိစာချုပ်ကို မွန်ပြည်နယ်စက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနဲ့ ကျွန်တော်တို့ လက်မှတ်ရေးထိုးကြပြီး သက်သေအဖြစ် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ဒုဥက္ကဋ္ဌဦးသိန်းဟန်နဲ့ ကျန်တဲ့ တာဝန်ရှိသူတွေက ဆောင်ရွက်ခဲ့ပါတယ်။ ပွဲပြီးတဲ့အချိန် နေ့လယ်စာစားပြီး မော်လမြိုင်မြို့အနီးမှာရှိတဲ့ ကျိုက္ခမီရေလယ်ဘုရားဖူးခဲ့တယ်။ ကိုဇညာဖွင့်လှစ်ထားတဲ့ သံဖြူဇရပ် သေမင်းတမန်ရထား ပြတိုက်ကို သွားခဲ့ကြတယ်။ ဒီပြတိုက်ကို ဖွင့်ပေးခဲ့သူကိုလည်း ကျေးဇူးတင်ရတယ်။ ဇန်ကောက်မြို့မှာ ကမ္ဘာလှည့်ခရီးသည်တွေကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက အကယ်ဒမီဆုရခဲ့တဲ့ “ကွေးမြစ်ပေါ်ကတံတား”ကို အလည်အပတ်သွားနိုင်တဲ့ အစီအစဉ်တွေနဲ့ စီးပွားရှာနေတာ။ အမှန်တော့ ဒီသေမင်းတမန်ရထားလမ်း အစဟာ သံဖြူဇရပ်သာ ဖြစ်တယ်။ သမိုင်းကို စိတ်ဝင်စားသူတိုင်း ရောက်သင့်တဲ့နေရာ ဖြစ်ပါတယ်။

ကျွန်တော်တို့မော်လမြိုင်မြို့ကနေ ဘားအံမြို့ကိုခရီးထွက်ခဲ့ကြတယ်။ ဘားအံမြို့ရောက်တော့ ထမင်းစားချိန်တောင်ကျော်ခဲ့ပြီ။ ကျွန်တော်တို့အဖွဲ့ကို ပြည်ထောင်စုရိပ်သာမှာ ပြည်နယ်ဝန်ကြီးချုပ်က စောင့်နေရှာတယ်။ နောက်ကျတာမို့ အားနာစရာပါပဲ။

## အသက် ၉၀ နှင့်အထက် အဘိုးအဘွားများအား လစဉ်အမျိုးသားလူမှုရေးပင်စင်ထောက်ပံ့ပေးအပ်သွားမည်

**မြစ်ကြီးနား ဇွန် ၄**

ကချင်ပြည်နယ် တစ်ခုလုံးအတိုင်းအတာအနေဖြင့်ဇွန် ၁၅ ရက်မှစပြီး အသက် ၉၀ နှင့်အထက် အဘိုးအဘွားများအား လစဉ်အမျိုးသားလူမှုရေးပင်စင်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတော်ဘတ်ဂျက်က ပေးတဲ့ ၂၀၁၇ - ၂၀၁၈ဘဏ္ဍာနှစ်က စပြီး အဘိုးအဘွားတွေကို အမျိုးသားလူမှုရေးပင်စင်အနေနဲ့ တစ်လကို ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ သုံးလတစ်ကြိမ် ရပ်ကွက် / ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးကတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမှာ ဖြစ်ပါတယ်။ အဘိုးအဘွားတွေကို ထောက်ပံ့ပေးဖို့အတွက် ဝန်ကြီးဌာနကိုတင်ပြထားတယ်။ ပြန်ကျလာတာနဲ့ ဇွန် ၁၅ ရက်မှ ဇူလိုင်၊ ဩဂုတ်၊ ဇွန်လသုံးလစာကို ပထမအကြိမ် ထောက်ပံ့ပေးအပ် သွားဖို့ရှိတယ်။ ကချင်ပြည်နယ်တင်မဟုတ်ဘဲ မြန်မာနိုင်ငံတစ်ခုလုံး အတိုင်းအတာအနေနဲ့ ပေးသွားမှာဖြစ်တယ်”ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ရုံး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်ဦးစီးမှူး ဦးအောင်စိုးကပြောသည်။

လက်ရှိ ပြည်နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ကြီးဌာနကို တင်ပြထားချက်အရ အသက် ၉၀ နှင့်အထက် အဘိုးအဘွား ၇၀၀ ကျော်ရှိကြောင်း၊ အဘိုးအဘွားများအနေဖြင့် အမျိုးသားလူမှုရေးပင်စင်လျှောက်ထားလိုပါက ရပ်ကွက် / ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ တစ်ဆင့်မှတ်ပုံတင်၊ ပုံစံ(၁၀)အိမ်ထောင် စုဇယားလိုအပ်ပြီး မရှိပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦး၏ ထောက်ခံစာဖြင့် ရက်အကန့်အသတ်မရှိ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

“ကျွန်တော်တို့ဝန်ကြီးဌာနမှာ လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒဆိုတာရှိတယ်။ အဲဒီမူဝါဒအရ အသက်ကြီးတဲ့သူတွေကို ကာကွယ်စောင့်ရှောက်တဲ့အနေနဲ့ နိုင်ငံတော်ကနေ ကရုဏာထားပြီး ထောက်ပံ့ပေးအပ်တာဖြစ်ပါတယ်။ ထပ်ပြီးတော့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အသက် ၈၀နှင့်အထက်ကိုထပ်မံထောက်ပံ့ပေးအပ်သွားဖို့အစီအစဉ်ရှိပါတယ်”ဟုယင်းက ဆက်လက်ပြောပြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## မာန်အောင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မာန်အောင် ဇွန် ၄**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ အပတ်စဉ်စနေနေ့တိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်ကမြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်လှိုင်ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့လမ်းမှ ဘောလုံးကွင်းလမ်း၊ ရဲစက်ကျော်ခေါင်လမ်းတစ်လျှောက် မိုရာမုန်တိုင်းဒဏ်ကြောင့် ကျိုးကျနေသောသစ်ကိုင်းသစ်ရွက်များ၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။ **သိန်းဇေ(ပြန်/ဆက်)**

## သံဃာတော်များမြို့နယ်ရပ်ကွက်များသို့ ပိဏ္ဍစာရဆွမ်းခံကြွရောက်

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တောင်လုံးပြန်ရပ်ကွက်နှင့် ကျီတော်ရပ်ကွက်များသို့ ဇွန် ၁ ရက်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံနှင့် စာသင်သားရဟန်းသံဃာတော်အပါး ၁၀၀ ကျော်တို့သည်ပိဏ္ဍစာရဆွမ်းခံကြွရောက်ခဲ့ရာ တောင်လုံးပြန်ရပ်ကွက်၊ ကျီတော်ရပ်ကွက်များမှပြည်သူများက သင်္ကန်း၊ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းခဲ့ကြသည်။

တောင်လုံးပြန်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်နှင့်အဖွဲ့၊ ကျီတော်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစိုးလွင်နှင့် အဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များက အလှူခံပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# လုပ်ကွက်ငယ်တောင်သူများ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းသည့် SIR စပါးစိုက်စနစ်ကို ကျင့်သုံးစို့

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိန်း**



မြန်မာနိုင်ငံအနေဖြင့် ဆန်ဖူလုံမှုလုံလောက်သည့်အတွက်ပြည်ပသို့ ဆန်တန်ချိန်နှစ်သန်းတင်ပို့ရောင်းချနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ယမန်နှစ်က ဆန်တန်ချိန် ၁ ဒသမ ၇သန်းကိုတရုတ်နိုင်ငံအပါအဝင် အာဖရိက၊ ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

စပါးစိုက်ပျိုးရာတွင် အဓိကအားဖြင့် စိုက်နည်းစနစ်ငါးမျိုးရှိပြီး တောင်သူများလက်တွေ့စိုက်ပျိုးသည့် နယ်ပယ်တွင်ပျိုးထောင်ပြီး လက်နှင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်နှင့်စိုက်ပျိုးခြင်း၊ မျိုးစေ့ကို တိုက်ရိုက်ကြဲခင်း ကြဲသားဖြင့်ကြဲစိုက်ခြင်း၊ မျိုးစေ့ချ ကိရိယာဖြင့်ဆွဲ၍ တမန်းပြင်ပေါ်တွင် အစိုဆွဲစိုက်ပျိုးခြင်း၊ အခြောက်ဆွဲစိုက်ပျိုးခြင်း၊ တန်းစိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် SIRစိုက်နည်းစနစ်တို့ ဖြစ်သည်။

"SIR စိုက်နည်းစနစ်ကတော့ မျိုးစေ့ကို နို့ဆီဘူး ၁၀ ဘူးသုံးရပြီး မျိုးစေ့ဖိုး သက်သာစေပါတယ်။ စိုက်ကွက်ကြဲ ၁၀လက်မပတ်လည်စိုက်ပါတယ်။ ၁၀ လက်မပတ်လည်စိုက်တဲ့အတွက်ကြောင့် အားလုံးအပြည့်စိုက်မယ်ဆိုရင် ကောက်ကွက် အနေနဲ့တစ်ဧကမှာ ၆၂၀၀၀ လောက်ကောက်ကွက်ဝင်ဆံ့မှာဖြစ်ပါတယ်။ ၁၀တန်းတစ်တန်းလှပ်စိုက်တဲ့အခါမှာ ကောက်ကွက်ကငါးသောင်းခွဲလောက်ပဲဝင်ဆံ့ပါတယ်။ ဘာကြောင့် တစ်တန်းလှပ်ရသလဲဆိုရင် ပေါင်းလိုက်တမန်းနှိုးတာတွေ၊ မြေသြဇာထည့်သွင်းတာတွေအပြင် လေဝင်လေထွက်ကောင်းအောင် တမန်းနှိုးကိရိယာနဲ့ တွန်းတဲ့အခါမှာပိုပြီးတော့ ထိရောက်ကောင်းမွန်ဖို့အတွက် ၁၀တန်း တစ်တန်းလှပ်စိုက်မယ်ဆိုရင် ကောက်ကွက်ကငါးသောင်းခွဲဖြစ်မှာပါ။ ကောက်စိုက်သမဆိုရင်လည်း ကျွမ်းကျင်တဲ့ ကောက်စိုက်သမဆိုရင် တစ်ဧကမှာ လူရှစ်ယောက်လောက်နဲ့တင် နုတ်လို့စိုက်လို့ရပါတယ်။ တစ်တန်းလှပ်တဲ့အတွက် အထွက်နှုန်း မလျော့ဘူး။ Border Effect ရတဲ့အတွက် အစာအာဟာရနဲ့လေ၊ နေကောင်းမွန်စွာရတဲ့အတွက် အထွက်နှုန်းပိုကောင်းစေပါတယ်" ဟုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးကိုကိုက ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့သဖန်းပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာတွင် မေလနောက်ဆုံးပတ်ကတောင်သူကိုးဦး၏ လယ်မြေဧက ၂၀တွင် ပြုလုပ်သည့် SIR စနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ၏ အထွက်နှုန်းကွင်းသရုပ်ပြသည့် အခမ်းအနားတွင်ပြောကြားသည်။

တောင်သူများအနေဖြင့် စပါးအရည်အသွေးကောင်းမွန်စေရန် မျိုးကောင်း မျိုးသန့်ကို အသုံးပြုရမည်ဖြစ်ပြီး စိုက်နည်းစနစ်ပိုင်းဆိုင်ရာတွင် စိုက်သည့်စိုက်ခင်း၏ တမန်းသည်ညီညာ၍ တမန်းကောင်းရအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင်ပေါင်းမြက်များကင်းစင်ရမည်ဖြစ်ကာ ပေါင်းမြက်များ၊ ပေါင်းမြက်စေ့များမပါဝင်မှ စပါးအရည်အသွေးကောင်းရရှိစေမည်ဖြစ်ကြောင်း၊ စပါးအရည်အသွေးကောင်းစေရန် စပါး၊ အနှံ့အစေ့ တည်ချိန်တွင် လိုအပ်သည့် အာဟာရဓာတ်များပြည့်ပြည့်ဝဝရရှိရန်လိုအပ်ကြောင်း၊ အထူးသဖြင့် စပါးအစေ့အဆန်ဖြစ်ရန် လိုအပ်သည့်သွင်းအားစု၊အပင်အာဟာရဓာတ်များဖြစ်သည့် ဖော့စဖရပ်၊ပိုတက်ဆီယမ်ဓာတ်များ အချိုးညီထည့်သွင်းပေးလျှင် အရည်အသွေးကောင်းမွန်စေကြောင်း၊ ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြင်းအားဖြင့် တလင်းပျောက်စနစ်ဖြစ်သောကြောင့် စပါး၏ အရည်အသွေးပိုမိုကောင်းမွန်စေကြောင်း၊ ထို့ပြင် စပါးအရည်အသွေးကောင်းပြုလုပ်မည်ဆိုလျှင် ၂၄ နာရီအတွင်း အစိုဓာတ် ၁၃-၁၄ရာခိုင်နှုန်းရရှိအောင် အခြောက်ခံနိုင်၊နေလှန်းနိုင်မည်ဆိုလျှင် အရည်အသွေးကောင်းမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနက တိုင်းဒေသကြီးနဲ့ပြည်နယ်၊ ခရိုင်အသီးသီးမှာရှိတဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေဟာ SIR စနစ်ကို အကွက်ကျဉ်း၊အကွက်ကျယ် စံပြကွက်တွေစိုက်ပျိုးပြသနေပါတယ်။ ဒီစနစ်ဟာ လုပ်ကွက်ငယ်လယ်သမားအများစု ဆောင်ရွက်သင့်ပါတယ်။ စိုက်ကွက်ရဲ့မြေမျက်နှာပြင်ညီညာဖို့လိုပါတယ်။ ရေသွင်းရေခန်းစနစ် ကျင့်သုံးနိုင်ရမယ်။ အမြဲတမ်းရေဝပ်လို့မရဘူး။ ကောက်ကွက်ကြဲပင်ပွားများများရအောင် ရေသွင်းရေခန်းဆောင်ရွက်နိုင်ရမယ်။ ပေါင်းမြက်ကင်းစင်ပြီး လေဝင်လေထွက်ကောင်းအောင် လက်တွန်းပေါင်းလိုက်ကိရိယာတွေ အသုံးပြုဖို့လိုအပ်တယ်။ကုန်ကျစရိတ်ကိုလျှော့ချနိုင်ပါတယ်။ အနှံ့ပါပင်ပွားများပြီး အထွက်ကောင်းတဲ့အတွက် တောင်သူတွေ တွက်ခြေကိုက်ပါတယ်။ ဒီနေ့ခေတ်လယ်ယာလုပ်သားရှားပါးတာကို ကျော်လွှားနိုင်ဖို့ ဒီစိုက်နည်းစနစ်နဲ့စိုက်ပျိုးနိုင်တဲ့ ကောက်စိုက်စက်တွေကို စက်မှုလယ်ယာဦးစီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ် တီထွင်စမ်းသပ်လျက်ရှိပါတယ်။ ပျိုးဗန်းနဲ့ပျိုးပြီး ၁၂ရက်သားအတွင်းမှာ ကောက်စိုက်စက်နဲ့စိုက်ရင် ကောက်စိုက်သမလည်း မလိုတော့တဲ့အတွက်ကုန်ကျစရိတ်လည်းသက်သာမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

"အဓိကဆန်စပါးထုတ်လုပ်မှုဟာ သဘာဝအခြေအနေတွေအရ လယ်မြေတွေမှာ မိုးရာသီဆိုရင် အောက်မြန်မာပြည်မှာစပါးကလွဲပြီး အခြားသီးနှံရွေးချယ်စရာမရှိဘူး။ စပါးကိုပဲ စိုက်ရတယ်။ အထက်မြန်မာပြည်မှာလည်း ဆည်ရေသောက်လိုနေရာတွေ၊ ရေရရှိတဲ့နေရာတွေမှာဆိုရင် မိုးစပါး၊ နွေစပါးကို စိုက်ကြတယ်။ စပါးစိုက်တဲ့တောင်သူတွေကို ပြောချင်တာကတော့ကျွန်တော်တို့က နံပါတ်(၁) တောင်သူတွေဝင်ငွေတိုးတက်ရရှိဖို့အကျိုးအမြတ်ရရှိဖို့လိုပါတယ်။အဲဒီအတွက် ကုန်ကျစရိတ်အသက်သာဆုံးနဲ့ စပါးအထွက်နှုန်းကအမြင့်ဆုံးရနိုင်သမျှရအောင် စနစ်တကျကြိုးကြပ်ဆောင်ရွက်ဖို့လိုပါတယ်။ မျိုးရွေးချယ်တဲ့နေရာမှာ ဒေသနဲ့ကိုက်ညီပြီး တစ်ဧကတင်း ၁၀၀ ကျော်ထွက်နိုင်တဲ့မျိုးများကို ရွေးချယ်စိုက်ပျိုးဖို့လိုအပ်ပါတယ်။ စိုက်နည်းစနစ်ပိုင်းဆိုင်ရာမှာလည်း တောင်သူအနေနဲ့လုပ်ကွက်ကျယ်တယ်ဆိုရင် ကိုယ့်ရဲ့ပျိုးထောင်စိုက်တာ၊ တိုက်ရိုက်စိုက်တာ၊ ကြဲခင်းစိုက်တာရှိသလို တစ်ပိုင်တစ်နိုင် လုပ်ကွက်ငယ်လယ်သမားတွေအနေနဲ့ ကုန်ကျစရိတ်သက်သာပြီး အထွက်များများရနိုင်တဲ့ ဒီ SIR စနစ်ကို ကျင့်သုံးပြီး စိုက်ပျိုးဖို့ အကြံပြုလိုပါတယ်။ ကောက်ကွက် ငါးသောင်းခွဲလောက်ရှိပေမယ့် ကောက်မြုံတစ်မြုံမှာဆို အနှံ့ပါပင်ပွား ၂၀-၂၅ ရနိုင်တဲ့အတွက်ကြောင့်မို့ တစ်ဧကအထွက်နှုန်းဟာ တင်း ၁၅၀ ကျော်ထွက်ရှိတာကိုတွေ့ရပါတယ်။ မြေကွက်ရဲ့မြေမျက်နှာသွင်ပြင်ကို ညီညာအောင်ဆောင်ရွက်နိုင်တယ်ဆိုရင် လုပ်ကွက်ကျဉ်းတဲ့ လယ်သမားတွေအတွက် ဒီစနစ်ဟာ မျိုးစေ့နှုန်းသက်သာစွာ နဲ့ကုန်ကျစရိတ်သက်သက်သာသာနဲ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကုန်ကျစရိတ်အားဖြင့်လည်း ငွေကျပ်နှစ်သိန်းဝန်းကျင်လောက်ပဲကုန်မှာဖြစ်ပါတယ်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းနဲ့တောင်သူတွေအကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ Contract Farming စနစ်ကိုလည်းကြီးထွားလာအောင်ဆောင်ရွက်နေပါတယ်။ နိုင်ငံခြားကိုတင်ပို့တဲ့အခါမှာလည်း အရည်အသွေးပေါ်မူတည်ပြီးတော့ဈေးနှုန်းရရှိတာဖြစ်တဲ့အတွက် အရည်အသွေးကောင်းတဲ့ ဆန်တွေတင်ပို့ရောင်းချနိုင်ဖို့ လယ်သမားဘက်ကရော၊ရောင်းဝယ်ဖောက်ကားတဲ့ ဆန်တွေ စပါးလုပ်ငန်းရှင်များဘက်ကရော စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများလိုက်နာဖို့ဆောင်ရွက်သင့်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် တောင်သူတွေတွက်ခြေကိုက်ပြီး ဝင်ငွေတိုးမယ်၊ အရည်အသွေးကောင်းမွန်တဲ့ဆန်ကို တင်ပို့ရောင်းချခြင်းခြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်မှာဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

## ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ၌ သစ်စိမ်းမြေသြဇာစိုက်ခင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ ကွင်းအမှတ် ၂၀၄၈ ကွင်း၌ မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ (Green Manure) ရရှိရေးအတွက် မျိုးစေ့ကြဲပက်ခြင်းနှင့်မြေဆွေးပုံ ပြုလုပ်ခြင်းတို့ကို ဇွန် ၂ ရက်က ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့် (စက်မှုသီးနှံစိုက်ပျိုးပညာပေးရေး) နှင့်အဖွဲ့က ကြည့်ရှုခဲ့ကြောင်း သိရသည်။



အဆိုပါ သစ်စိမ်းမြေသြဇာကြဲပက်ခြင်းကြောင့် မြေဆီသြဇာ သန်စွမ်းသောမြေကောင်းများဖြစ်လာပြီး အပင်အတွက် အာဟာရဓာတ်ပြည့်ပြည့်ဝဝရှိစေရန်၊ ဓာတုပစ္စည်း လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေရုံမျှမက တစ်ဧကအကျိုးအမြတ် ပိုမိုရရှိလာပြီး ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ်ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းချုပ်မှုလျော့ကျစေရေး စသည့် ရည်ရွယ်ချက်ဖြင့် သစ်စိမ်းမြေသြဇာ ရရှိရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် အဆိုပါကျေးရွာရှိ ကြံသီးနှံ DARY မျိုးသစ်စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်ကျော်ကြီး**
**ဓာတ်ပုံ-သက်ထက်**

## တရုတ်ကုန်သည်များအတွက် ဆန်လိုအပ်ချက်ရှိသော်လည်း ထိန်းသိမ်းဝယ်ယူမှုများရှိနေ

တရုတ်ကုန်သည်တွေအတွက် ဆန်လိုအပ်ချက်တွေရှိနေပေမယ့်လည်း ဈေးကစားချင်တာကြောင့် ထိန်းသိမ်း ဝယ်ယူမှုတွေ လုပ်နေတယ်လို့ မူဆယ်ဆန်ကုန်သည်တွေကပြောပါတယ်။ လက်ရှိ သူတို့ (တရုတ်) ဘက်မှာ စပါးရှားပါးချိန်ဖြစ်နေလို့ဆန်လိုအပ်ချက်မြင့်မားနေပါတယ်။

ဒါပေမယ့် ဒီဘက်(မြန်မာ) မှာ နွေစပါးက လှိုင်လှိုင်ပေါ်နေလို့ ဈေးကျနေတယ်။ ဒီအချက်ကို အခွင့်ကောင်းယူပြီးတော့ ဈေးမပေးဘဲထိန်းဝယ်တာတွေ လုပ်နေပါတယ်။ ကုန်သည်တွေအနေနဲ့လည်း တရုတ်လိုင်းတင်ပို့တာ ဆန်ဈေးမကောင်းလို့ နွေစပါးမဝယ်ချင်ဖြစ်နေတယ်။ သင်္ကြန်အပြီးတုန်းကတော့ တရုတ်အဝယ်လိုက်လို့ ဆန်ဈေးကွက်လှုပ်ခဲ့တယ်။ အခုတော့ ဈေးကွက်က တော်တော်ကို အေးနေပါတယ်လို့ မူဆယ်ဆန်ကုန်သည် ဦးဝဏ္ဏမင်းကိုက ပြောပါတယ်။ အရင်ပတ်က မူဆယ်ဆန်ဈေးကတော့ ဧည့်မထ ၅ မှတ် တစ်အိတ်မှာငွေကျပ် ၁၉၀၀၀၊ ဧည့်မထ ၂၅ မှတ်မှာ ငွေကျပ် ၁၆၄၀၀၊ ဧည့်မထ ၃၅မှတ်မှာ ငွေကျပ် ၁၆၁၀၀၊ ဇီယာ ၅ မှတ် တစ်အိတ်မှာငွေကျပ် ၂၀၅၀၀၊ ငစိန်ဆန် ၅မှတ်မှာ ငွေကျပ် ၁၈၀၀၀၊ ငစိန် ၂၅ မှတ်မှာ ငွေကျပ် ၁၆၅၀၀ ရှိခဲ့ပေမယ့် အခုတစ်ပတ်အတွင်းမှာ ဆန်အမျိုးအစားပေါ် မူတည်ပြီးတော့ တစ်အိတ် ငွေကျပ် ၂၅၀၀ ကနေ ၃၈၀၀ ကြား ဈေးကျနေတယ်လို့ပြောပါတယ်။ ဒါ့အပြင် မူဆယ် ဆန်ဈေးကွက် ရှေ့အလားအလာမှာလည်း တရုတ်စပါးပေါ်ချိန်မှာ ဈေးအေးလာနိုင်တယ်လို့ သိရပါတယ်။ ယင်းဇုန်ကနေ မြန်မာ့ဆန်တင်ပို့မှုရဲ့၈၀ ရာခိုင်နှုန်းကို နေရာယူထားပြီးတော့ တစ်နှစ်ကို ပျမ်းမျှတန်ချိန် ခုနစ်သိန်းကျော်တင်ပို့ပါတယ်။ မူဆယ်ကနေတရုတ်ကို ဆန်တွေတင်ပို့ရာမှာလည်း မြန်မာဘက်က တရားဝင်ပို့နေပေမယ့် တရုတ်ဘက်ကနေ တရားမဝင်အနေနဲ့ သတ်မှတ်ပြီးတော့ စီမံချက်အတိုင်း မကြာခဏဆိုသလို ဖမ်းဆီးမှုတွေ လုပ်နေတယ်လို့ သိရပါတယ်။

**ဇာလင်းသူ**(AMIA)

# ဓာတုပိုးသတ်ဆေးများပက်ဖျန်းပြီး တစ်ပတ်ကြာမှ သီးနှံများကို ခူးဆွတ်ရောင်းချသင့်

ဗူလိုင်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ



နှစ်စဉ်တိုးပွားလာနေတဲ့ ကမ္ဘာ့လူဦးရေအတွက် လုံလောက်တဲ့ စားနပ်ရိက္ခာဖူလုံရန်မှာ အရေးကြီးတဲ့ အချက်တစ်ချက်ပင်ဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ လုံလောက်တဲ့ စားနပ်ရိက္ခာထုတ်လုပ်ပေးဖို့မှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေဟာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုပင်ဖြစ်ပါတယ်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စိုက်ပျိုးရေးနိုင်ငံအများစုက ပြည်သူတွေ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ဖို့အတွက် အော်ဂဲနစ်စိုက်နည်းစနစ်တွေကို အသုံးပြုကာ စိုက်ပျိုးထုတ်လုပ်နေပါတယ်။

သို့ပေမယ့် လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ တောင်သူအများစုဟာ သီးနှံတွေကို ဓာတုပိုးသတ်ဆေးတွေ၊ ဓာတုဓာတ်မြေဩဇာတွေ အလွန်အကျွံအသုံးပြုနေတာတွေကို တွေ့မြင်နေရပါတယ်။ ဓာတုပိုးသတ်ဆေးတွေ၊ ဓာတုဓာတ်မြေဩဇာတွေကို အသုံးပြုရန်မှာလည်း လိုအပ်နေသကဲ့သို့ အလွန်အကျွံသုံးစွဲမှုကိုတော့ တောင်သူတွေအနေနဲ့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေအပေါ်မှာ ဓာတုပိုးသတ်ဆေးတွေ၊ ဓာတုဓာတ်မြေဩဇာတွေသုံးစွဲခြင်းက မိမိတို့ပက်ဖျန်းလိုက်တဲ့ အသုံးပြုတဲ့ ဓာတ်မြေဩဇာပမာဏရဲ့ ထက်ဝက်ခန့်လောက်သာ အပင်တွေက စုပ်ယူစားသုံးကြပြီး ကျန်ပမာဏတွေက လေထု၊ မြေထုနဲ့ ရေထုတွေ အတွင်းမှာ ဓာတ်ပြုနည်းအမျိုးမျိုးနဲ့ ရောက်ရှိသွားပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဓာတ်တုပိုးသတ်ဆေးတွေအလွန်အကျွံသုံးစွဲခြင်းက မိမိတို့စိုက်ခင်းတွေထဲမှာရှိတဲ့ မိတ်ဆွေပိုးတွေကိုပါသေစေနိုင်တဲ့အတွက် သီးနှံအထွက်နှုန်းတိုးမှုကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။ နောက်ထပ် လေထု၊ မြေထုနဲ့ ရေထုတွေအတွင်းမှာ ဓာတ်ပြုနည်းအမျိုးမျိုးနဲ့ ရောက်ရှိသွားပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေတဲ့အပြင် ခူးဆွတ်ရိတ်သိမ်းလိုက်တဲ့သီးနှံတွေအတွင်းမှာလည်း ဓာတုဆေးဓာတ်ကြွင်းတွေကျန်ရှိနေနိုင်တယ်လို့ သိရပါတယ်။ ဓာတုဆေးဓာတ်ကြွင်းတွေကျန်ရှိနေတဲ့ သီးနှံကို ပြည်သူတွေ စားသုံးမိရင် ကျန်းမာရေးအတွက် ထိခိုက်လာနိုင်ပါတယ်။



"ခုလက်ရှိမြင်တွေ့နေရတာကတော့ တောင်သူအများစုက စိုက်ခင်းကသီးနှံပင်တွေ သန်ဖို့၊ အဖူးအပွင့်မြန်မြန်ဝင်ဖို့၊ ရင့်မှည့်ဖို့အတွက် ဓာတုပိုးသတ်ဆေးတွေကို အလွန်အကျွံသုံးစွဲလာတာကို တွေ့ရပါတယ်။ ဥပမာပြောရရင် ခရမ်းချဉ်ဆိုပါစို့။ ခရမ်းချဉ်ကို မှည့်အောင်ဆိုပြီး ဓာတုဆေးတွေဖျန်းတယ်။ ဖျန်းပြီးနောက်တစ်ရက်မှာပဲ ဈေးကောင်းရလို့ တောင်သူက ခူးဆွတ်ရောင်းလိုက်တယ်။ အဲဒီမှာ ပြည်သူတွေက ဝယ်ယူစားသုံးကြတယ်။ ဆေးဖျန်းထားတာ တစ်ရက်ပဲရှိသေးတဲ့ သီးနှံကို ချက်ချင်းခူးဆွတ်ရောင်းလိုက်တော့ သူဖျန်းထားတဲ့ ဓာတုဆေးတွေက မပြယ်သေးဘူးလေ။ အဲဒီမှာ စားသုံးမိတဲ့ ပြည်သူတွေ ရောဂါတွေဖြစ်တယ်။ တကယ်တော့ ဓာတုဆေးဖျန်းထားတဲ့သီးနှံကို စားသုံးဖို့ဆိုရင် အနည်းဆုံး တစ်ပတ်ထားရပါတယ်။ တစ်ပတ်ကြာမှ စားသုံးဖို့သင့်ပါတယ်။ တစ်ပတ်ဆိုတာ အနည်းဆုံးပြောတာပါ။ ခုဆိုလည်း ငရုတ်ခင်းတွေဆို ၁၅ ရက် တစ်ကြိမ် ခူးဆွတ်ရတယ်။ ဒီကြားထဲမှာ ဆေးဖျန်းပြီးတော့ ဈေးကောင်းရင် တောင်သူတွေက ဆေးဖျန်းထားတာကို ဂရုမစိုက်တော့ဘဲ ကိုယ်ဈေးကောင်းရဖို့ပဲ ကြည့်ပြီး အသီးကို ခူးဆွတ်ရောင်းလိုက်တယ်။ ဒါကလည်း တောင်သူတွေပဲ အပြစ်ပြောလို့မရသေးဘူး။ သူတို့အနေနဲ့ကလည်း သူတို့စိုက်တဲ့ အရင်းကျေအောင် ဈေးကောင်းရတဲ့ အချိန်ဆွတ်ရောင်းကြတာ။ အဲဒီမှာ ဘယ်သီးနှံမဆို ခိုင်မာတဲ့ဈေးကွက်လေးတစ်ခုတော့ ရှိစေချင်တယ်။ အဲဒီတော့ တောင်သူတွေအနေနဲ့ကလည်း သူတို့ အရှုံးမပေါ်အောင် ဈေးကောင်းရတဲ့အချိန်မှာ ခူးဆွတ်ရောင်းနေကြရတာပေ့ါ။ ဒါပေမယ့်လည်း ပြည်သူတွေ ရောဂါကင်းဝေးဖို့အတွက် တောင်သူတွေအနေနဲ့ မိမိတို့စိုက်ခင်းထဲက သီးနှံတွေကို ဓာတုဆေးဖျန်းပြီး တစ်ပတ်ကြာမှာ ခူးဆွတ်ရောင်းကြပါလို့ တိုက်တွန်းလိုပါတယ်" လို့ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ လက်ထောက်မန်နေဂျာ ဦးအောင်ကိုကိုက ပြောပါတယ်။

ယခုအခါတောင်သူများအနေဖြင့် သီးနှံများ တိုးတက်ထုတ်လုပ်ထွက်ရှိရေးအတွက် လိုအပ်တဲ့မျိုးတွေ၊ ဓာတ်မြေဩဇာတွေ၊ အပင်ကြီးထွားဖို့အတွက် အသုံးပြုတဲ့ဆေးတွေနဲ့အတူ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးစတဲ့ ဓာတုဆေးအမျိုးမျိုးကို အသုံးပြုတာတွေ များလာတာ တွေ့ရပါတယ်။ သီးနှံတွေအထွက်တိုးစေဖို့အတွက် အပင်တွေကောင်းစွာရှင်သန်ဖို့က အရေးကြီးသော်လည်းအပင်တွေကောင်းစွာ ရှင်သန်ဖို့လိုအပ်တဲ့ မြေဩဇာကို သဘာဝမြေဆွေးမြေဩဇာတွေကို ပြုလုပ်ပြီး သုံးစွဲမယ်ဆိုရင် အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးဘက်လည်း သွားရာရောက်သလို ပြည်သူတွေအတွက်လည်း ဘေးအန္တရာယ်ကင်းရှင်းစေနိုင်မှာဖြစ်ပါတယ်။ ဓာတုပိုးသတ်ဆေးတွေ ပက်ဖျန်းထားတဲ့ သီးနှံတွေကို ပြည်သူတွေ စားသုံးမိရင် ရောဂါအမျိုးမျိုးဖြစ်ပေါ်စေနိုင်တဲ့အတွက် တောင်သူတွေအနေနဲ့လည်း မိမိတို့သီးနှံတွေကို ဓာတုဆေးတွေပက်ဖျန်းပြီး အနည်းဆုံးတစ်ပတ်ကြာမှ ခူးဆွတ်ကာ ဈေးကွက်ထဲကို ဖြန့်သင့်တယ်လို့ စိုက်ပျိုးရေးပညာရှင်အချို့ကလည်း သုံးသပ်ပြောကြားကြပါတယ်။

## တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

AMIA၊ ဓာတ်ပုံ-သိခ်

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံဈေးတို့ ဆက်တိုက်ကျဆင်းနေခဲ့ပေမယ့် ပြည်တွင်းမှာတော့ နေ့စဉ် ပုံမှန်အရောင်းအဝယ်တွေရှိနေပါတယ်။စားအုန်းဆီဈေးကတော့ မေလလယ်မှာ ဈေးတက်ခဲ့ပေမယ့် လက်ရှိအခြေအနေကတော့ ဈေးကပြန်ကျဆင်းသွားပါတယ်။ကြက်သွန်ဖြူ (ကြူကုတ်) ကတော့ ဈေးဆက်တိုက်ကျဆင်းနေခဲ့ပေမယ့် ကြက်သွန်ဖြူ (တောင်ကြီး၊အောင်ပန်း) ကတော့ ဈေးဆက်တိုက်တက်နေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေး ဆက်တိုက်ကျဆင်းနေ**

**မတ်ပဲ**

မတ်ပဲက မေလ နောက်ဆုံးပတ်မှာတော့ တစ်တင်းကို ငွေကျပ် ၂၉၇၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ဈေးဆက်တိုက်ကျဆင်းနေခဲ့ပေမယ့် လက်ကျန်ပဲတွေကများတဲ့အတွက် ရန်ကုန်မှာတော့ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။

မနှစ်က ကာလတူအချိန်မှာ မတ်ပဲတစ်တင်း ငွေကျပ် ၅၄၀၀၀ ရှိခဲ့ပြီး ယခုနှစ်မှာတော့ တစ်တင်းကိုငွေကျပ် ၃၀၀၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။လက်ရှိပေါက်ဈေးကတော့ ၂၀၁၅ ခုနှစ် ကာလတူ အခြေအနေနဲ့ နှိုင်းယှဉ်ရင်တောင်ဈေးကနိမ့်နေသေးတဲ့အခြေအနေတစ်ခုပါ။

မတ်ပဲကို အိန္ဒိယနိုင်ငံက အဓိက ဝယ်ယူနေတဲ့အတွက် အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲအသစ်တွေ ထွက်ပြီး ပြည်တွင်း မတ်ပဲဈေးက ပြည်ပမတ်ပဲဈေးထက် သက်သာနေတဲ့အတွက် မြန်မာနိုင်ငံက ပဲဈေးက ကျနေတာ ဖြစ်တယ်လို့လည်း အိန္ဒိယနိုင်ငံက ကုန်သည်တွေက သုံးသပ်ထားပါတယ်။မတ်ပဲဈေးက လက်ရှိပေါက်ဈေးနဲ့ တည်ငြိမ်နိုင်ဖွယ်ရှိတယ်လို့လည်း သိရပါတယ်။

မေလစတုတ္ထပတ်က တစ်တန်ကို ငွေကျပ် ၉၃၅၀၀၀ နဲ့ဈေးပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၈၉၃၀၀၀ အထိ ဈေးကျဆင်းခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း မတ်ပဲနဲ့အတူတူပါပဲ။ မေလလယ်မှာတော့ ပဲစင်းငုံက ဈေးအတက်အကျအပြောင်းအလဲ သိပ်မရှိဘဲ တည်ငြိမ်နေခဲ့ပေမယ့် နောက်ဆုံးအပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၂၀၀၀၀ ကျော်လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

တစ်တင်းကို ငွေကျပ် ၂၁၀၀၀ ကျော်သာ ဈေးရရှိနေတာပါ။၂၀၁၆ ကာလတူအခြေအနေမှာတော့ ပဲစင်းငုံက တစ်တင်းကို ငွေကျပ် ၄၈၀၀၀ အထိ ဈေးရရှိခဲ့ပြီး ယခုနှစ် မှာတော့ ထက်ဝက်ကျော်အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိ ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ပဲစင်းငုံပေါက်ဈေးက ငွေကျပ် ၆၃၁၀၀၀ ရှိပါတယ်။

အိန္ဒိယနိုင်ငံရဲ့တစ်ပတ်စာ ပဲဈေးကွက်သုံးသပ်ချက်မှာတော့ ပြည်တွင်း ပဲရောင်းလိုအားများနေတဲ့အတွက် ပြည်ပပဲဝယ်လိုမှု လျော့ကျနိုင်တယ်လို့ သိရပါတယ်။

**ပဲကြီး (ရွှေကျွန်း၊ကမ်းနား)ဈေးအနည်းငယ်ကျ**

မေလ တစ်လလုံးနီးပါး ဈေးဆက်တိုက်တက်ခဲ့တဲ့ ပဲကြီးက ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ် ပြန်ကျဆင်းသွားခဲ့ပါတယ်။အနည်းငယ်ဈေးကျဆင်းခဲ့ပေမယ့် အတက်ဈေးနဲ့ ရှိနေသေးတယ်လို့ ပြောလို့ရပါတယ်။ ပြည်ပဝယ်လိုအား သိပ်မရှိပေမယ့် ပြည်တွင်းဝယ်လိုအားမြင့်နေတဲ့တွက် အခုလို ဈေးတက်နေတာပါ။

မေလစတုတ္ထပတ်မှာ ပဲကြီးက တစ်ပိဿာကို ၂၉၂၅ ကျပ်နဲ့ အမြင့်ဆုံးဈေးရရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၂၈၃၅ ကျပ် ပေါက်ဈေးရှိနေခဲ့ပါတယ်။

**ထောပတ်ပဲ ဈေးတက်**

ထောပတ်ပဲကတော့ ဈေးတက်လျက်ရှိနေပါတယ်။မေလပထမပတ်မှာ တစ်ပိဿာကို ငွေကျပ် ၁၅၀၀ ကျော် ပေါက်ဈေးရှိခဲ့ပြီး နောက်ဆုံးပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၇၅၀ အထိ ဈေးတက်နေပါတယ်။ တစ်ပိဿာကို ငွေကျပ် ၂၀၀ ကျော်လောက်တက်လာတာပါ။ ပဲလက်ကျန်သာရှိတော့တဲ့အတွက် ဈေးတက်လာတာဖြစ်ပါတယ်။

**ကုလားပဲ V2 ဈေးကျဆင်း**

မတ်လကနေစပြီး တဖြည်းဖြည်း ဈေးတက်လာခဲ့တဲ့ ကုလားပဲ V2 က မေလ တတိယပတ်ကနေ စတင်ပြီး အကျဈေးနဲ့ဈေးငြိမ်နေခဲ့ပါတယ်။ တစ်တင်းကိုငွေကျပ် ၄၄၀၀၀ အထိ ဈေးရရှိခဲ့ပေမယ့် ကုလားပဲ V2 က လက်ရှိချိန်မှာတော့ တစ်တင်းကို ငွေကျပ် ၄၁၀၀၀ သာပေါက်ဈေးရှိပါတော့တယ်။

**ကြက်သွန်ဖြူ (ကြူကုတ်)ဈေးဆက်တိုက်ကျဆင်း၊(အောင်ပန်း၊တောင်ကြီး) ဈေးတက်**

ကြက်သွန်ဖြူ (ကြူကုတ်)ကတော့ တစ်ပတ်ထက် တစ်ပတ်ပိုပြီး ဈေးက ကျဆင်းနေပါတယ်။ အရင်အပတ်က တစ်ပိဿာကို ငွေကျပ် ၂၄၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့်ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၇၀၀ ကနေ ၁၉၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။

ကြက်သွန်ဖြူ(အောင်ပန်း၊တောင်ကြီး)ကတော့ ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ အရင်အပတ်က တစ်ပိဿာကိုငွေကျပ် ၂၇၀၀ ကနေ ၃၇၀၀အထိ ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကိုငွေကျပ် ၂၈၅၀ ကနေ ၃၉၅၀ အထိ ဈေးတက်ခဲ့ပါတယ်။

**နှမ်းမျိုးစုံဈေးဆက်တိုက်ငြိမ်**

နှမ်းမျိုးစုံဈေးကတော့ ဆက်တိုက် ငြိမ်နေပါတယ်။ လက်ရှိမှာ နှမ်းအသစ်တွေလည်း ပေါ်လာပြီဖြစ်ပေမယ့် လက်ကျန်နှမ်းတွေကတော့ ပုံမှန်ဈေးနဲ့ပဲ ရှိနေပါတယ်။

နှမ်းနက်(စမုံ) အဟောင်းကတော့ တစ်အိတ်ကို ငွေကျပ် ၁၂၅၀၀၀ နဲ့ ဈေးငြိမ်နေပေမယ့် အသစ်ကတော့ တစ်အိတ်ကို ငွေကျပ် ၁၂၇၀၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

နှမ်းဖြူကတော့ နှစ်ပတ်ဆက်တိုက်ဈေးငြိမ်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၀၀ လောက်သာ ဈေးကျဆင်းခဲ့ပြီး တစ်အိတ်ကို လက်ရှိပေါက်ဈေးက ငွေကျပ် ၁၀၄၀၀၀ ရှိနေပါတယ်။

နှမ်းညိုကလည်း လက်ရှိမှာ အသစ်တွေ ပေါ်လာပြီး တစ်အိတ်ကို ငွေကျပ် ၈၈၀၀၀ အထိ အမြင့်ဆုံးဈေးရရှိနေပါတယ်။

**စားအုန်းဆီဈေးကျ**

မလေးရှားနိုင်ငံမှာ စားအုန်းဆီ ထုတ်လုပ်မှု လျော့ကျတယ်ဆိုပြီး စားအုန်းဆီဈေးတွေ မြင့်တက်ခဲ့ပေမယ့် မေလစတုတ္ထပတ်မှာတော့ မလေးရှားနိုင်ငံမှာ ပဲပုပ်ဆီဈေးကျဆင်းခဲ့တဲ့အတွက် စားအုန်းဆီဈေးတွေကလည်း အနိမ့်ဆုံးအထိ ဈေးကျဆင်းခဲ့ပါတယ်။

မေလ တတိယပတ်မှာ တစ်ပိဿာကို ငွေကျပ် ၁၉၅၀ ကျော်အထိ ဈေးမြင့်တက်ခဲ့တဲ့ စားအုန်းဆီကတော့ လက်ရှိမှာ တစ်ပိဿာကို ငွေကျပ် ၁၈၃၀ အထိ ဈေးကျဆင်းသွားပါတယ်။



# ဆီထွက်သီးနှံစီမံကိန်းကို ၂၀၁၈ ခုနှစ်အထိ အကောင်အထည်ဖော်နေ

**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ လုပ်နေတဲ့ ဆီထွက်သီးနှံစီမံကိန်းကို ၂၀၁၈ ခုနှစ်အထိ တိုးချဲ့အကောင်အထည်ဖော်နေတယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းရရှိပါတယ်။

ဒီစီမံကိန်းအကောင်အထည်ဖော်တဲ့ ကွင်းဆက်တစ်လျှောက်မှာ ဆီထွက်သီးနှံတွေ အရည်အသွေးပြည့်မီလာဖို့၊ ဘေးကင်းလုံခြုံရေးနဲ့ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းတွေ ဖြစ်ထွန်းလာစေဖို့၊ စိုက်ဧက တိုးတက်လာစေဖို့၊ တောင်သူနဲ့ ကုန်သည်တွေ သိုလှောင်ရုံထိန်းသိမ်းမှု အလေ့အကျင့်ကောင်းတွေ မွေးမြူပေးနိုင်စေဖို့ စတာတွေကို ၂၀၁၈ ခုနှစ် ပြီးအထိ ပံ့ပိုးပေးသွားမယ်လို့ သိရပါတယ်။

စီမံကိန်းကို ၂၀၁၆ နှစ်ကုန်ပိုင်းလောက်က စလုပ်တာပါ။ ဆီထွက်ကဏ္ဍ ဖူလုံလာရင် ပြည်တွင်းစားသုံးမှု လုံလောက်လာအောင်လို့ပါ။ ပြည်ပကနေတစ်နှစ်ကို သန်း ၂၀၀ ဖိုး လောက် စားအုန်းဆီ တင်သွင်းနေရပါတယ်။ ဒါက ပြည်တွင်းမှာမလုံလောက်တဲ့ အနေအထားကြောင့်ပါ။ ဒါကြောင့် ဒီစီမံကိန်းကနေ ဖူလုံလာအောင် လုပ်ရမှာဖြစ်ပါတယ်။ အခုဆောင်ရွက်နေတဲ့ သီးနှံတွေကတော့ အဓိကအနေနဲ့ မြေပဲ၊ နေကြာတို့ ပါဝင်ပါတယ်။ ဒ့ါအပြင် ကုန်သည်တွေရဲ့ထုပ်ပိုးမှုတွေ၊ လိုက်နာရမယ့် စည်းကမ်းတွေ၊ ကန့်သတ်ချက်တွေကိုလည်း သိလာစေပါတယ်လို့ ထိုစီမံကိန်းဝင် ကုန်သည်တစ်ဦးဖြစ်တဲ့ ဦးမျိုးဟန်က ပြောပါတယ်။

ဆီထွက်သီးနှံကဏ္ဍဟာ စီးပွား/ကူးသန်းက ရေးဆွဲအကောင်အထည်ဖော်နေတဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာမှာ ပါဝင်နေပြီးတော့ ပြည်တွင်း စားသုံးမှု ဖူလုံရေးနဲ့ ပြည်ပကိုတင်ပို့နိုင်ရေး အလားအလာကောင်းမွန်လာရေးဆီကို ဦးတည်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကဏ္ဍကနေ မြေပဲကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မန္တလေး၊ မကွေး၊ စစ်ကိုင်းနဲ့ ရှမ်းပြည်နယ်တွေမှာ အများဆုံး စိုက်ပျိုးလျက်ရှိပါတယ်။

ဆောင်းမြေပဲကိုတော့ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီနဲ့ ချင်းတွင်းမြစ်တစ်လျှောက်၊ စစ်တောင်းမြစ်ဝှမ်းနဲ့ သံလွင်မြစ်ဝှမ်းတွေမှာ စိုက်ပျိုးပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ ပျမ်းမျှ လူတစ်ဦးကို တစ်နှစ်မှာ ဆီခြောက်ပိဿာခန့် စားသုံးမှု ရှိနေတာကြောင့် လူဦးရေ ၅၁ သန်း ကျော်အတွက် တစ်နှစ်မှာ စားသုံးဆီ တန်ချိန် ၅ ဒသမ ၆ သိန်းနီးပါး လိုအပ်နေပါတယ်။ ဒါပေမယ့်လည်း လက်ရှိ ပြည်တွင်း ထုတ်လုပ်နိုင်မှုကတော့ တစ်နှစ်မှာ တန်ချိန်သုံးသိန်းဝန်းကျင်သာ ရှိနေတယ်လို့ ကုန်သည်တွေထံက သိရပါတယ်။

**ဇာလင်းသူ**(AMIA)

# ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ပြောင်းလဲသည်နှင့် အထွက်နှုန်းတိုးတက်နိုင်

**စစ်ကိုင်း ဇွန် ၄**

သီးနှံများအထွက်နှုန်းတိုးတက်ရေးတွင် အရေးကြီးသည့် မိတ်ဖက်အချက်များကို မူသေထားပြီး ဒေသနှင့်ကိုက်ညီကာ အထွက်ကောင်းသည့် မျိုးကောင်း မျိုးသန့်များကို ပြောင်းလဲကျင့်သုံး စိုက်ပျိုးလိုက်သည်နှင့် သီးနှံအထွက်နှုန်းသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်နိုင်သောကြောင့် မျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းသည် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ရေး ဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင် ခြံ စိုက်ကွင်းတွေမှာ မျိုးစေ့ထုတ်လုပ်တာအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်တာ၊ တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းတွေ ထူထောင်ပြီး မျိုးစေ့ထုတ်လုပ်တဲ့ နည်းလမ်းတွေနဲ့ စပါးအပါအဝင် ဆီထွက် သီးနှံ၊ ပဲမျိုးစုံ၊ တန်ဖိုးမြင့်သီးနှံစတဲ့ သီးနှံအုပ်စုအလိုက် သတ်သတ်မှတ်မှတ်ဆောင်ရွက်ဖို့ လိုပါတယ်။ ဒ့ါအပြင် ထုတ်လုပ်လိုက်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေ ရောင်းဝယ်ဖောက်ကားနိုင်မယ့် ဈေးကွက် Seed Market များ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်'' ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က ပြောသည်။



စနစ်တကျပျိုးထောင်ထားသော မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းတစ်ခု

လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများနှင့် တောင်သူလယ်သမားများအတွက် မြေယာလုပ်ပိုင်ခွင့်များ ခိုင်မာလာအောင် ဆောင်ရွက်ပေးရန် လိုအပ်နေသလို လယ်ယာမြေနှင့် အခြားမြေများကို သိမ်းဆည်းမှုများ ဖြစ်ပေါ်မလာစေရန်အတွက်လည်း စိုက်ပျိုးရေးဗုန်၊ မွေးမြူရေးဗုန်၊ စက်မှုဗုန်များစသဖြင့် နယ်မြေစုဖွဲ့သတ်မှတ်၍ ၄င်းတို့၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကာကွယ်ပေးသင့်ကြောင်းလည်း ၄င်းက အကြံပြုပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် မှန်ကန်သော သီးနှံပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်း၍ ဘက်စုံနည်းပညာသုံး အဆင့်မြင့်စိုက်ပျိုးရေးဇုန်များ တည်ထောင်စိုက်ပျိုးစေပြီး တန်ဖိုးမြင့်သီးနှံနှင့် Value Added Product များ စနစ်တကျထုတ်လုပ်၍ ထွက်ရှိလာသော သီးနှံထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်လည်း စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တကယ်လုပ်၍ အဟုတ်အောင်မြင်ဖြစ်ထွန်းနေသည့် ကျေးလက်စီးပွား နွေစပါး

**ဆောင်းပါး-ဖြူးမြင့်ဦး**



ပဲခူးတိုင်းအရှေ့ခြမ်း တောင်ငူခရိုင်အတွင်းရှိ ဖြူးမြို့နယ်တွင် မိုးစပါးစိုက်ဧက တစ်သိန်းခွဲကျော်နှင့် ဆောင်းသီးထပ် သီးနှံ ပဲမျိုးစုံ စိုက်ဧကတစ်သိန်းကျော်ကို စိုက်ပျိုးလျက်ရှိကြောင်း သက်ဆိုင်ရာဌာနများမှ စာရင်းဇယားကိန်းဂဏန်းများအရ သိရှိရသည်။

သို့သော် ဖြူးမြို့နယ် ကညွတ်ကွင်းဒေသနှင့် ဖြူးဒေသအရှေ့ဘက်ရှိ ကျေးရွာအုပ်စုများဖြစ်သည့် ဇဟား၊ ဘန်းလောင်၊ ကျော်လှ၊ လှသင်းမောင်၊ ကညင်ဒိုင်း၊ ငမြစ်ချင်း၊ ဘုရားလဟာနှင့် သပြေလဟာစသည့် ကျေးရွာအုပ်စုများမှ အချို့သောကွင်းများမှာ ရေကြီးကွင်းများဖြစ်သည့်အတွက် ရေကျသွားမှ မိုးစပါးတစ်သီးတည်းကိုသာ စိုက်ပျိုးနေကြရသည်ကို တွေ့ရှိရသည်။

ထို့အပြင် စပါးအထွက်နှုန်းမှာလည်း တစ်ဧကလျှင် ပျမ်းမျှ တင်းငါးဆယ်ခန့်သာ ထွက်ရှိကြသဖြင့် အခြား နှစ်သီးစိုက် တောင်သူလယ်သမားများနှင့်နှိုင်းယှဉ်လျှင် ထိုဒေသမှတောင်သူများသည် ကျပ်တည်းဆင်းရဲကြကြောင်း တွေ့ရသည်။ မိုးကုန်သည်နှင့် ကိုယ့်ဒေသတွင် လုပ်စရာအလုပ်မရှိတော့သဖြင့် ဝမ်းစာအတွက် အခြားအရပ်ဒေသများသို့ အလုပ်ထွက်၍ လုပ်ကြရသောကြောင့် နွေအခါ ထိုရွာများတွင် သက်ကြီးရွယ်အိုနှင့် ငယ်ရွယ်သူများသာ ကျန်ရစ်တော့ကြောင်းလည်း သိရသည်။ ထိုကဲ့သို့ တစ်သီးစားသာစိုက်နိုင်သောဧရိယာမှာ ဖြူးမြို့နယ်အတွင်း ဧက သုံးသောင်းခန့်ရှိကြောင်း သိရသည်။

ထို့ကြောင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန် နွေစပါးစိုက်ပျိုးလိုကြကြောင်း ဒေသခံ တောင်သူလယ်သမားများ၏ တင်ပြတောင်းဆိုချက်အရ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ပထမပတ်က ဖြူးချောင်းစီမံကိန်းမှ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်ဇော်နှင့် စာရေးသူတို့ မီဒီယာအဖွဲ့ လှသင်းမောင်ကျေးရွာအုပ်စုသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထို့နောက် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ လျှပ်စစ်ထုတ်လုပ်ပြီး ထွက်ရှိလာသည့် ရေများကို လက်ဝဲမြောင်း၊ လက်ယာမြောင်းများ တူးဖော်၍ ဆည်ရေပေးဝေရေး ဆောင်ရွက်ရန်နှင့် ထိုရေမြောင်းများ မပြီးစီးသေးခင် နွေစပါးစိုက်ပျိုးနိုင်ရန် ဖြူးမြို့နယ် ဇဟားချောင်းအတွင်းသို့ စိုက်ပျိုးရေများကို လိုအပ်ချိန်တွင် လိုအပ်သလောက် လွှတ်ပေးမည်ဖြစ်၍ ယခုနှစ်တွင် ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် စိုက်ပျိုးသွားကြရန် လယ်သမားကြီးများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ တောင်သူ ၁၈ ဦးတို့က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် နွေစပါး ၁၂ ဧကကို ဇန်နဝါရီလဒုတိယပတ်မှစတင်၍ စမ်းသပ်စိုက်ပျိုးခဲ့ကြရာ တကယ်လုပ်အဟုတ်ဖြစ် ဆိုသည့် စကားအတိုင်း ယခုအချိန်တွင် နွေစပါးစိုက်ခင်းများမှာ ရွှေရည်ဝင်း၍ အောင်မြင်ဖြစ်ထွန်းလာကြပြီဖြစ်သည်။

ဖြူးမြို့နှင့် ၁၂ မိုင်ခန့်အကွာ စစ်တောင်း မြစ်အနီးမှ နွေစပါးစိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းနေကြသည့် ကျေးရွာများသို့ ရိတ်သိမ်းချိန်တွင် တစ်ခါ တစ်ခေါက်သွားရောက်ကြရန် စာရေးသူက မေတ္တာရပ်ခံသဖြင့် မေ ၁ ရက် အလုပ်သမားနေ့ ရုံးပိတ်ရက်တွင် ဆည်/ရေဌာနပိုင်ကားဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်နှင့်အတူ စာရေးသူတို့မီဒီယာအဖွဲ့ ပထမဆုံး နွေစပါးစမ်းသပ်စိုက်ပျိုးခဲ့ကြသော တောင်သူ ၁၈ ဦးတို့၏ စိုက်ခင်းများသို့ ဒုတိယအကြိမ် ထပ်မံသွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။ နွေစပါးစိုက်တောင်သူများက ပီတိအပြုံးများဖြင့် ဝမ်းပန်းတသာ ကြိုဆိုနေကြသည်ကို တွေ့ရသည်။

ကင်ပွန်းခြုံကျေးရွာမှ လယ်ဧက ၁၀၀ ခန့်ပိုင်ဆိုင်သူ မဥမ္မာမြင့်က "ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်လို့ ကျွန်မပြောချင်ပါတယ်။ နွေစပါးအတွက် စိုက်ပျိုးရေအလုံအလောက်ပေးမယ် ပြောပေမယ့် လုံးဝမယုံကြည်ခဲ့ပါဘူး။ ဒါပေမယ့် အများကစိုက်မယ်ဆိုတော့ ကျွန်မတို့မောင်နှမတွေလည်း လုပ်ကြည့်ဦးမယ်ဆိုပြီး စိုက်ခဲ့တာ အခုရိတ်သိမ်းပြီးတော့ ပျမ်းမျှတင်း ၉၀ လောက်ထွက်လို့ ဧက ၃၀ စိုက်ထားတာ နည်းသွားပြီလို့ ထင်မိပါတယ်။ အခုပိတ်ထားတဲ့ ချောင်းပိတ်ချက် တစ်ခုနဲ့တင် ဧက ၃၀၀ နီးနီးလောက် စိုက်နိုင်ပါလျက် မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ စမ်းစိုက်ကြတာမို့ စုစုပေါင်း ၁၂ ဧကသာ စိုက်ကြတာပါ။ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းကြလို့ စပါးတွေရကြတာ တွေ့ရတော့မှ ကျန်တဲ့သူတွေလည်း အားကျကုန်ကြပြီး လာမယ့်နှစ်မှာ စိုက်ချင်ကြတဲ့သူတွေ စာရင်းလာပေးနေကြတာ အခုဆိုရင် ဧက ၁၀၀၀ ကျော်နေပါပြီ။ ချောင်းပိတ်ချက်ကတော့ လေးချက်လောက်လုပ်ဖို့ စီစဉ်ထားပါတယ်။ မိုးစပါးက အလုပ်ရှုပ်ပြီး တစ်ဧကမှ တင်း ၅၀ လောက်သာထွက်ပါတယ်။ အခု နွေစပါးက အလုပ်လည်းသိပ်မရှုပ်ဘဲ သေသေချာချာလုပ်တဲ့သူတွေ တစ်ဧက တင်း ၁၀၀ ကျော်အောင်ထွက်တာ တွေ့ရတော့ လာမယ့်နှစ် နွေစပါးစိုက်ဖို့ အတော်တက်ကြွနေကြတယ်" ဟု ဆိုသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် "စနစ်တကျ ရေသောက်စနစ်များ မပြီးခင် သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ဆိုသလို သဘာဝချောင်းထဲရေချပေးပြီး အခုလိုစိုက်ခိုင်းရပေမယ့်တကယ်တော့ ရေရှည်မှာ မကောင်းလှပါဘူး။ ဒါကြောင့် ရေကို တကယ်လိုလားတောင့်တနေတဲ့ အခုလိုဒေသတွေကို စနစ်တကျ ရေသောက်စနစ်တွေ ရောက်ရှိလာအောင် ဦးစားပေးပြီး ကြိုးစား ဆောင်ရွက်ပေးပါမယ်။ အခုလို တစ်သီးစားဧရိယာတွေကို နှစ်သီးစားဖြစ်အောင် ဦးစားပေး ဆောင်ရွက်သွားပါမယ်။ နှစ်သီးစားဧရိယာတွေကိုလည်း စက်မှုလယ်ယာစနစ်ပြောင်းပြီး သုံးသီးစားဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါမှလည်း စိုက်ဧကများစွာ ရရှိမှာဖြစ်ပြီး တောင်သူအားလုံးကိုလည်း အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်''ဟု ပြောကြားခဲ့သည်။

လာမည့် ၂၀၁၈ ခုနှစ် နွေစပါးရာသီမှာတော့ ယခင်က ရေကြီးကွင်းများဖြစ်ခဲ့ကြသော အထက်ဖော်ပြပါ ကျေးရွာများမှာ ဖြူးချောင်းရေလှောင် တမံ ဘက်စုံစီမံကိန်း၏ တာဝန်သိမှု၊ တာဝန်ယူမှုကြောင့် နယ်မြေတစ်ကွင်းလုံး နွေစပါးများဖြင့် ရွှေရောင်ဝင်းနေကြမည်ဖြစ်ကြောင်း ဒေသခံများ အားတက်သရော ပြောပြနေကြသည့် ပီတိစကားသံများကို နားထောင်ရင်း လာမည့်နှစ် နွေရာသီတွင် ရွှေရောင်ဝင်းလက်နေမည့် နွေစပါးခင်းများကို စိတ်ကူးဖြင့်မြင်ယောင်ကာ အိမ်ပြန်ခရီးကို ဆက်ခဲ့ကြပါသည်။ ။




Ovaltine
အိုဗာတင်းနဲ့အတူ အောင်မြင်မှုကို
လွန်ခဲ့သော ၂၅ နှစ်က စတင်ခဲ့တာပါ
ကလေးတွေ ထူးချွန်သန်စွမ်းကျန်းမာပြီး သူတို့ဘဝခရီးအောင်မြင်ဖို့အတွက်
အာဟာရပြည့် အိုဗာတင်းကို ပေးလိုက်ရအောင်
လွန်ခဲ့သော
၂၅
နှစ်က
လွန်ခဲ့သော
၁၀
နှစ်က
ဒီနေ့
Energy
COMPLETE NUTRITION*
For Every Healthy Day
Protection
Strong
More Malt & Milk
Ovaltine
Malted Milk
အိုဗာတင်းယုံကြည်ထားတာက အောင်မြင်မှုရဲ့အခြေခံဟာ ကျန်းမာရေးကောင်းပါ။
အိုဗာတင်းတစ်ခွက်မှာ အာဟာရဓာတ်အများကြီးတဲ့ မုယောစပါးနှင့် နို့အပြင် အခြားဗီတာမင်နှင့်
သတ္တုဓာတ်တွေပါပါတယ်။ အိုဗာတင်းကို ပုံမှန်အစားအစာတွေနဲ့အတူ နေ့တိုင်းသောက်ခြင်းဖြင့်
အကောင်းဆုံးအာဟာရကို ရမှာဖြစ်ပါတယ်။ ဘဝခရီးအောင်မြင်ဖို့အတွက် ကျန်းမာခြင်းအစွမ်းပါ။

# ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့်နည်းလမ်းများ အသိပေးကြေညာခြင်း

၁။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ**

မည်သူမဆို အောက်ပါဆောင်ရွက်ချက်များလုပ်ဆောင်ပါက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) ပြည်တွင်း၌ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊
(ခ) ပြည်တွင်း၌ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊
(ဂ) ပြည်တွင်း၌ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊
(ဃ) ပြည်ပမှ ကုန်စည်တင်သွင်းခြင်း၊
(င) ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း။

၂။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်တာဝန်ရှိသူများ**

(က) ပြည်ပမှ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရပါမည်။

(ခ) ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့က ကုန်စည် ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူထံမှ ကျသင့်တန်ဖိုးနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၂ ရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်အား ကောက်ခံနိုင်မည်ဖြစ်ပါသည်။

၃။ **လုပ်ငန်းအလိုက် ခုနှိမ်ခွင့်ရှိသည့် ပေးဆောင်ပြီး ကုန်သွယ်လုပ်ငန်းခွန်များ**

(က) **ကုန်ထုတ်လုပ်သူသည်** မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
(၂) အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှ ကုန်စည်တင်သွင်းသူထံကဖြစ်စေ၊ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်။

(ခ) **ပြည်ပမှ ကုန်စည်တင်သွင်းသူနှင့် ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည်** မိမိရောင်းချသည့် ကုန်စည်အပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
(၂) ပြည်တွင်း၌ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
(၃) ကုန်သွယ်မှုလုပ်ငန်းအတွက်ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်။

၄။ **အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာသတ်မှတ်ပုံစံများ**

**ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ရရှိရန် အောက်ဖော်ပြပါ** သတ်မှတ်ပုံစံများအား သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် တင်ပြလျှောက်ထားရမည်။

(၁) ပြည်ပမှကုန်ပစ္စည်းတင်သွင်းရောင်းချခြင်းဖြစ်ပါက-
(ကက) သွင်းကုန်ကြေညာလွှာ(Import Declaration Form) (မူရင်း/မိတ္တူ)
(ခခ) ပတခ(ကသခ)-၃၂ ပုံစံ(မူရင်း/မိတ္တူ)
(ဂဂ) ပတခ(ကသခ)-၃၃ ပုံစံ(မူရင်း/မိတ္တူ)
(ဃဃ) ပတခ(ကသခ)-၂ ပုံစံ(မူရင်း/မိတ္တူ)

(၂) ပြည်တွင်းထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက-
(ကက) ပတခ(ကသခ)-၃၁ ပုံစံ (မူရင်း/မိတ္တူ)
(ခခ) ပတခ(ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)
(ဂဂ) ပတခ(ကသခ)-၂ ပုံစံ (မူရင်း/မိတ္တူ)

လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင်လည်း ပေးဆောင်ခဲ့ပြီးသော ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက** သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၃၀၀၀၉၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ဖုန်း-၀၂-၃၀၁၉၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နှိုးဆော်ခြင်း

၁။ ၂၀၁၆ခုနှစ် ဧပြီ (၁)ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်းကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသည့် ပြည်ထောင်စုအစိုးရ၏စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်) အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်း၊ ကြေညာလွှာ(သို့မဟုတ်)နှစ်ချုပ်ဝန်ဆောင်မှု ကြေညာလွှာကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့်ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး (သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေပေးပို့နိုင်ပါသည်။လူကိုယ်တိုင် ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်ဝန်ဆောင်မှုလုပ်ငန်းများမှအပ၊ သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ
(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ

၃။ တင်သွင်းရမည့်နောက်ဆုံးရက်။ ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (သောကြာနေ့)

၄။ ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။ လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ ကြေညာလွှာပုံစံရယူရန်။ ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ စုံစမ်းရန်။ မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့ မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင် မှုရုံး၊(Tax Srevice Unit) (ရန်ကုန်)၊ အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Service Unit) (မန္တလေး)၊ ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

---

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ် မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကော်မတီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** -၁-၆-၂၀၁၇ ရက်မှ ၁-၇-၂၀၁၇ ရက်အထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၄၈၆၉၉၂၆၆
(ခ) ၀၉-၄၉၂၉၄၅၀၂၊ ၀၉-၄၂၅၃၅၅၉၇၇

---

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ သူနာတင်ယာဉ်၊ မီးသတ်ရေယာဉ်၊ စက်လှေ၊ ရော်ဘာလေသွင်းလှေ၊ မီးသတ်ပစ္စည်းကိရိယာ၊ မြေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** -၁-၆-၂၀၁၇ ရက်မှ ၁-၇-၂၀၁၇ရက်အထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၄၈၆၉၉၂၆၆
(ခ) ၀၉-၄၉၂၉၄၅၀၂၊ ၀၉-၄၂၅၃၅၅၉၇၇

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No.06/DHPI/Material/2017-2018**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အထက်ရဲရွာ စီမံကိန်းအတွက် Water Glass နှင့် သူ့ဌေးစီမံကိန်းအတွက် H-Beam များအား D.D.P(at Site/Hlaw Gar) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၀-၆-၂၀၁၇ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Company Profile Rating နှင့် Technical Specification Rating တို့တွင် ရမှတ် ၆၀ ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးရရှိသော ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**

---

## ဖခင်အမည်မှန်

ကချင်ပြည်နယ် ရွှေကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝတီလင်းဦး၏ ဖခင်အမည်မှန်မှာ မွေးစာရင်းအရ ဦးစိုးလင်းဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အလက(၂)၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၅/ရဘန(နိုင်)၁၃၃၈၀၉ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့ အထက(၁) အဋ္ဌမတန်းမှ မအိပုံ့ဖြူ၏ ဖခင်ဦးမင်းနောင်နှင့် ဦးမင်းသက်နိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းသက်နိုင်(ခ)ဦးမင်းနောင်**
**၅/ရဘန(နိုင်)၂၄၃၁၁၁**

---

## အိတ်ဖွင့်တင်ဒါလေလံရောင်းချရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းနှင့် တိုင်းဒေသကြီး အထူး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ကျောက်မျိုးစုံအား (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ ရက် နံနက် ၉:၀၀ နာရီ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၁၇ ရက် ညနေ ၄:၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်** - ၃၀-၆-၂၀၁၇ ရက် နံနက် ၁၀:၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကသာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သိုလှောင်ရုံလုပ်ငန်း (၅)မျိုး တည်ဆောက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင် ရောင်းချမည့်ရက်** - ၅-၆-၂၀၁၇ မှ ၂၃-၆-၂၀၁၇ ရက်ထိ
(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃-၇-၂၀၁၇ ရက်
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၆-၇-၂၀၁၇ ရက်
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - အခြေခံပညာဦးစီးဌာန (ဘဏ္ဍာဌာန)ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ **ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ-**

(က) လှိုင်ကျောင်းသုံးစာအုပ်သိုလှောင်ရုံ၊ လှိုင်မြို့နယ်၊ သိုလှောင်ရုံပေ(၁၀၀×၃၀) RCC (၂)ထပ်၊ (၁)ဆောင်
(ခ) လှိုင်ကျောင်းသုံးစာအုပ်သိုလှောင်ရုံ၊ လှိုင်မြို့နယ်၊ ဝန်ထမ်းအိမ်ရာပေ(၆၀×၃၀) RCC (၂)ထပ် (Plinth Level 4 ပေအမြင့်) (၁)ဆောင်
(ဂ) အလုံသိုလှောင်ရုံ၊ အလုံမြို့နယ်၊ သိုလှောင်ရုံပေ(၆၀×၃၀) RCC (၂)ထပ် (၁)ဆောင်
(ဃ) ထောက်ကြန့် အုပ်ချုပ်မှုသင်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ စာသင်ဆောင် (၁၂၆×၃၀)ပေ RCC (၃)ထပ်၊ (၁)ဆောင်
(င) ထောက်ကြန့် အုပ်ချုပ်မှုသင်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ဝန်ထမ်းအိမ်ရာပေ(၆၀×၃၀) RCC (၂)ထပ်၊ (၁)ဆောင်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၅၄၉၊ ၀၆၇-၄၀၇၆၉၄၊ ၀၆၇-၄၀၇၆၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

---

## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့မှ တာဝန်ယူဆောင်ရွက်သော ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ဟားခါး- မတူပီလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ ထန်တလန်-နှာရိန်-ရေဇွာ-မတူပီ လမ်းများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့၁၂၊ ဂန့်ဂေါမြို့မှ တာဝန်ယူဆောင်ရွက်သော ဟားခါး-ဂန့်ဂေါလမ်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ရှယ်စုံ၊ ဂန့်ဂေါသဲ၊ ကလေးသဲ၊ ဘိလပ်မြေ(ထိုင်းဆင်)၊သံချောင်းရှယ်စုံ (နိုင်ငံခြားဖြစ်)၊ ကတ္တရာ(၈၀/၁၀၀) (အီရန်နိုင်ငံထုတ်)၊ ဒီဇယ်ဆီ(ပရီမီယံ)၊ ကျောက်ပွစသည့်ပစ္စည်းမျိုးစုံအား လမ်းအလိုက်၊ လုပ်ငန်းအလိုက်၊ Lot အလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**လျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၂၅-၅-၂၀၁၇ ရက် (ရုံးချိန်အတွင်း)
**လျှောက်လွှာပိတ်မည့်ရက်** - ၂၃-၆-၂၀၁၇ ရက်(၁၆:၀၀နာရီ)
**တင်ဒါဖွင့်မည့်ရက်** - ၂၇-၆-၂၀၁၇ ရက်
**တင်ဒါပေးသွင်းရမည့်နေရာ** - လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့

အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံများကို ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၂၄၅**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၂)၊ ဂန့်ဂေါမြို့၊ ဖုန်း-၀၉-၂၅၃၉၇၄၄၅၄**

---

## အမည်ပြောင်းနှင့် မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ ဂူယန် အမက (၃-ခတု) ဒုတိယတန်းအောင်မှ မောင်နူးဘောမ့်အား ယနေ့မှစ၍ မောင်တိန့်ဘောမ့်ဟု ပြောင်းလဲခေါ်ဆိုပြီး မိဘအမည်မှန်မှာ ဦးကျန်းတိန့် ၁/ဝမန(နိုင်)၀၄၆၁၆၃နှင့် ဒေါ်ယော်ဇေး ၁/မကန(နိုင်)၁၀၂၂၁၄ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမေဂ်နတ် ၁/ဝမန(နိုင်)၀၁၈၅၄၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၃၈၁၄၉**

---

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မြိတ်မြို့၊မြိတ်တက္ကသိုလ်မှ သတ္တဗေဒဘာသာရပ်ဖြင့် တက်ရောက်အောင်မြင်ခဲ့သော မမြတ်မြတ်ဦး၏ဖခင် ဦးအောင်ဇော်နိုင်နှင့် ဦးကျော်ဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ဇော်နိုင်(ခ)ဦးကျော်ဌေး ၆/မအရ(နိုင်)၀၁၃၆၁၉**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၆ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသောဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ် (လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ဖွဲ့စည်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်းအဖွဲ့တို့သည် ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၊ (၃) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်ထောက်ခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)ရှိ အခွန်ထမ်းများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက် စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့်အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာတွင်ပူးတွဲပါရှိသော ညွှန်ကြားချက်များကို သေချာစွာဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန်မလိုအပ်ပါ။

၃။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၄။ ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန် အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့်စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့်ပူးတွဲ တင်ပြရန်လိုအပ်ပါသည်။

၅။ ပေးပို့ရမည့် နောက်ဆုံးရက် ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (သောကြာနေ့)

၆။ ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက်ပြစ်ဒဏ်ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၇။ ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်
ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်းရယူနိုင်ပါသည်။

၈။ စုံစမ်းရန် မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(မန္တလေး)၊ ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို ဖွင့်လှစ် ပို့ချပေးသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တောင်သူများ/ပုဂ္ဂလိကလုပ်ငန်းရှင်များအား တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - | ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း၊ ထုံးဘို၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| **သင်တန်းဖွင့်လှစ်မည့်ရက်စွဲ** | - | ၂၈-၆-၂၀၁၇ရက်မှ ၃၀-၆-၂၀၁၇ရက်အထိ ၃ရက် သင်တန်း |
| **ဆက်သွယ်ရန်** | - | ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၀၆၉၂၊ ၀၉-၃၃၈၅၀၅၉၄၊ ၀၉-၉၆၅၂၄၅၀၉၆ |

## CLAIMS DAY NOTICE
## M.V GRAND DIAMOND VOY:NO(065)

Consignees of cargo carried by M.V GRAND DIAMOND VOY:NO(065) are here by notified that the vessel will arrive on about 6-6-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၁၅၂၁၀ Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးရှင် ၆/ပလန(နိုင်)၀၇၁၆၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရေးနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါပင်ရင်းမှနုတ်ယူပေးသွင်းငွေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇နှင့် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၇တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီးဖြစ်ပါသည်။

၄။ အဆိုပါအမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့် အခြေအနေများ၊ အကျိုးသက်ရောက်သည့်ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်း မပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ် ၁၅ သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ်ငါးသိန်းထက်မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းခြင်းမပြုရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ပုံမှန်သင်တန်းများအတွက်
### သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြု ပုံမှန်သင်တန်းများကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့် ဦးရေ |
|---|---|---|
| (က) | အထည်အလိပ်အတတ်ပညာ ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၅ ဦး |
| (ခ) | ရိုးရာလွန်းရာကျအချိတ်(၆)လသင်တန်း | ၅ ဦး |
| (ဂ) | လက်ရက်ကန်း(၆)လသင်တန်း | ၁၀ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-
(၁) အမှတ်စဉ်(က)သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက်(၂၅) နှစ်အထက်မကျော်လွန်သူဖြစ်ရမည်။
(၂) အမှတ်စဉ်(ခ)နှင့်(ဂ)သင်တန်းများအတွက် အခြေခံပညာမူလတန်း အောင်မြင်ပြီးသူဖြစ်ရမည်။

၃။ အောက်ပါလိပ်စာနှင့် Email တို့တွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊**
**အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဆက်သွယ်ရန်** ဖုန်း-၀၂-၄၀၇၀၄၂၈၊ ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၅၆၀၄၁၊ ၀၉-၄၄၄၀၀၆၁၇၂
**Email:mmsaunder@gmail.com**

၃။ သင်တန်းတိုင်းအတွက်အဆောင်အခမဲ့၊ ရေ၊ မီးအပြည့်အစုံ နေထိုင်ခွင့်ပြုပြီး ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ၃၀၀၀၀/- ချီးမြှင့်ပါမည်။

၄။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားပြီး သတ်မှတ်အရည်အချင်းရှိသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

**ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ယာဉ်အမျိုးမျိုးအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ပါသည်-

| စဉ် | Lot No. | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | Lot-1 | Toyota Hi Ace | (၁)စီး |
| (ခ) | Lot-2 | နယ်လှည့်တိရစ္ဆာန်ဆေးကုသယာဉ် (Hi Ace) | (၂)စီး |
| (ဂ) | Lot-3 | ဆိုင်ကယ် | (၃၀၁)စီး |
| (ဃ) | Lot-4 | စက်လှေ | (၅)စင်း |
| (င) | Lot-5 | ဘာဂျီယာဉ် | (၂)စီး |
| (စ) | Lot-6 | အမှိုက်သိမ်းယာဉ် | (၂)စီး |

၂။ ယာဉ်အမျိုးမျိုး၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၄-၇-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၂၉၊ ၄၀၉၂၁၅ တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) ကျောက်ဆည်မြို့မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လက်တွန်းထွန်စက်(PT-017)မှ ပစ္စည်းအစိတ်အပိုင်း | 2 Lot |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၆-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၆-၂၀၁၇ ရက်

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ကျောက်ဆည်

အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤစက်ရုံသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး ဖုန်း-၀၆၆-၅၀၄၈၃၊ ၀၆၆-၅၀၄၈၄၊ ၀၉-၄၀၀၄၅၉၅၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ**

**ဖခင်အမည်မှန်**

နေပြည်တော်မြို့နယ်၊ အထက စံကင်း၊ အဋ္ဌမတန်းမှ မောင်ပိုင်စိုးထက်၏ ဖခင်အမည်မှန်မှာ ဦးလှစိုး ၁၄/ဓနဖ(နိုင်)၁၃၁၃၃၅ ဖြစ်ပါသည်။ **ဦးလှစိုး ၁၄/ဓနဖ(နိုင်)၁၃၁၃၃၅**

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း(B)မှ မမြလွင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၈/တတက(နိုင်)၁၆၇၆၆၁ ဖြစ်ပါကြောင်း။ **ဦးဇော်ဝမ်း**

### အမည်ပြောင်း

ဦးသက်နိုင် ၇/အဖန(နိုင်)၀၆၇၈၉၅ ၏သား အုတ်ဖိုမြို့နယ် အမက (လွန်) အိုင်ကြီးဒေါင့်၊ တတိယတန်းမှ မောင်ဖုန်းဆက်နိုင်အား မောင်ဘုန်းဆက်လျှံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းဆက်လျှံ**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(A)မှ မဆွေဆွေလွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၈/တတက(နိုင်)၀၄၁၀၅၉ ဖြစ်ပါကြောင်း။ **ဦးမြင့်သိန်း**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(H)မှ မောင်အောင်ဖြိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၈/တတက(နိုင်)၁၃၂၅၈၁ ဖြစ်ပါကြောင်း။ **ဦးမြင့်အောင်**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၁) ပဥ္စမတန်းမှ မောင်ခန့်မင်းသွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၈/တတက(နိုင်)၁၅၇၄၂၈ ဖြစ်ပါကြောင်း။ **ဦးသန်းအောင်**

The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊ အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

Back @ MCC
FOOD & HOTEL 2017 Myanmar
7- 9 JUNE 2017
Myanmar Convention Centre (MCC)
Yangon (10.00 -18.00 Hrs.)
Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA




Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519
Supported by: · Endorsed by: · Organised by: UBM

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8738 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/5799 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(I)ခန်းမှ မဝါဝါဆွေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၅/ယမပ(နိုင်)၀၅၇၅၆၆ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆန်း**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက်တန်းကျောင်း နဝမတန်းမှ မသဲနှင်းဆွေး၏ ဖခင်အမည်မှန်မှာ ဦးပေါက်စ ၅/ယမပ(နိုင်)၀၄၇၄၀၉ ဖြစ်ပါကြောင်း။

**ဦးပေါက်စ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၁၀၅၁၀ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၉/ပမန(နိုင်)၀၅၅၃၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ ဇွဲသန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝင့်ရည်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကြိုင် ၅/ခဥန(နိုင်)၀၀၀၀၄၂ ဖြစ်ပါသည်။

**ဦးကြိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအောင်ကျော်မိုး(ခ)ဦးကျော်မိုး ၁၂/ကခန(နိုင်)၀၆၀၁၉၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မိုး(ခ)ဦးကျော်မိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၃၁၇၄၁ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာစိုး ၁၃/မမတ(နိုင်)၀၀၀၁၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၂၄၉၃ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၁၀/မဒန(နိုင်)၁၀၁၉၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၃၉၅၆ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးချစ် ၁၀/မဒန(နိုင်)၀၃၀၆၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6555 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ယင်းမာပင်ခရိုင် ကနီမြို့နယ်၊ ယာကြီးကျေးရွာအုပ်စု၊ ရွာမကျေးရွာမှ ဦးဇော်မင်းထွန်း (ခ) ဦးမင်းမင်း ၅/ကနန(နိုင်)၀၄၁၉၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း (ခ) ဦးမင်းမင်း**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့ အထက သတ္တမတန်းမှ မခိုင်ခိုင်မာ၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ၅/ကနန(နိုင်)၀၆၃၇၅၅ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးဝင်း**

## မိဘအမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့ အထက နဝမတန်းမှ မငွေဇင်သန့်၏မိဘအမည်မှန်မှာ ဦးအောင်စိုး ၅/ကနန(နိုင်)၀၆၇၆၇၃၊ ဒေါ်အေးမြင့်သူ ၅/ကနန(နိုင်)၀၆၇၆၈၀ တို့ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)အထက်တန်းကျောင်းရှိ အဋ္ဌမတန်းမှ မောင်ဘုန်းပြည့်သန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ဖြစ်ပါသည်။

**ဦးကျော်ရွှေ**

## အမည်မှန်

အထက(၃)တာမွေ၊ နဝမတန်းမှ မရွှန်းဝတီ၏ဖခင်အမည်မှန်မှာ ဦးဖြိုးဇေအောင် ၁၂/အစန(နိုင်)၁၈၅၄၂၃ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ ပဲခူးယ်ကုန်းမြို့၊ သံမဏိ(၁)လမ်းနေ ဦးမြင့်အောင်(ခ)ဦးမျိုးမြင့်အောင် ၇/ကတခ(နိုင်)၀၄၁၅၈၅ (ဘ)ဦးကျော်စိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**Myo Naing Nine International Trading Co.,Ltd**

ISO 9001:2015 Quality Management System
International Accreditation Service- IAS (US)

ROHS · IAS ACCREDITED

Certificate NO 17 IQA N03

ဖြင့်ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းကိုဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ယခုထက်ပို၍အစစအရာရာ အောင်မြင်တိုးတက်စေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

PRO 1 Home Center
SCG Trading Co.,Ltd
Tunn Araree Co.,Ltd
ARR THIT MAN Co.,Ltd
SK Networks Co.,Ltd
Samsung C&T Corporation
Mother Power International Trading Pte.,Ltd
Mottama Trading Ltd
Zing Co.,Ltd
Naing Family Construction Materials Co.,Ltd
CMC S.E Asia Pte.Ltd
Golden Tradelink Pte.,Ltd
TA TA International Metals (Asia) Limited
Singapore (Cogeneration) Steel Pte.,Ltd
Yoon Iron & Steel Co.,Ltd
Daewoo International Corporation Pte.,Ltd
Xenon Company Limited
Uniexcel Taiwan Co.,Ltd
Swiss Singapore Overseas Enterprises Pte.,Ltd

# ကြွက်ဝမ်းဖြူကောင်ရေတစ်သောင်းခန့် ကျေးရွာအတွင်းဝင်ရောက် သီးပင်စားပင်များနှင့်သစ်ပင်များ ကိုက်ဖြတ်ဖျက်ဆီး



သတင်း - ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

**ဟိုင်းကြီးကျွန်း ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ဇီးချိုင်ကျေးရွာ၌ ဇွန် ၂ ရက်မှ ၄ ရက်အတွင်း ကြွက်ဝမ်းဖြူကောင်ရေ တစ်သောင်းခန့် ဝင်ရောက်လာပြီး သီးပင်စားပင်များနှင့် သစ်ပင်များကို ကိုက်ဖြတ်ဖျက်ဆီးနေကြောင်း သိရသည်။

ဇွန် ၂ ရက်တွင် ကြွက်များကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကောင်ရေအနည်းငယ်သာရှိသောကြောင့် ဒေသခံများက သတိမထားမိခဲ့ကြောင်း၊ ဇွန် ၃ ရက် နံနက်ပိုင်းမှစတင်၍ ကျေးရွာ၏ ပင်လယ်ကမ်းခြေနှင့်နီးသောငွေတောင်ရပ်ကွက်လူနေအိမ်များ၊ ခြံအတွင်းသစ်ပင်များတွင် ကြွက်များအစုလိုက် အပြုံလိုက်သွားလာလှုပ်ရှားနေမှုများကို တွေ့ရှိရာက ဒေသခံများသတိပြုမိလာကြောင်း၊ ညနေပိုင်းမှစ၍ ရွာ၏နေရာအနှံ့အပြားတွင် ကြွက်များရောက်ရှိလာပြီး သီးပင်စားပင်များကို ကိုက်ဖြတ်စားသောက်မှုများရှိလာသောကြောင့် ဒေသခံများက ဝိုင်းဝန်း၍လေးခွများ၊တုတ်များဖြင့် ပစ်ခတ်ရာ ဇွန် ၄ ရက် နံနက်ပိုင်းအထိ ကြွက်ကောင်ရေ တစ်ထောင်ခန့် သေဆုံးခဲ့ကြောင်း၊ ကျေးရွာ

*စာမျက်နှာ ၅ ကော်လံ ၁* ✻


**သည်းထန်မိုးကြောင့် သစ်ပင်လဲ၊ အုတ်တံတိုင်းပြို ကားပါကင်အတွင်းရေများဝင်** စာ - ၉

**အင်းတော်မြို့နယ်အတွင်းမှ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ** စာ - ၁၃

**ရီးရဲတို့ ဂျူဗင်တပ်စ်ကို အနိုင်ယူပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားဆွတ်ခူး** စာ - ၁၄


## မိုးရွာသွန်းမှု အခြေအနေ

**နေပြည်တော် ဇွန် ၄**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ နေပြည်တော်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

(မိုး/ဇလ)

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲများကစားရန် စင်ကာပူသို့ ထွက်ခွာ

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဇွန် ၄**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲမတိုင်မီ စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ မြန်မာအသင်းသည် မကာအို အသင်းနှင့် အာရှဖလားခြေစစ်ပွဲမတိုင်မီ စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ပိုပေါ့စကီး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် **ဂိုး-** သီဟစည်သူ၊ ကျော်ဇင်ထက်၊ ပြည့်ဖြိုးအောင်၊ **နောက်တန်း** ဒေးဗစ်ဒန်း၊ ကျော်ဇင်လွင်၊ ဇော်မင်းထွန်း၊ ထိုက်ထိုက်အောင်၊ ဝင်းမင်းထွဋ်၊ သောင်လျှပ်ထန်၊ သိန်းသန်းဝင်း၊ နန္ဒကျော်၊ **အလယ်တန်း** ရန်အောင်ကျော်၊ မျိုးကိုထွန်း၊ တင်ဝင်းအောင်၊ မင်းမင်းသူ၊ စည်သူအောင်၊ ဆောင်လမန်၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်၊ **ရှေ့တန်း** ကျော်ကိုကို၊ အောင်သူနှင့် သန်းပိုင်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူနိုင်ငံ၌ ဇွန် ၄ ရက်မှ ၁၀ ရက် အထိ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး ဇွန် ၄ ရက်တွင် စင်ကာပူလက်ရွေးစင် အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူကလပ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စင်ကာပူလက်ရွေးစင်အသင်း နှင့် ခြေစမ်းပွဲကို စင်ကာပူနည်းပြချုပ်၏ တောင်းဆိုမှုကြောင့် ကွင်းပိတ်ကစားမည်ဖြစ်ပြီး နီဂါတာနှင့်ပွဲကိုမူ စင်ကာပူရောက် မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲဒုတိယပွဲအဖြစ် ဇွန် ၁၃ ရက်တွင် မကာအိုအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲ ပထမပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ထားသောကြောင့် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိပြီး မကာအိုနှင့်ပွဲတွင် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည်။



မြန်မာ့လက်ရွေးစင်အသင်း ခြေစစ်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်


